
www.burmeseclassic.com
စိုးမိုးစာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြူလဲ့သွယ်
ကြွင်ယာဇော်
www.burmeseclassic.com

www.burmeseclassic.com

# မြူလဲသွယ်

ကြင်ယာတော်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဝုန်း"

"ဒုန်း"

"ဟေ့လူ…မောင်း…မောင်း…မောင်းတော့"

"ဟ…ဘာလဲ၊ ဘယ်ကိုမောင်းရမှာလဲ"

"ဘယ်ဖြစ်ဖြစ် မောင်းရှင်၊ ဒီနေရာနဲ့ဝေးရင် ပြီးရော"

"ဒါဆိုပြီးရော"

ကားက ရယ်မည်ပြင်တုန်းရှိသေး ခရီးသည်ရတာတော့ ဝမ်းသာစရာပါ။ ဒါပေမဲ့ ခရီးသည်က သည်းထိတ်ရင်ဖို ဘုရင့် ကားတံခါးကို ဝုန်းဒိုင်းဆွဲဖွင့်၊ ကားထဲဝင်ထိုင်ပြီး အမိန့်ပါပေးပုံက လျှပ်စီးလက်သလို။ ဖျတ်ခနဲ တဒင်္ဂအတွင်း ခရီးသည်မမ၏ အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကားကို နေ့ရောက ဝေါခနဲ မောင်းထွက်ခဲ့ရသည်။ ဘုရင် ကားနောက်ခန်းမှ ခရီးသည်ကို နောက်ကြည့်မှန်မှ ကြည့်ပေမယ့် မမြင်ရ။ မီးဖွင့်ရန်လက်ကို အလှမ်း…

"ကျစ်…မီးမဖွင့်နဲ့နော်၊ ကားကို ဒီထက်မြန်လို့မရဘူး လားရှင့်၊ ဟော…နောက်ကလိုက်လာပြီ"

"မောင်း…မောင်း၊ အမြန်သာ မောင်းစမ်းပါရှင်"

ပြောသူက အသည်းအသန်။ ဘုရင့်ကားနောက်ကို လိုက် လာသည့် ကားတစ်စီးကို ကားနောက်ကြည့်မှန်ထဲက မြင်လိုက်ရ တာမို့ ကျင့်သားရနေသော ဘုရင့်လက်က ဂီယာထိုးပြီး လီဗာကို ဖိနင်းသည်။ ဘုရင့်ရဲ့ကားက စုပါရှလ်(ဖ်)တက္ကစီဖြူလေး။ သိမ်ကြီး ဈေးရှေ့မှ ဝေါခနဲ ဦးမော့ပြီး ထွက်သွားတော့ နောက်ကလိုက်လာ သည့် ကားကလည်း အရှိန်ပိုမြှင့်ပြီး မောင်းလိုက်လာ၏။ အချိန်က ညအချိန်ဆယ်နာရီကျော်မို့ ကားလမ်းကြောက ရှင်း၏။ ဘုရင်က ကျွမ်းကျင်ပြီးသား လမ်းကြောတွေအတိုင်း သူ့ကားလေးကို ဘယ်ညာကွေ့ကောက် ဖြတ်တက်ရင်း ဟိုဒီကွေ့ချိုးနှင့် နောက်ကား ကို မျက်ခြည်ပြတ်၏။ ဘုရင့် ကားနောက်လိုက်လာသည့် နောက်ကကား ဘယ်ဆီကျန်ခဲ့မှန်းမသိတော့မှ သူ့ကားက နောက်ခန်း က ခရီးသည်ဆီ အာရုံစိုက်မိသည်။

စိုးစိုး ၈၁၀ပ



"ဘယ်သွားမှာလဲ"

"ရောက်ရင်ပြောမယ်"

စကားပြောသံက ခပ်ရှင့်ရှင့်။ ဟိုလူတွေလက်က အသည်း အသန် အလွတ်ရုန်းပြေးလာခဲ့တာကိုမှ မထောက်။ ခပ်မာမာ ပြန်ဖြေ သံကြောင့် ဘုရင့်ဒေါသက ထောင်းခနဲဖြစ်သွား၏။ ကိုယ့်မှာ ဘုမသိ ဘမသိနဲ့ သူကမောင်းဆိုလို့ မောင်းခဲ့ရပြီးပြီ။ ပို့ရမဲ့လိပ်စာ မေးတော့ ဖြေပုံက ပြေပြစ်မှုမရှိ။

ဒီတစ်ကြိမ်တော့ ဘယ်သူတားတား မရတော့ဘူးဆိုသည့် စိတ်နှင့် ဘုရင်က သူ့ကားကို လမ်းဘေးဆွဲကွေ့ပြီး ထိုးရပ်ပစ် သလို တစ်ဆက်တည်း ကားထဲကမီးကိုပါ ဖွင့်ချလိုက်၏။ ကား အတွင်း မီးပွင့်တော့ ဖွေးခနဲ ထိန်သွားသည်။ မီးရောင်အောက်မှာ သူ့ခရီးသည်ကို ဘုရင် ထင်ရှားစွာ တွေ့ရ၏။

"ရှင်…ဒါဘာလုပ်တာလဲ၊ မောင်းစရာရှိတာ မောင်းလေ၊ နောက်ကလူတွေ မီလာတော့မယ်"

"မီမီပေါ့၊ မင်းက ဘာတွေရှုပ်ပြီး ငါ့ကားပေါ် ပြေးတက် လာသလဲမှ မသိတာ"

"ဘာမှမရှုပ်ဘူး၊ ဒီမယ် ရှင်က ဒရိုင်ဘာ၊ ကားမောင်းဖို့ က ရှင့်တာဝန်၊ မောင်းစရာရှိတာမောင်း၊ ရှင့်အတွက် ကျွန်မ

စိုးစိုး ၈၁၀ပ

www.burmeseclassic.com

www.burmeseclassic.com



တန်ရာတန်ကြေးထက် ပိုပေးမယ် စိတ်ချ”

စေတနာကို နားမလည်။ ငွေတစ်ခုအတွက် အလုပ်လုပ်နေသည့် လူတစ်ယောက်လို့ ငွေနှင့် ဘုရင့်စေတနာကို စော်ကားခံလိုက်ရ၍ ဘုရင့်ဒေါသက အတားအဆီးမဲ့ ငယ်ထိပ်တက်ဆောင့်သည်။ ပြောပုံကိုက ကူညီချင်တဲ့ စေတနာတွေ လျှော့ကျသွားစေသလို မျက်နှာအမူအရာ ကြည့်မိပြန်တော့ အထက်စီးနဲ့ မတူမတန်သလို။ ရင်ပြတ်အနက်ရောင်အင်္ကျီက ရင်စပ်ဆီမှ ခါးနားအထိ ဘော်ကြယ်တွေ၊ စီးကွင့်(စ်)တွေကြောင့် ပြိုးပြိုးပြောင်ပြောင်။ ရိုက်ဒါဒီဇိုင်း ဂျင်းပင်(န်)ကို ခါးပတ်အကြီးကြီးနှင့်တွဲဝတ်ကာ ဆံပင်ကကျောလယ်ထိအရှည်။ ရွှေရောင်ကာလာကို အခွေအလိပ်တွေနှင့်။ မျက်လုံးတစ်ဝိုက် မျက်တောင်တွေရော မျက်ခွံတွေပါ ထူထဲမည်းနက်နေပြီး နှုတ်ခမ်းကျတော့ ပန်းရောင်ဖျော့ဖျော့။ ဘုရင်က ထိုကောင်မလေးအား ရှုံ့ချသောအကြည့်နှင့် တစ်ကိုယ်လုံး ဝေ့ဝိုက်ကြည့်ပြီးမှ ဟွန့်ခနဲ နှာခေါင်းရှုံ့ကာ မျက်နှာလွှဲသည်။

“ဘာလဲ…မင်းက ငွေစကားပြောပြီး တစ်ဖက်လူရဲ့ စေတနာကို စော်ကားတာလား”

“မင်းကိုယ်မင်း တစ်ချက်ပြန်ကြည့်လိုက်ဦး အမိ”

“မင်း ဝတ်ပုံစားပုံနဲ့ အဖော်မပါ ညကြီးမင်းကြီးထဲ





တက္ကစီပေါ် ကမ္ဘူးရှုးထိုးတက်လာရုံမကဘူး နောက်ကပါ ဖယား'လိုက်ရှုပ်သေးတာ”

“ဒါတွေက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ၊ ရှင်ကူညီတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ကားကိုသာ ဆက်မောင်းပါ”

ပါးစပ်က ကျေးဇူးတင်ပါတယ်ပြောပေမယ့် မျက်နှာအမူအရာက မခိုးမခန့်။

“မမောင်းဘူး၊ ဒီနေရာမှာပဲ မင်းဆင်းတော့”

“မဆင်းနိုင်ဘူး”

လက်ပိုက်ပြီး ပြန်ပြောပုံက မခိုးမခန့်။ ဘုရင် နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး စိတ်အလိုမကျစွာ ကျစ်ခနဲ စုပ်သပ်ပြီးမှ အတတ်နိုင်ဆုံး ဒေါသကို ဝိတ်လျှော့သည်။

ပြောမယ့်သာ ပြောရသည် လမ်းပေါ်မှာ ကားက အသွားအလာမရှိ။

“လိပ်စာကိုပြော”

“ရှေ့လမ်းချိုးထဲ ကွေ့လိုက်၊ ဘယ်ဘက်က ဒုတိယမြောက်ခြံ”

ဘုရင် စိတ်ပျက်လက်ပျက်နှင့် ကားစက်နှိုးသည်။ ဝေးလွန်းတာဆို မပို့ဘူးလို့ ဆုံးဖြတ်ထားပေမယ့် ညာတာစိတ်က



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သကို အောင်မြင်စွာ ချုပ်ကိုင်သွားသည်။ ညအချိန်မတော်မှာ နောက်ထပ် တက္ကစီတစ်စီး ဒီနားရောက်ဖို့ဆိုတာ မလွယ်။ တက္ကစီမရလို့ လမ်းလျှောက်သွားတော့လည်း ခရီးက ဒီလောက်မနီး။ ပြီးတော့ နောက်ကလိုက်လာသည့် ကားပေါ်က လူတွေရဲ့ အန္တရာယ်က ရှိသေးသည်။ ဘုရင့် ကားကို လမ်းပေါ် ပြန်ဦးလှည့်ပြီး အတက်မှာ စူးရှသော မီးရောင်တန်းတွေနှင့်အတူ…

"ဟိတ်…ဟိုမှာ…ဟိုမှာ"

"မိပြီကွ…မိပြီ"

"ဟေ့…မပြေးနဲ့၊ ရပ်လိုက်"

"ကျွီ"

အော်သံဟစ်သံနှင့် ကားဘရိတ်အုပ်ပြီး ပိတ်ရပ်ပစ်တာက ဘုရင့်ရဲ့ ကားရှေ့တည့်တည့်မှာ။ တကယ့်ကို ဝရုန်းသုန်းကား။

"ဟား…ကျွိုင်ပဲ၊ အဲဒါကြောင့်ပြောတာ၊ မောင်းပါဆိုတာကို"

နောက်ကမချောက မကျေမနပ်နှင့် သူ့ကားထိုင်ခုံကို လှမ်းထုပြီး ပြောရင်း

"လာ…ရှင်ပါဆင်း၊ ရှင့်ကြောင့် ပြဿနာဖြစ်မှာ၊ ရှင်ရှင်း"





"ဟာ…ငါနဲ့ဘာဆိုင်"

ဘုရင့်ရဲ့ စကားမဆုံးလိုက်။ သူမက အရင်ဆင်းပြီး ဘုရင့်ရဲ့တံခါးကိုပါ ဖွင့်ကာ လက်ကိုဆွဲပြီး ခေါ်သည်။ ထို့နောက် ဘာမဆိုင် ညာမဆိုင် ဘုရင့်ရဲ့လက်မောင်းကို ချိတ်ထားချိန်၌ ကားပေါ်က အုပ်စုက သူတို့နား ရောက်လာပြီဖြစ်၏။

"ဟာ…ဟ၊ ဒါက ဘာဒီဇိုင်းလဲ ကြင်ယာတော်"

"အေးလေ…ပိုင်ပြိုင်သောက်တာ မသောက်နိုင်ရင် ရှုံးတယ် ဝန်ခံပေါ့၊ အခုတော့ ထွက်ပြေးတာ ရုပ်ပျက်ဆင်းပျက်"

"ဟုတ်တယ်ဟေ့၊ ကြင်ယာတော် ဝန်ခံလိုက်"

ဘုရင့်ဘေးနား ပတ်ပတ်ဝိုင်းလာတဲ့ ကောင်လေး၊ ကောင်မလေးတွေကြောင့်ရော အတင်းကြီး သူ့လက်မောင်းကို တွယ်ချိတ်ထားတဲ့ ဘေးနားက ကြင်ယာတော်ဆိုသည့် ကောင်မလေးကြောင့် အကျပ်အတည်းဆိုက်ကာ ဇောချွေးများပင် ပျံလာ၏။ ဘုရင့်ဘေးက ကြင်ယာတော် အမည်ခံ ကောင်မလေးကတော့ လူဘယ်လောက်ဝိုင်းဝိုင်း ထီမထင်ဟန်အပြည့်နှင့်…

"ဘာမှ ဝန်ခံစရာမလိုဘူး၊ ဒီမှာ မောင် လာကြိုမဲ့အချိန် ရောက်လို့ ပြေးထွက်လာတာ၊ နော်…မောင်…နော်၊ ပြောပြလိုက်လေ မောင်က ကြင်ယာကို ဆယ်နာရီတိတိမှာ လာကြိုမှာလို့



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားတာနော်''

ကြင်ယာတော်က ပြောလည်းပြော ဘုရင့်လက်မောင်းမှာ ပါးအပ်ရင်း ချိတ်ထားသောလက်က သူ့လက်မောင်းကို ဆွဲလည်း ဆိတ်သေးသည်။ အားလုံးရဲ့အာရုံက ဘုရင်ထံမှာပဲ ရောက်နေတာမို့ ဘုရင် ဒီတိုင်းကြီး ငြိမ်နေလို့မဖြစ်တော့။

''အင်း…အင်း ဟုတ်တယ်''

ရယ်သံလား။ ညည်းသံလား မသဲကွဲသော ဘုရင့်အသံက ဟိုမရောက် ဒီမရောက်။ အလိုက်အထိုက် ဝန်ခံလိုက်ရပေမယ့် ဘေးကလူတွေက သူတို့နှစ်ယောက်ကို မယုံသင်္ကာနှင့် ဝိုင်းကြည့်ရင်း…

''ဒါ…နင့်ရဲ့မောင် ဟုတ်လား''

''ဟုတ်တယ်''

''ကြင်ယာတော်ရဲ့ ချစ်သူပေါ့''

''မှန်တယ်''

''မိဘချင်း သဘောတူထားတယ်ဆိုတာလား''

''အစစ်ပဲ''

တစ်ဖက်က တစ်ယောက်တစ်ပေါက် မေးသမျှ ကြင်ယာတော်က ဟန်မပျက် ဖြေရင်းက…





''ကဲ…နောက်မှတွေ့ကြမယ် ဘော်ဒါတို့၊ အခုချိန်ဆို ကြင်ယာတော်အိမ်မှာ အန်တီ လည်ပင်းရှည်နေလောက်ပြီ၊ မောင်ကလည်း နင်တို့နဲ့ ဒီဇိုင်းမတူတော့ အနေကျပ်နေပြီ၊ သွားတော့မယ် ဥတ်နိုက်၊ ကဲ…မောင် သွားစို့''

ကြင်ယာတော်ကပင် ဦးဆောင်ကာ ဘုရင့်ကို ကားမောင်းသူဘက်ထဲ ထည့်သည်။ ပြီးမှ ကားခေါင်းကိုပတ်ကာ မောင်းသူဘေးထိုင်ခုံမှာ အိခနဲ ဝင်ထိုင်သည်။ ကြင်ယာတော်တို့ ကားမောင်းထွက်လာသည်အထိ အာကာတို့အဖွဲ့ ဂျစ်ကားနားမှာ မှင်သက်မိရင်း ကျန်ရစ်ခဲ့၏။ ဒါကိုပဲ ကြင်ယာတော်က နောက်ကြည့်မှန်ကတစ်ဆင့် လှမ်းမြင်နေရတဲ့ လူစုကို ငေးရင်း အားရကျေနပ်စွာ တခစ်ခစ် အသံလေးထွက်ပြီး ရယ်လိုက်သည်။ ပြီးမှ ဘေးတွင်ရှိသော သူ့အား သတိရသွားကာ…

''သင့်(ခ်)ယူ''

''ဘာအတွက်လဲ''

ဘုရင်က ရှေ့သို့ကြည့်ရင်း မေးပုံက မှန်တေတေ။ ဘာမသိ ညာမသိ သူ့ကို အသုံးချခံရသောစိတ်ကြောင့် ရင်ခံနေသည်။ အစဖော်ပြီးလည်း မဖြေရှင်းချင်တော့။ ကိုယ်ရှင်းလည်း ဒင်းက ရှုပ်ထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



“ခြဘ်…ဘာအတွက်ရမှာလဲ၊ အခုလို ကူညီတဲ့အတွက် ပေါ့”

“မင်းပြောတာ ဒီလမ်းမဟုတ်လား”

ကြင်ယာတော် ကျေးဇူးတင်တာကို အသိအမှတ်မပြုဟန်နှင့် ဘုရင်က မေးသည်။ ကြင်ယာတော်ကလည်း ဂရုမစိုက်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ လမ်းထဲ ဘုရင်က သူ့ကားကို ချိုးကွေ့သည်။ အိမ်ကြီးအိမ်ကောင်းများစွာရှိသည့် ထည်ဝါသော ခြံကျယ်ကြီးတွေထဲမှ ဒုတိယမြောက် ခြံရှေ့၌ သူက ကားရပ်လိုက်တော့ ကြင်ယာတော်က တံခါးဖွင့်ဆင်းရင်း ဘောင်းဘီအိတ်ထဲ၌ ဖြစ်သလို စုလုံးထည့်ထားသည့် ပိုက်ဆံတွေကို ဆွဲထုတ်ရင်း ထိုထဲမှ ငါးဆောင်တန်နှစ်ရွက် ရွေးထုတ်ကာ ဘုရင့်ကို ကမ်းပေးသည်။

“ရော့”

ဘုရင်က ငါးထောင်တန်တစ်ရွက်ကိုပဲ လှမ်းယူပြီး…

“ထောင့်ငါးရာ ပြန်အမ်းမယ်၊ သုံးထောင့်ငါးရာပဲ ကျတာ”

ဘုရင်က ခေါက်ပိုက်ဆံအိတ်လေးထဲမှ ငွေထောင့်ငါးရာကို ရှာတုန်း ကြင်ယာတော်က သူ့ကားပြတင်းပေါက်မှာ လက်ထောက်ရင်း…





“အမ်းမနေပါနဲ့တော့၊ ရည်းစားအဖြစ် ဟန်ဆောင်ခ ယူလိုက်”

အချိုးမပြေသော မျက်နှာ။ မခိုးမခန့် စကားအသုံးအနှုန်းကြောင့် ဘုရင့်ရင်ထဲ ဘင်းခနဲဖြစ်သွားသည်။ နှမသားချင်းစာနာပြီး မိန်းကလေးတစ်ယောက်ရဲ့ အခက်အခဲကို ကူညီခဲ့တာကို တန်ဖိုးအဖြတ်ခံရသော ငွေက ထောင့်ငါးရာ။ ဘုရင် အိတ်ထဲက ပိုက်ဆံကို ထုတ်ယူပြီး ကြင်ယာတော်ဆိုသည့် မိန်းကလေး၏ မျက်နှာလှလှလေးကို စိုက်ကြည့်လိုက်သည်။

“ဒီမှာ မင်းသိပ်ချမ်းသာနေရင် မရှိဆင်းရဲသားသွားလှူ ကုသိုလ်ရတယ်၊ ငါကတော့ ရသင့်ရထိုက်တာထက် ဘယ်တော့မှ ပိုမယူဘူး၊ အထူးသဖြင့် မင်းလိုမိန်းကလေးဆီက ငွေမျိုးဆို ပိုတောင် ဝေးသေး၊ ဟွန်း ရိုးသားမှုပါမှန်းမသိ၊ မပါမှန်းမသိ”

“အောင်မာ”

“ရော့…ဒီမှာ မင်းပိုက်ဆံ”

ငွေစက္ကူကို လုံးခြေပြီး လှမ်းပစ်ပေါက်လိုက်တာမို့ ကြင်ယာတော်ရင်ဘတ်ဆီ လာမှန်သည်။ အလန့်တကြား လှမ်းဖမ်းတော့ ကြင်ယာတော်လက်ထဲမှာ အသစ်ကျပ်ချွတ် တစ်ထောင့်ငါးရာက အလုံးလိုက်ကလေး။ တက္ကစီအဖြူလေးကတော့ ကြင်ယာ



www.burmeseclassic.com

www.burmeseclassic.com



တော် ရန်တွေ့သံကို မစောင့်ဘဲ သူမနားက ခုန်ပေါက်ထွက်သွားသည်။ ကြင်ယာတော်မှာသာ လက်ထဲရှိ ထောင့်ဖါးရာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက်…

ကျိတ်မနိုင် ခဲမရ ဒေါသတထွေးကြီးနှင့် ကျန်ရစ်ရတဲ့အဖြစ်။

◆ ◆ ◆



## အခန်း (၂)

"စံပယ်"

"ဟင်"

ကြင်ယာတော်က ပခုံးတို့ပြီး ခေါ်လိုက်၍ စံပယ်က နောက်ကို လှည့်ပြန်လှည့်ကြည့်သည်။ ကြင်ယာတော်က ချင်း(န်) ဂန်းကို ပူဖောင်းအကြီးကြီးဖြစ်အောင် မှုတ်ပြီးမှ နှုတ်ခမ်းနှစ်လွှာနှင့် သေသပ်စွာ ပြန်သိမ်းရင်း…

"စံပယ်ရှေ့က ပုဂ္ဂိုလ် စံပယ်ကို ဘာတွေပွားနေတာလဲ"

"ကျောင်းအပ်တာ နောက်ကျလို့ နောက်ကျကြေးကောက်တာ၊ အဲဒါကို မပေးဘူးတဲ့"

"နောက်ကျကြေးက"



www.burmeseclassic.com

www.burmeseclassic.com



စံပယ်က လက်ငါးချောင်း ထောင်ပြသည်။

"ငါးရာကိုဟယ်၊ များလေစွဆိုပြီး ရင်ထုငိုချင်းချမလို့နဲ့ တူတယ်"

ကြင်ယာတော်နောက်က သီရိက ဝေဖန်သည်။

"ငိုချင်းချရင် တော်သေးတယ်၊ မပေးဘူး ဖွတ်ငြင်းနေတာ လက်ခံတဲ့ စာရေးမကလည်း အိတ်စိုက်ဖြစ်မှာစိုးလို့ မရဲမက တောင်းနေတာ"

"အေး...သူတို့မကျေလည်တာ ကြင်ယာတော်တို့ကို ထိတယ်ဟော့၊ ဒီမှာ ရုပ်ရှင်က အချိန်နီးနေပြီ၊ စံပယ်...ဖယ်"

"ရှင်က ဘာရှုပ်ဦးမလို့လဲ ကြင်ယာရယ်"

အကြောင်းသိချင်းမို့ စံပယ်က အလန့်တကြား မေးသည်။ ကြင်ယာတော်က ပြဿနာရှာရာ၌ မီးခွက်တောင် ထွန်းစရာမလို အောင် ကျွမ်းကျင်သူ။ သူငယ်ချင်းမရဲ့ စွမ်းရည်ကို စံပယ်က သိပြီးသား။ ကြင်ယာတော်ကတော့ စံပယ်အမေးကို ပြန်မဖြေ။ လုပ်ချင်တာရှိတိုင်း ထင်တိုင်းကြဲရမှ ကျေနပ်သော ကြင်ယာတော်က စံပယ့်နေရာကို အတင်းဝင်ရပ်ကာ...

"ဝင်ရှုပ်မှာမဟုတ်ဘူး ရှင်းပေးမလို့"

ရယ်ဟဟနဲ့ ပြောသည်။ ပြီးမှ ငွေငါးရာနှင့် အတင်း





အကျုပ် ငြင်းနေသော ကြင်ယာတော်ရှေ့က ပုဂ္ဂိုလ်ရဲ့ နောက်ကျော ကို သေချာအကဲခတ်၏။

"ကျွန်တော်ပြောတာ တရားနည်းလမ်း မကျလို့လား ပြော၊ အများကြီး နောက်ကျတာလည်း မဟုတ်ဘူး၊ မနေ့က နောက်ဆုံးရက်မမီလို့ ဒီနေ့ ငွေလာသွင်းတာလေ၊ ပြီးတော့ အစ်မတို့ ကျောင်းအပ်လက်ခံတာ အချိန်အကန့်အသတ်ကြီးနဲ့၊ မနက်ကနေ ညနေအထိ ထားပေါ့၊ အခုက နေ့လယ်နှစ်နာရီကျော်တာနဲ့ ဒီမှာ စာရင်းလက်ခံတဲ့လူက မရှိတော့ဘူး"

"မင်း ဒီလိုပြောလို့ မရဘူးလေ၊ တို့က မင်းတစ်ယောက် တည်းကို စောင့်ပြီး အလုပ်လုပ်နေတာ မဟုတ်ဘူး၊ ကျောင်းသား အများကြီးနဲ့ အလုပ်လုပ်နေရတာ"

"အများကြီးမို့ ပြောတာပေါ့၊ ဒီမှာ နောက်ကျလို့ တန်းစီ နေတဲ့ ကျောင်းသားက အများကြီး၊ အစ်မက အရိပ်ထဲကနေ ငါးရာထိုင်တောင်းနေ၊ အပြင်မှာ ငွေငါးရာရဖို့ ဘယ်လောက်ပင်ပန်း လဲ သိလား"

အင်း...ဟုတ်မှာပါ။ ကြင်ယာတော်က သူ့ဘက်မှ အသံ တိတ် ထောက်ခံပေးမိသည်။ သူ့ပုံကြည့်ရတာ ခပ်နွမ်းနွမ်းသာ။ တီရှပ်ကာကီရောင်က နေဒဏ်၊ လေဒဏ်ကြောင့် အရောင်က မွဲနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အနီနှင့်အစိမ်း ရောကွက်ထားတဲ့ ပုဆိုးကလည်း မတောက်ပတော့။ ကျောပိုးအိတ်အနက်ရောင်ကို ပြီးစလွယ် လွယ်ထားပြီး နာရီတစ်လုံးပတ်၊ ဆံပင်တိုတိုညှပ်ထားသော ထိုကျောင်းသားက နဂိုဖြူသော အသားအရည်ဟာ နေလောင်တာကြောင့်လား၊ ဒေါသကြောင့်လားမသိ ရဲရဲနီမြန်းနေသော နားရွက်ဖျားတွေကို နောက်ကတွေ့ရတော့ ရင်ထဲ ကရုဏာတရား ဖြစ်သွားတာတော့ အမှန်။ ထို့ကြောင့် ကြင်ယာတော် သူ့နောက် တန်းစီရာမှ ဖျတ်ခနဲ ဘေးထွက်ကာ ရင်ဘောင်တန်းရပ်ရင်း…

"သူ့အတွက် နောက်ကျကြေးကို ဒီကပေးလိုက်မယ်"

"မလိုပါဘူး"

သူ့ဘေးက ထွက်လာသောအသံကို ဘုရင်က ခပ်ဆတ်ဆတ် ပုတ်ထုတ်ပြီးမှ ဖျတ်ခနဲ လှည့်ကြည့်မိတော့မှ…

"ဟင်…မင်း"

လူမှားစရာ အကြောင်းမရှိ။ ကျောလယ်ထိရှည်သော ဆံပင်အား အကောက်အလိပ်ကြီးတွေနှင့် ကြင်ယာတော်ဆိုသည့် မိန်းကလေး။ ကြင်ယာတော်ကလည်း ဘုရင့်ကို မှတ်မိသွားဟန်တူသည်။

"ဪ…ဟော် ရှင်ကိုး"





တစ်ခါက ရန်ဖြစ်ဖူးသော ကိုကြီးကျယ်ဖြစ်နေ၍ မထိတရိပြုံးလိုက်ပြီး စာရေးမဘက် လှည့်ကာ…

"ဒီလူအတွက်ဆို မပေးတော့ဘူး အစ်မ"

"ဟာ…မင်းကို ဘယ်သူက ပေးခိုင်းလို့လဲ"

"ပေးပါလို့ တောင်းပန်လည်း ဆောရီးပဲ၊ ငွေကို မနှမြောဘူး၊ ရှင့်လို မာနမင်းသားကို အမြင်ကတ်လို့"

ကြင်ယာတော်က ဘုရင့်မျက်နှာအနားကို ရှေ့တိုးပြောရုံမက နှာခေါင်းတွေရှုံ့၊ နှုတ်ခမ်းတွေရွဲ့နှင့် မျက်နှာကို အမျိုးစုံအောင် တွန့်လိမ်နေသော ကြင်ယာတော်ပုံစံကို တစ်စက်မှ ကြည့်မရ။

"ဘာဖြစ်လဲ၊ ငါ့မာနနဲ့ငါ၊ မင်းမကူညီလည်း ပေးနိုင်တယ်"

"ပေးနိုင်ရင် ပေးပေါ့၊ နောက်မှာ ရှင့်ကြောင့် လူတွေတန်းစီစောင့်နေရတာ အားမနာဘူးလား"

"အားမနာပါဘူး၊ ငါ့လို ရှေ့ဆုံးရောက်ချင်ရင် အစောကြီးကတည်းက လာတန်းစီ၊ ဒါပဲ"

"ရှင်က အားယားနေတော့ အစောကြီးကတည်းက တန်းစီနိုင်တာပေါ့"

"ဟုတ်တယ်၊ ငါက ပညာရေးအတွက်ဆို အားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းလို ညကြီးမင်းကြီး လူမျှားကြီးလိုက်ပြီး ပြေးရတဲ့အထိ မလေလွင့်ဘူး''

''ဟင်···ရှင် ရိုင်းလှချည်လား၊ ယောကျ်ားတန်မဲ့နဲ့''

ကြင်ယာတော်က သူမရှေ့၌ရှိသော လူ၏မျက်နှာကို ရိုက်ရန်ရွယ်ပြီး လက်ကိုအမြှောက် သူက ကြင်ယာတော်လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကာ···

''ဒီမှာ···မင်းက တစ်ချက်ဆို ငါက နှစ်ချက်ပဲ၊ နောက်နေ့ မျက်နှာမသစ်ချင်ရင် စမ်းကြည့်လိုက်''

''ရှင် ကြင်ယာလက်ကို လွှတ်စမ်း''

''ဟာ···ဟော့ကောင် ဘုရင်''

''ရှင် သိပ်လူပါးဝတယ် သိလား''

''တော်ပါတော့ ကြင်ယာတော်ရယ်၊ ဟိုမှာ လူတွေဝိုင်းကြည့်နေပြီ''

ဆေးက ကျောင်းသားတွေ ဝိုင်းလာသည်။ သူ့လူကိုယ့်လူ ဆွဲကြ၊ ဖျန်ဖြေကြရင်း···

''ဆောရီး···ကြင်ယာတော်ရယ်၊ ဘုရင့်အစား ကျွန်တော်ကပဲ တောင်းပန်ပါတယ်၊ ဒီကောင်ကြီးက စိတ်ဆတ်လို့ပါ''

''မျိုးကျော်···မင်း ဘာမှတောင်းပန်စရာမလိုဘူး''





''မင်းကလည်းကွာ၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့၊ သူများတွေ ပြောစရာဖြစ်အောင် ကိုယ်က ယောကျ်ားလေးပဲကွာ၊ သဘောထားကြီးလိုက်စမ်းပါ''

အားလုံးက ပြေရာပြေကြောင်း ဝင်ပြောပေမဲ့ ကြင်ယာတော်က စိတ်မပြေနိုင်။ ဒေါသကြောင့် လှိုင်းထန်နေသောရင်ကို ထိန်းရင်း ဆွဲထားသော သီရိတို့လက်ထဲမှ ရုန်းထွက်သည်။

''လာစမ်းပါ···ကြင်ယာတော်ရယ်၊ သွားကြရအောင်ပါ''

''နေဦး···ပြောစရာရှိသေးတယ်၊ ကြားထဲက မျိုးကျော်ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ဒီလူကို ကြင်ယာတော် မကျေဘူး၊ ဒီမှာ ရှင့်ကိုခင်လို့ စတာမဟုတ်ဘူး၊ အမြင်ကတ်လို့ပြောတာ၊ အခုတော့ အမြင်ကတ်ရုံတင်မကဘူး မုန်းသွားပြီ''

''ရှင့်ကို သိပ်မုန်းတယ် သိလား''

''မုန်းပေါ့၊ မင်းချစ်မှာတောင် ငါကကြောက်သေး''

''ကဲဟယ်''

''ဟဲ့···ကြင်ယာတော်''

သီရိ ဆွဲထားသည့်ကြားက လျှပ်တစ်ပြက်ပင်။ ကြင်ယာတော်က ဘုရင့်ပခုံးတစ်ဖက်ကို ဖြတ်တိုက်ရင်း ဒေါက်ချွန်ချွန်ဖြင့် သူ့ခြေဖမိုးပါ ဖိနင်းသွားတာဖြစ်၏။ ရုတ်တရက် ဘုရင့်မှာ တိုက်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်ချိန်မရ။ လူက ယိုင်ထွက်သွားပြီး ခြေဖမိုးက မခံမရပ်နိုင်အောင် နာကျင်သွား၏။

"အား…လာ…လာ၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ ဟင်"

"ရှင် ခံစားလိုက်ရတဲ့ အတိုင်းပဲ"

"မင်းကွာ…တောက်"

မိန်းကလေးဖြစ်နေ၍ တောက်တစ်ချက် ခေါက်လိုက်၏။ ကြင်ယာတော်ကတော့ နောက်ကို တစ်ချက်လှည့်မကြည့်။ ကျောခိုင်း ထွက်ခွာသွားသော ကြင်ယာတော်နောက်ကို သူမအပေါင်းအသင်း တွေက အူယားဖားယား ပြေးလိုက်သွားကြ၏။ ဘုရင့်မှာသာ နာကျင်နေသော ခြေထောက်အား မြှောက်ကာ လက်နဲ့အုပ်ကိုင်ထား ရတာ ငယ်ငယ်က ခြေတပေါင်ကျိုးခုန်သော ပုံစံလို ဖြစ်နေ၏။

"ကဲ…ကိုယ်တော်၊ အဲဒါ ငွေငါးရာကို နမြောတဲ့အကျိုး လေ၊ ဘောက်ချာက မဖြတ်ရသေးဘူး၊ ဟိုမှာ နောက်လူတွေက အများကြီး"

"ကျစ်…ခင်ဗျားက တစ်မျိုးပဲ၊ ရှော့ဗျာ…ယူ"

ဘုရင့်လက်ထဲက ငွေငါးရာကို ဆောင့်အောင့်တင်ပေးပြီး အခန်းထောင့်ခုံတန်းရှည်၌ သွားထိုင်နေမိတာ ခြေထောက်နာပျောက်





တဲ့အထိ။ မျိုးကျော်ကတော့ ငြီးငြီးငြူငြူနဲ့ ပြောသား။

"မင်းကွာ…တကယ့်ထိတ်ထိတ်ကြဲနဲ့မှ၊ ဟိုက ကြင်ယာ တော်ကွ"

"ဘာဖြစ်လဲ၊ ငါကလည်း ဘုရင်ကွ"

တွေ့ကြသေးတာပေါ့ကွာ။ ဒီတစ်ခါ ဆုံကြရင်တော့ မိန်းကလေးဆိုပြီး ညှာနေမှာမဟုတ်ဘူး၊ အဲဒီ ကြင်ယာတော်ဆိုတဲ့ ထိတ်ထိတ်ကြဲကို ဘုရင်ဆိုတဲ့သူက လက်ဦးမှုအရယူပြမည်လို့ တွေးရင်း ဘယ်ဘဝရေစက်ကြောင့် အမုန်းဓာတ်ခံ ရင့်သန်လာရ သည်မသိ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဗျို့…ဆရာကြီး၊ ရှမ်းခေါက်ဆွဲတစ်ပွဲပေးပါဗျို့၊ ကြက်သားများများ၊ အနှစ်များများ၊ ဟင်းရည်များများ"

ဒီအသံက ဘုရင် ရင်းနှီးနေကျအသံ။ အကြော်အလှော် အခန်းနှင့် အရှေ့ဆိုင်အခန်းကို မြင်သာအောင် လုပ်ထားသော ကောင်တာအပိုင်းလေးကနေ ဘုရင် ခေါင်းပြူပြီး လှမ်းကြည့်တော့ အရှေ့ကောင်တာနားမှာ မိန့်မိန့်ကြီးရပ်နေသူက မျိုးကျော်။

"ဟား…ဘယ်ကဘယ်လို မျိုးကျော် ဒီကို မျက်စိလည် လာတာလဲ"

"No…ဒီမှာ သဘ္ဘာဆီလာရင်းနဲ့ ဝင်လာတာ"

ဘုရင်က အနောက်ခန်းထဲမှ ထွက်လာပြီး မျိုးကျော်အား





လွတ်နေသော ခုံပုလေးတွေဆီ ဦးဆောင်ခေါ်သွားပြီး…

"ထိုင်…မင်း ရှမ်းခေါက်ဆွဲစားမှာ မဟုတ်လား"

"အေး…အန်တီ့လက်ရာက မစားရတာ တစ်ပတ် လောက်ကြာသွားရင် ခံတွင်းက အလိုလိုတောင်းလာရော"

"ကဲ…ဒီလောက် မွှန်းမှဖြင့် အန်တီက ရှမ်းခေါက်ဆွဲ ရော၊ တို့ဟူးကြော်ပါ စပွန်ဆာပေးပါ့မယ် မောင်မျိုးကျော်ရယ်"

"အဟား…ကျေးဇူး အန်တီ၊ အန်တီက သထာစွာကျွေး ချင်ပေမဲ့ ဒီကောင်က"

မျိုးကျော်က အနားသို့ရှိသော ဘုရင့်လက်မောင်းကို မနာ အောင် ဖွဖွလှမ်းထိုးရင်း စကားနှာထိုးသည်။ ဘုရင်က ရယ်ရင်း

"ကျွေးပါတယ်ကွ၊ မင်းက ငါ့ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းပဲဥစ္စာ"

"ခဏလေးစောင့်နော်…မောင်မျိုးကျော်"

"ဟုတ်ကဲ့ အန်တီ"

ဘုရင်က မျိုးကျော်ကိုထားပြီး မေမေ့လက်ထဲက မြီးရှည် နှစ်ပွဲ ထည့်ထားသော ဗန်းကို လှမ်းယူရန် ဟန်ပြင်ရင်း…

"ပေးလေ မေမေ၊ ကျွန်တော် သွားပို့ပေးမယ်၊ ဟိုးထိပ်က ဝိုင်းကို မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နေ…သား မေမေ သွားပို့မယ်၊ ဒီတစ်ဝိုင်းပြီးရင် မျိုးကျော်အတွက်ပဲ လုပ်ပေးရတော့မှာလေ၊ သူငယ်ချင်းရောက်တုန်း အေးအေးဆေးဆေး စကားပြော"

မေမေ ထွက်သွားရာကို ဘုရင်နှင့်အတူ မျိုးကျော်ပါ လိုက်ငေးနေပြီးမှ…

"မင်းဆိုင်က နေ့ခင်းကြီးတောင် လူတွေပြည့်နေတာ၊ ပြီးတော့ လာစားသမျှ ကောင်မလေးတွေချည်းပဲ၊ ကေန္တ မင်းရှိနေလို့များလား ဘုရင်"

မျိုးကျော်က တစ်ဆိုင်လုံး ဝေ့ကြည့်ပြီး ဝေဖန်တဲ့အခါ အရှက်သည်းရတဲ့သူက ဘုရင်ပင်။

"ရှူး…တိုးတိုး၊ မင်းကလည်း အာကျယ်ပါကျယ်နဲ့၊ မေမေ့လက်ရာ ကောင်းလို့ပါကွ"

"အန်တီ့လက်ရာ ကောင်းတာလည်း တစ်ပိုင်း၊ မင်းရှိနေတာလည်း တစ်ပိုင်းပေါ့၊ အခါတိုင်း နေ့ခင်း ဒီလောက်လူမစည်ပါဘူး"

"တော်ပါကွာ၊ ဒီနေ့ အုံနှာက နေ့တစ်ဝက် ကားယူသွားလို့ ညစ်နေရတဲ့အထဲ"

ဘုရင်က ငြီးငြူသည်။ အုံနှာကြေး လျှော့ပေးရမှာဆိုပေမဲ့





ညနေခင်းနဲ့ညဟာ ထင်သလောက် ခရီးသည်မရတာ များသည်။ မေမေ့ရဲ့ စိုးရိမ်ကြောင့်ကြမှုကြောင့်လည်း ဘုရင့်မှာ ညရှစ်နာရီထက် ကျော်တဲ့အထိ ကားဆွဲခွင့်မရ။ ယောကျ်ားလေးမို့ ထင်ရာလုပ်ခွင့်ရှိသည်။ သို့ပေမဲ့ ကိုယ့်ကြောင့် နောက်ကွယ်က မိသားစု စိတ်သောကရောက်နေမှာ မလိုလား။ တစ်ခါလေး ရှစ်နာရီကျော်တဲ့အထိ ဆွဲမိပါသည်။ ဗရုတ်သုတ်ခနှင့် တန်းတိုးတော့တာပင်။ မျိုးကျော်က တော့ ဘုရင်ရဲ့ ငူငူငိုင်ငိုင် ဒီဇိုင်းအား ကြည့်ရင်း…

"မင်းကလည်း အဲဒီလောက်အထိ ဖြစ်ပျက်မနေစမ်းပါနဲ့၊ သားကျွေးမှု မယားကျွေးမှုရှိတာ ကျနေတာပဲ"

"အဲဒါတော့ မရှိဘူးပေါ့၊ ဒါပေမဲ့ ဒီနှစ် ညီမလေး ဆေးကျောင်းစတက်မှာလေ"

"ဒါတော့ဒါပေါ့၊ မေမေ ပင်ပန်းတာ ငါ မကြည့်ရက်ဘူး၊ ပြီးတော့ ညီမလေးကိုလည်း ကျောင်းမှာ မြိုးခြိပြီးမသုံးစေချင်ဘူး"

"မင်း မဖြစ်ခဲ့တာတွေ ယန်းကို ပုံအောပြီး ဖြည့်ဆည်းပေးမယ်ဆိုပါတော့"

ဘုရင်က ခေါင်းညိတ်ရင်း အသံတိတ် အဖြေပေးသည်။ မျိုးကျော်က အထက်တန်းကျောင်းမှာတည်းက ငယ်သူငယ်ချင်း။ ဘုရင့်ဘဝ၊ ဘုရင့်မိသားစုအကြောင်း အစုံအလင်သိတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ ဖုံးကွယ်သိုဝှက်ထားစရာမရှိသူ။ ဘုရင်က သူ့အတွေးနှင့်သူ ငြိမ်ကျသွားသလို မျိုးကျော်ကလည်း ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်ပြီး ဘုရင့်ကို ငေးနေမိသည်။

ဘုရင်ရဲ့မိခင် မေမေဝါက ရှမ်းတိုင်းရင်းသူ။ ဘုရင့်ဖခင်က ဗမာမို့ ဘုရင်က ကပြားလို့ဆို၍ရသည်။ ရှမ်းသွေးပါသူမို့ ယောကျ်ားတန်မဲ့ အသားအရေ ဖြူစင်တာက မိခင်အမွေ။ ဖခင်ထံမှ ထူထဲစိမ်းမြသော မျက်ခုံးနဲ့ နှုတ်ခမ်းပါးရဲရဲကြောင့် ဘုရင့်ဆိုတာ ဟိုးအထက်တန်းကျောင်းသားဘဝကတည်းက မိန်းကလေးများကြားမှာ ရွှေမင်းသား။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်ခုံးထင်းထင်း၊ နှာတံချွန်ပြီး နှုတ်ခမ်းရဲရဲမှာ ပါးရိုးတလျှောက် စိမ်းညို့သော ပါးသိုင်းမွေးတွေကြောင့် သူတို့သူငယ်ချင်းတွေက…

"မင်း စီးပွားရေးအခြေအနေ ကောင်းချင်ရင် မင်းသားသာ ဝင်လုပ် သူငယ်ချင်း၊ ဖြစ်နိုင်တယ်"

သူငယ်ချင်းတွေ ဝိုင်းပြောတော့ ဘုရင်က ပြုံးပြီး ခေါင်းခါသည်။

"ငါက ဟန်ဆောင်မှုလည်း မလုပ်တတ်ဘူး၊ ရင်ထဲက မလာရင် ပြုံးဖို့တောင် ခက်ခဲတာမျိုးကွ၊ ပြီးတော့ ဝက်ဝံတွေ ဝါသနာမပါဘူး"





တကယ်လည်း ဘုရင်က ဘာတစ်ခုမှ ဟန်မဆောင်တတ်။ စိတ်ရင်းအတိုင်းပဲ ပြောဆိုဆက်ဆံတတ်၍ တချို့က ဘုရင့်ကို မာနကြီးသည်။ ကြီးကျယ်သည်ဟု ထင်ကြသည်။ ဘုရင်ကတော့ ဂရုမစိုက်။

စိတ်ရင်းကောင်းသည်။ ဘယ်သူ့အပေါ်မဆို စိတ်ရောကိုယ်ပါ လှိုက်လှဲစွာ ပေးဆပ်တတ်သည်။ ရိုးသားသလောက် မာနက အချိုးညီစွာ ခန္ဓာကိုယ်ထဲ ကိန်းအောင်းသည်။ အင်း… ဒီက မာနခဲ။ ဟိုကြင်ယာတော်က ဆတ်ဆတ်ကြဲ။ ဘုရင်နဲ့ ကြင်ယာတော်က သွေးတူမွေးတူ ပုံစံတူ။ ရုပ်ချောတာရော၊ မာနကြီးတာရော တစ်ပုံစံထဲ၊ တစ်ထပ်တည်း။

"မင်းတို့က လိုက်တော့လိုက်တယ်ကွ"

အတွေးနှင့် မျိုးကျော်ပြောတော့ ဘုရင်က မျိုးကျော်ကို လှည့်ကြည့်သည်။

"ဘာလဲကွ၊ မင်းစကားက အဆက်အစပ်မရှိ"

ဘုရင်ကမေးမှ မျိုးကျော်က ရယ်ကျဲကျဲနှင့် ကောက်ညှင်းနံ့သင်းသော ရေနွေးကြမ်းတွေကို ခွက်ထဲ ငှဲ့ထည့်ကာ…

"မင်းနဲ့ကြင်ယာတော်"

ကြင်ယာတော် အမည်ကြားတာနှင့် ဘုရင့်မျက်နှာချော



www.burmeseclassic.com

www.burmeseclassic.com



ချောမှာ ချက်ချင်းတင်းသွားသည်။

"တော်ပါကွာ၊ မိန်းကလေးတန်မဲ့ နေရာတကာ စိတ်မြန်လက်မြန်နဲ့ တစ်နေ့ဒုက္ခရောက်မှာ မြင်ယောင်သေးတယ်"

"ဒါကလည်း သူနဲ့ကီးမကိုက်လို့ပါကွ"

"မကိုက်ပါရစေနဲ့၊ သူနဲ့ကီးကိုက်ရင် ငါ့ကိုယ်မှာ အရေးပေါ်စော် နံလာလွန်းလို့"

ဘုရင်က မျက်နှာကို ရှုံ့မဲ့ပြီး ငြင်းတော့ မျိုးကျော်က ရယ်သည်။ ပြီးတော့ မအေးသေးသော ရေနွေးခွက်ကို ကောက်ကိုင်ပြီး ပွစိစိနှင့်ပြောတာက…

"မာနကို မိုးထိအောင် လွှင့်ထားတာ"

"ဟား…ဟား မင်းတို့စိတ်ချင်းက တူတယ်ကွ ဘုရင်၊ ပုံစံချင်းလည်းတူတယ်၊ ဟိုကလည်း ဝေဖန်ထားပါတယ်၊ မင်းကို ရာဝင်အိုးလောက် မာနတွေ ရွက်ထားတာတဲ့၊ မာနတွေပိသေရင် သူက မင်းရဲ့နာရေးဖိတ်စာကို နိုင်ငံခြားကနေ မှာပြီး စပွန်ဆာပေးမယ်တဲ့"

"သူက…ငါ့ကို"

မျက်ထောင့်နီကြီးနဲ့ ဘုရင်က မေးတော့ မျိုးကျော်က တအစ်အစ် ရယ်သံကြီးနှင့်…





"ဟုတ်ပ၊ ဗိုလ်သတဲ့မေတ္တာတွေလေ"

"အဲဒီလိုအပြောကအစ ပက်စက်လို့ ငါက မကြိုက်တာ"

"မကြိုက်တာချည်း များမနေနဲ့ သား၊ ကြိုက်တာလေးတွေလည်း ကျောင်းတက်တုန်း ရွေးထားဦး"

"မေမေ"

သူတို့နှားကို မေမေ ရောက်လာ၍ စကားစပြတ်သွား၏။

"အန်တီ့သားကသာ မကြိုက်တာပါဗျာ၊ အန်တီ့သားကို ကြိုက်တဲ့ ကောင်မလေးတွေက အများကြီးပါ"

မျိုးကျော်က ရယ်ရယ်မောမော ဝင်ပြောတော့ မေမေက ဘုရင့်မျက်နှာကို ကြည့်ပြီးပြုံးသည်။

"ဘယ်လိုလဲ သား၊ မေမေ့ချွေးမလောင်း ဘယ်သူလဲ မသိဘူးလား"

ဒေါ်ခမဝါက မျိုးကျော်အတွက် ရှမ်းခေါက်ဆွဲ လာချပေးရင်း တလက်စတည်း သားတို့စကားဝိုင်းမှာ ဝင်ထိုင်သည်။ ဘုရင်ကတော့ မအေကို ဒါမျိုးနဲ့ပတ်သက်ရင် အရှက်သည်းနေကျအတိုင်း ဆံပင်တိုတိုကို လက်နဲ့သပ်ချရင်း…

"သား စိတ်ဝင်စားနေတဲ့ မိန်းကလေး မရှိပါဘူး မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရှိလို့ ရှိအောင် လုပ်ခိုင်းနေတာပေါ့ သားရဲ့"

"ဆယ်တန်းကို ဂုဏ်ထူးလေးခုနဲ့ အောင်တာ၊ ဆေးကျောင်းဝင်ပါရက်နဲ့ မိဘကိုညှာပြီး မတက်ဘူး၊ အခု ညီမကျ တော့ သူမတက်ခဲ့တဲ့ ကျောင်းမို့ အလွမ်းပြေ ဖြည့်ဆည်းပေးပါရစေ တဲ့"

"အခုလည်း သူ့ညီမကိုငဲ့ပြီး ဒီတစ်သက် အိမ်ထောင်မပြု ဘဲနေမှာကို အန်တီ အစိုးရိမ်ဆုံးပဲ"

"ကျွန်တော် ပေါက်ပြီ အန်တီ၊ အန်တီ့သားကို အန်တီ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်လို့ ကျွန်တော် အာမခံတယ်"

"အေးလေကွယ်..မင်းတို့ကိုပဲ အားကိုးပါတယ်"

မေမေက ထောက်ခံတော့ မျိုးကျော်မှာ ရှမ်းခေါက်ဆွဲ ပလုတ်ပလောင်းနှင့်...

"မအေက ဒီလောက်အားပေးနေတာ ကြိုးစားထားကွ ဘုရင်"

"တော်ပါကွာ၊ ငါ့နှလုံးသားက အသက်ရှင်ဖို့ကလွဲရင် ကျန်တာ ခံစားဖို့ အသုံးမဝင်ဘူး"

ဘုရင်က တစ်ခွန်းမခံ ပြန်ပြောရင်း မဆီမဆိုင် မျက်ဝန်း ထဲ မြင်ယောင်တာက ကြင်ယာတော်ရဲ့ မျက်နှာလှလှလေး။ တခဏ

နိုး နိုး ၀၁၆ပ



တာ တွေ့ချိန်သာ ရပေမဲ့ ဘယ်အချိန်မြင်ယောင်မိပါစေ ဒေါသနှင့် အတူ လှပသော သူ့မျက်နှာဟာ ဘုရင့်အာရုံမှာ စွဲထင်သည်။ အများသူငှာတွေလို ဆံပင်က ပခုံးကျော်ရုံမဟုတ်ဘဲ ခါးလောက်နီး နီးကို အခွေအလိပ်ကြီးတွေနှင့် လှပစွာပုံသွင်းထားသူမို့ အဝေးက ကြည့်ကြည့် မြင်လိုက်သူ ကြင်ယာတော်ဆိုတာ သိသာထင်ရှားစေ တဲ့ အမှတ်အသား။ စကဒ်လိုလို ထဘီလိုလို ရှည်ရှည်နွဲ့နွဲ့အစကြီးဟာ ခြေမျက်စိနားမှာ တဝဲဝဲလို့။ လည်ပိတ်စွယ်တာပေါ် ဇော့(ခ်)ကုတ် ခါးတိုတစ်ထပ်နှင့် ဒေါက်အမြင့်ကြီးပါသော ဖိနပ်ကြောင့် ကြည့်ရ တာ အတော်ဆိုးသည်။ ဒါကို ယောကျ်ားလေးအချင်းချင်း ဝေဖန် ကြတော့...

"အင်တာနေရှင်နယ် ဆိုဒ်(ဇ်)"

ဘယ်နားမှာ အင်တာနေရှင်နယ်မှန်းမသိ။ ဘုရင့်အတွက် တော့ ကြင်ယာတော် တစ်ခါလှုပ်ရှားတိုင်း မျက်လုံးထဲ ကန့်လန့် ဖြစ်ဖြစ်နေတာ လိုအပ်တာထက် ပိုပြင်ထားတဲ့ သူမ အလှတွေ ကြောင့်များလား။

◆ ◆ ◆

နိုး နိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အဟား…ဝင်လာပါပြီ၊ အခုဆိုရင်ဖြင့် ကျောနံပါတ်မရှိ၊ ရှပ်အဖြူ၊ ကချင်ပုဆိုး၊ ကချင်လွယ်အိတ် လွယ်ထားသောသူက ကန်တင်းရဲ့ လေးဆယ့်ငါးဒီဂရီလောက်မှ ကွင်းလယ်ထဲဖြတ်ဝင်လာပါပြီ၊ အဲ…လျှောက်လာပြီ၊ တည့်တည့်ပါပဲ၊ ပြစ်မှတ်ကို တွေ့သွားဟန်တူတယ်ရှင့်၊ ဒေါ်သခြေလှမ်းမှာ အားထည့်ပြီးလှမ်းတယ်ရှင့်၊ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း နီးကပ်လာပါပြီ၊ အဲ စိုက်ကြည့်တယ်ရှင့်၊ မျက်ထောင့်နီကြီးနဲ့၊ အဲ ကျော်သွားပါပြီရှင်၊ မဂိုးပါဘူးရှင့်၊ အကြည့်ဟာ ဂိုးတိုင်ကို ကျော်ထွက်ပြီး ဂိုးလွန်ဘောဖြစ်သွားပါတယ်ရှင့်"





အားပါးတရ အော်သည်။ ပြီးတော့ အားပါးတရ လက်ဝါးချင်း ဖြောင်းခနဲမြည်အောင် ရိုက်ကာ တဟားဟားရယ်ရင်း…

"ရေလည်ညံ့တယ်ကွာ၊ အလကားပါ၊ သွေးမရှိဘူး"

"တောက်"

ဒေါသကြောင့် ရပ်ပစ်သည့် ဘုရင့်ခြေလှမ်းက မီးပွင့်သွားသလို။ လက်သီးကို ဝဲနေအောင် ဆုပ်မိတော့ သူတို့သမိုင်းကြောင်းကို သိသော ဝေယံက ပခုံးဖက်ကာ…

"လာပါကွာ၊ ကြင်ယာတော်က အဲဒီလိုပဲ"

"ဒါ…တမင်ငြိတာကွ"

"မင်းက ပြန်ငြိရင် အကျယ်အကျယ် မငြိမ်းဖွယ်တွေဖြစ်ကုန်မှာပေါ့ ဘုရင်ရ"

မျိုးကျော်က ကန်တင်းထဲ ပြည့်နေသောလူတွေကို မျက်လုံးဝေ့ကြည့်ရင်း ပြောသည်။ ဘုရင့်မှာ သူတို့ခွဲခေါ်ရာ ပါလာပြီး ခုံမှာဝင်ထိုင်တဲ့အထိ ရင်မှာ ဒေါ်သက မပြယ်သေး။ ကြင်ယာတော်တို့ကတော့ မျက်စိဆူ၊ နားတွေပူအောင် ဟိုဘက်ဝိုင်းမှ လှုပ်ရှားသံတွေပေးပြီး…

"သွားမယ် စံပယ်၊ လေထုထဲ ပိုးတွေပျံ့နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာပိုးလဲ ကြင်ယာ”

“ဘဝင်ပိုး”

“အယ်…အဲဒါကူးရင်”

တစ်ယောက်က ရင်ဘတ်ဖိပြီး ဝင်မေးသည်။ ကြင်ယာတော်က ထဘီအနားစတွေရော၊ ခေါင်းလောင်းပုံစံ ဖန်တီးထားသည့် အင်္ကျီလက်အနားတွေမှာပါ တပ်ထားသည့် ခရစ်စတယ်တွေကို လှုပ်ရှားတိုင်း အရောင်လက်စေပြီးမှ…

“အဲဒီရောဂါက HIV ထက်ဆိုးတယ်၊ ကုရာနတ္ထိပဲ”

“အဲ…နှမြောစရာ၊ အရွယ်ကောင်းလေးဟယ်”

“အရွယ်ကောင်းပေမဲ့ ရောဂါက ရင့်နေတော့”

“ဟား…ဟား မက်လောက်စရာ မရှိပေါ့”

ခိုးခိုးခစ်ခစ် ရယ်သံတွေက ဘုရင့်ရင်ကို ဓားနဲ့မွှန်းသလို။ ကိုယ့်ကိုပြောနေမှန်း သိရက်နှင့် ခေါင်းငုံ့ပြီး ငြိမ်ခံနေရတဲ့ ဝဋ်ကြွေးက အတော်ကြီးမှန်း ကိုယ်တိုင်ထိမှ သိရတဲ့အဖြစ်။

ဘုရင်နှင့် ကြင်ယာတော်ရဲ့ ရန်ကြွေးကို သိထားသော ကန်တင်းထဲက အကြည့်တချို့ဟာ ကျန့်ရစ်သူဘုရင့်ထံ မြားသဖွယ် လာစိုက်၏။ ဘုရင်က ခပ်တောင့်တောင့်ထိုင်ရင်း အံကို တင်းနေအောင် ကြိတ်ထားတော့ ဝေယံက…





“စိတ်ကိုလျှော့လိုက် ဘုရင်၊ အဲဒါ ကြင်ယာတော်ရဲ့ ဒီဇိုင်းအစစ်ပဲ”

“ကျစ်…ဖြစ်ချင်းဖြစ် ငါက အခဲမကျေဖြစ်ရမှာကွ၊ ဆုံလိုက်တိုင်း နိုင်သွားတာ သူချည်းပဲ”

“ဒါကတော့ ယောကျ်ားလေးနဲ့ မိန်းကလေးကိုကွ၊ ဘယ်လောက် မင်းဘက်ကမှန်မှန် တစ်ကမ္ဘာလုံး အားနွဲ့သူဘက်က ရပ်တည်တာ အစဉ်အလာပဲ”

မျိုးကျော်က ဝင်ပြောရင်း…

“ကြင်ယာတော်က သွက်တယ်၊ ထက်တယ်၊ ပြီးတော့ မာနကြီးတယ်”

“သူ မာနကြီးလောက်အောင်လည်း သူ့အလှက…”

“မပြောစမ်းပါနဲ့ကွာ၊ သူဘယ်လောက်လှလှ ငါ့ရင်ထဲ ခံစားလို့ကိုမရဘူး”

“အေး…မင်း အဲဒီလိုခါးသီးနေလို့ ဟိုက တင်းနေလားမှ မသိတာ”

“ဘာဆိုင်လို့လဲ”

“သိပ်ဆိုင်တာပေါ့ကွ၊ မင်းက ဘုရင်၊ ဟိုက ကြင်ယာတော်လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင့်ကြင်ယာတော်ပေါ့"

"တော်ကွာ"

ဘုရင့်ဒေါသကို ဝေယံက နားမလည်စွာကြည့်သည်။ ဘုရင့်မျက်နှာချောချောမှာ အနီရင့်ရောင် ဒေါသရာသီဥတုက ဘုရင့်မျက်နှာပေါ် အရိပ်ထင်တုန်း။ ဝေယံက မှာထားသော လက်ဖက်ရည်တစ်ခွက်ကို ဖွန်းနှင့် မွှေကာ မျက်ဝန်းတို့ကို မေးချရင်း…

"ကြင်ယာတော်က အခုတက်နေတဲ့ ဆယ်ရက်အဝေးသင်မှာရော၊ ဒေးမှာပါ မသိသူမရှိဘူးကွ၊ သူက ငါတို့မေဂျာရဲ့ ကွင်း(န်) အပြင် တခြားမေဂျာက ကွင်း(န်)တွေတောင် ကျော်ထွက်တဲ့အထိ သရဖူဆောင်းထားတာ"

"သူ့အလှမှာ ဒူးထောက်ပြီး ရှုံးသွားတဲ့ ကျောင်းသားတွေ ဒုနဲ့ဒေး၊ မကြိုက်ရင် ခါချတယ်၊ သဘောကျရင် တွဲတယ်၊ လိုအပ်ရင် သူ့နောက်လိုက်တဲ့သူချင်း ရန်တိုက်ပေးတာမျိုးတောင် ရှိသေးတာ"

ဘုရင်က အခုမှကြားရတဲ့ ပုံပြင်အသစ်တစ်ပုဒ်လို အထူးအဆန်း နားထောင်ရတာ။ ဝေယံကိုကြည့်လိုက်၊ မျိုးကျော်ဘက်လှည့်လိုက်နှင့် အလယ်က ချာချာလည်နေ၏။

"ဝေယံပြောတာ လက်ခံစရာပဲ၊ သူ့နားမှာ ဝိုင်းအုံနေတဲ့





လူတွေကြား မင်းက တစ်ခေတ်ဆန်းနေတာ"

"ဒါဆို သူက ယောကျ်ားလေးတွေကို အသည်းခွဲတမ်းကစားနေတာပေါ့"

"အသည်းခွဲခံချင်လို့ တန်းစီနေကြတဲ့ ယောကျ်ားတွေကလည်း အများကြီး ဘုရင်ရ"

ဝေယံက ရယ်ဟဟာနှင့် တုံ့ပြန်သည်။ ဘုရင်က အေးစက်စပြုနေပြီဖြစ်သော လက်ဖက်ရည်ကို တရှိန်ထိုးမော့ချရင်း…

"အဲဒီလို မိန်းကလေးတွေပဲ တစ်နေ့ ဝဋ်လည်တတ်တာ"

ဘုရင့်ထံမှ မှတ်ချက်သံနှင့်အတူ စကားသံ တိတ်သွားသည်။ မပြောမဖြစ်၍၊ ရင်ထဲမှာကျန်နေသော စကားတွေကတော့ အများကြီး။ တခြားသူတွေကိုသာ မင်းအလှစက်ကွင်းနဲ့ အသည်းခွဲချင် ခွဲလို့ရမယ် ဘုရင်ဆိုတဲ့ ငါ့ကိုတော့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အခန်းထဲကထွက်တာနှင့် ကော်ရစ်ဒါအတိုင်း ဘုရင့် ခြေလှမ်းတွေကို ခပ်သွက်သွက်လျှောက်သည်။ ကျောင်းအပြင်မှာ ဝေယံတို့နှင့် ချိန်းထား၏။

"ဟေ့ကောင် ဘုရင်၊ ဒါ ဆယ်တန်းမဟုတ်ဘူး၊ တက္ကသိုလ်ကျောင်းသားတွေ စာမေးပွဲဖြေတာ၊ မင်း ကလေးအထာ လုပ်မနေနဲ့၊ မြန်မြန်ဖြေပြီးထွက်ခဲ့"

"ဟုတ်တယ်လေ၊ အဆိုင်းမင့်(န်)တင်ထားတဲ့ အမှတ် လည်း ရှိပြီးသား၊ ဒါပဲနော် ဘုရင် ကျောင်းဝကနေ ငါတို့လည်ပင်း ရှည်မနေချင်ဘူး၊ အန်တီဝါ့ဆီကလည်း ခွင့်ပြုချက်ရပြီးသား၊ ဒီမှာ တက္ကသိုလ်ကျောင်းသား စာမေးပွဲ နောက်ဆုံးနေ့ ဘီယာသောက်တဲ့

ဝိုး : ဝိုး : ၁၇၄ပ



ကိစ္စက မဟာပထဝီမြေကြီး ဟက်တက်ကွဲမသွားနိုင်ဘူး၊ အဲဒါ ယုံ"

မိုးကျော်ရဲ့ အမှာစကားကြားတော့ အမြဲတမ်း တင်းတင်း စေ့ထားသည့် ဘုရင့်နှုတ်ခမ်းပါးတွေက ပြုံးချင်ချင်ဖြစ်သွားသည်။ ဒီကောင်တွေပြောတာလည်း မမှားပါ။ ဒါပေမဲ့ ဘုရင့်အတွက်တော့ မမှန်။ ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေက ငွေဖြုန်း၊ အချိန်ဖြုန်းပြီး ပေါ့ပေါ့နေလို့ရတဲ့သူမှ မဟုတ်တာ။

"ပန်းအတွက် ကိုကို အဲဒီလောက်အထိ တွေးပူပြီး ကြိုးစားနေတာမြင်ရတော့ ပန်း ဝမ်းလည်းသာတယ်၊ ဒါပေမဲ့ ကိုကို့ကိုလည်း သနားတယ်၊ ပန်းကြောင့် ကိုကို အတီးကျွန်ဆန်သွား မှာကိုလေ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကိုကို မိန်းမတော့ ယူရမယ်နော်"

"ဟ…နင့်ဟာက မဆိုင်တာတွေ"

ညီမလေးက စကားကြုံတိုင်း ဘုရင့်ကို အဲဒီလိုပြောတတ် သည်။ ဘုရင်ကလည်း ကြုံတိုင်း ထိုကဲ့သို့ ပုတ်ထုတ်တတ်၏။

"အဟုတ်ပြောတာ ကိုကိုရ၊ ပန်းထက်စာရင် ကိုကိုက ဘွဲ့အရင်ရမှာ၊ ပြီးတော့ စီးပွားရေးလောကထဲ ဝင်နေတဲ့လူ"

"သူများ ကားအငှားမောင်းရတာကို ညီမလေးရယ်၊ ညည်းနှယ် ပြောချပစ်တာ သားကကြားရင် အထင်တွေ ခွတ်ရွတ်

ဝိုး : ဝိုး : ၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



ကြီးနေပါဦးမယ်ဟာ၊ ငါက တကယ့် ဘိစစ်နတ်(စ်)မန်းကြီး ကျနေတာပဲ''

''ပန်းထက်စာရင် ကိုကို့မှာ အလုပ်ရှိတယ်၊ ဝင်ငွေရှိတယ်၊ ဒါ စီးပွားရေးလုပ်နေတာပဲပေါ့၊ ပညာလည်းစုံ၊ ကြင်ယာပါစုံတော့ အခုကတည်းက ရည်းစားလေးဘာလေး ထားစမ်းပါ ကိုကိုရ၊ ကိုကို့ကြည့်ရတာ မျက်နှာကြီးတင်းတင်းနဲ့ ဦးနှောက်ထဲ ပေသီးခေါက်နေတာ တစ်နေ့တခြား မလတ်ဆတ်တော့ဘဲ စက်ရုပ်ဆန်လာတယ်၊ ဒါပေမဲ့ ကိုကိုကချောတော့ သေချာတယ် မိန်းမရရင်လည်း ချောချောလေးပဲရမှာ''

ညီမလေး အဲဒီလိုပြောတိုင်း ဘုရင်မှာ ကရုဏာသက်ရပါသည်။ ဘုရင့်ရသနှင့် ပန်းရသမှာ သူက အဖေအမေထံမှ ကောင်းခြင်းအချောအလှတွေ စုပြုံရထားပြီး ညီမလေးကတော့ ဖေဖေနှင့်သွားဆင်ကာ အသားညိုညိုနှင့် အချောအလှစာရင်းထဲ မပါ။ ထို့ကြောင့် ဆိုင်မှာ လာစားသော မိန်းကလေးတွေကိုကြည့်ပြီး သူမထက် ချောမောပြေပြစ်သူဆို ညီမလေးမှာ အားကျစိတ်နှင့် တဖွဖွပြောတာက…

''ပန်းရဲ့ ယောက်မလေးသာ ဖြစ်လိုက်ပါတော့ ကိုကိုရယ်''





ဘုရင့်မှာသာ တစ်ဖက်က မိန်းကလေးကြားမှာစိုးရ။ ညီမလေးကို သနားရနှင့် ကြားထဲက ဗျာများကာ…

''အစ်ကို့ကို မတွန်းတိုက်ပဲ့ ညီမ၊ ပြတိုက်ပို့ထားရမယ်၊ ယောက်မများ တောင့်တနေသေးတယ်၊ မတည့်အတူနေတဲ့အထဲမှာ သမီးယောက်မက ထိပ်ဆုံးကတဲ့''

''အံမယ်…ကိုကိုက အလာကြီးပဲ၊ ချောချောလေးသာ ခေါ်ခဲ့၊ ပန်း တည့်အောင်နေမှာ''

သန္တ္တဌာန် အကြီးစားပင်။ ဘုရင့်အတွေးထဲ ခြေလှမ်းထည့်ရင်း ငိုက်စိုက်စိုက်နှင့် လှမ်းလာမိစဉ်…

''ဟိတ်…မောင် တည့်နေပြီလေကွာ၊ ဒါ ဘာအချိုးလဲ''

ရုတ်တရက်ကြီး အနောက်မှ လွယ်အိတ်ကြိုးကို ဆောင့်ဆွဲခံလိုက်ရသည်။ ခြေလှမ်းတုံ့သွားရုံမက လွယ်အိတ်ပါ ပခုံးထက်မှာ ပုံပျက်ပန်းပျက်။

''ကြင်ယာတော်''

''ဟုတ်တယ်လေ၊ မောင့်ရဲ့ချစ်သူ ကြင်ယာတော်ပါ''

''ကြင်ယာ ဘယ်မှလိုက်မသွားဘဲ မောင့်ကိုစောင့်နေတာ''

အလှဆုံးမျက်နှာ၊ အချိုဆုံးအပြုံးနဲ့ ကြင်ယာတော်ကို ဘုရင့်



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြလျက် ဖျတ်ခနဲ နောက်လှည့်ကြည့်သည်။ သူမကိုတွေ့တာနှင့် ထိစပ်လုမတတ် အတွန့်ချိုးထားသော မျက်ခုံးတန်းနှစ်ခု။ မပြေပြစ်သော မျက်နှာနှင့် ဘုရင်ကို ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြရင်း သူ့လက်မောင်းကို လက်လျှိုချိတ်သည်။ ထို့နောက် အပြုံးမျက်နှာဖြင့် ဒီဘက်လှည့်ရပ်တော့ ကြောင်အမ်းအမ်းမျက်နှာ၊ စူးစမ်းအကြည့်တွေနှင့် အာကာတို့အဖွဲ့က မျက်နှာချင်းဆိုင်။

"ကဲ…ငါပြောတာ မယုံတဲ့လူတွေ ဒီမှာ မောင့်ကို အရှင်လတ်လတ်ကြီး တွေ့တာတောင် မယုံသေးဘူးလား"

ဘုရင်မှာ ရှေ့မှအုပ်စုကိုကြည့်ပြီး မှတ်ဉာဏ်ထဲ အခုမှလင်းခနဲ ဖြစ်သွားသည်။ ဆံပင်ရှေ့တစ်ခြမ်းအုပ်တွေ။ ရွှေဝါရောင်ဆံပင်အထောင်တွေနှင့် ဘောင်းဘီအင်္ကျီ ကျပ်ကျပ်ကပ်ကပ်နှင့်။ ဘယ်ဟာ မိန်းမ၊ ဘယ်ဟာ ယောကျ်ားဆိုတာ ခွဲမရတဲ့အုပ်စု။ ဒီအုပ်စုနှင့် ကြင်ယာတော်ဆိုသည့် သူမက။ အတွေးနှင့်အတူ သူ့လက်မောင်းကို ချိတ်ထားတဲ့ သူမဆီ အကြည့်ရောက်တော့ လူက ရှိန်းခနဲ ထူပူသွားသည်။ အပြုံးတဝေဝေနှင့် လက်ချိတ်ထားသော ကြင်ယာတော်နှင့် သူ့ထံကြည့်နေသော မျက်ဝန်းပေါင်းကများစွာ။ ဘုရင်က ချိတ်ထားသော ကြင်ယာတော်လက်ကို ပယ်ချဖို့ ကြိုးစားသည်။





"ကျစ်…မောင်ကလည်း စိတ်မပြေသေးဘူးလား"

ကြင်ယာတော်က ဘုရင့်လက်ကို ဆွဲခါရင်း ခြေပါဆောင့်သည်။ ဘုရင့်မှာ မျက်နှာနီနီနှင့် တအံ့တညြဖြစ်ချိန်…

"ဒီတစ်ခါတော့ ပွဲမဖျက်နဲ့ ကြင်ယာတော်"

"အေးလေ…စာမေးပွဲလည်း ဖြေပြီးပြီ၊ အပ်ကဲဖို့ လာခေါ်တာ"

"ဟုတ်တယ် ကြင်ယာတော်၊ ငါတို့က တာဝကတောင် ကူးလာရတာ"

အားလုံးက တစ်ယောက်တစ်ပေါက် ပြောရင်း ဘုရင့်ဘက် လှည့်လာ၏။

"သူငယ်ချင်း ခွင့်ပြုပေးပါကွာ၊ ပလိ(စ်)၊ ကြင်ယာတော်ကို ဒီနေ့တစ်ကြိမ်တည်း"

တစ်ချောင်းထောင်ပြသော လက်ညှိုးလက်သည်းခွံမှာ အမည်းရောင်ကာလာ ခြယ်ထားသော ရှယ်တူကောင်လေးကို ဘုရင်က ကြည့်ရင်း…

"ကျွန်တော်နဲ့သူက"

"ဘုရားသွားဖို့ ချိန်းထားပြီးပြီ"

ဘာမှမဆိုင်ဘူးလို့ မပြောလိုက်ရ။ ဘုရင့်အရှင် ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောတာက ကြင်ယာတော်။

"ကြည့်ရှိုးဦး ကြင်ယာတော်၊ သူက ထားတော့"

အာကာတို့အုပ်စုထဲမှ ဝေမွန်က ဘုရင့်ကို မေးငေါ့ပြီး ပြောသည့်စကားထဲမှာ ရှုံ့ချခြင်း၊ သံသယဖြစ်ခြင်း အစအနတွေက အရိပ်ထင်သည်။

"ပုံတုံးကြီးမို့"

မပြောချင်သလိုနှင့် ပြောချသော စကား။ ပုဆိုးနဲ့ရှပ်အင်္ကျီ ဝတ်တာ ပုံတုံးသတဲ့လား။ ဘုရင်က လှုပ်လှုပ်ရှားရှားနှင့် တုံ့ပြန်ရန် ပြင်ပေမဲ့ စကားတို့က ရှားပါးခြင်းသို့ ရောက်လေသည်။

"ဘာဖြစ်လဲ…အချစ်မှာ စတိုင်တွေ မလိုင်တွေ မလိုပါဘူး၊ တကယ်ချစ်ရင် ချစ်တာပဲ"

"ဒါက ကြင်ယာတော်ရဲ့ ဒဿနပေါ့ ဟုတ်လား၊ လုပ်မနေနဲ့၊ ရာဇာလည်း အသိပေးပြီးသား၊ သူနဲ့ကြင်ယာ ဇာတ်လမ်းက ပြီးသွားပြီ၊ စိတ်မဝင်စားဘူး"

ကြင်ယာတော်က ပက်ခနဲ ပြန်ပြောသည်။ ရာဇာကို ရှောင်တိမ်းရန် ဒီတစ်နည်းသာ ရှိသည်။ ဝေမွန်ကတော့ ကြင်ယာတော်ရဲ့ ဂရုမစိုက်သလို မထိတရိမျက်နှာကို စူးရဲစွာကြည့်ရင်း…

"ကောင်းပြီလေ နင်မလိုက်ရင် နေခဲ့၊ ငါတို့မခေါ်တော့

စိုးမိုး ၈၇၆ပ



ဘူး၊ ဒီမှာ ရှင့်ကိုတော့သနားတယ် သိလား၊ ရှင်က သူဆွဲကစားတဲ့ အရုပ်ပဲ၊ အသုံးမလိုရင် သူက ပစ်ထားခဲ့ဖို့ ဝန်လေးမှာမဟုတ်ဘူး၊ သတိပေးတာ မယုံမရှိနဲ့"

ဝေမွန်ဆိုသည့် မိန်းကလေးက ဘုရင့်မျက်နှာ တည့်တည့်ကြည့်ပြီး ပြောချလိုက်သည့် စကားတွေဆိုပေမဲ့ ဘုရင် လက်ခံရရှိတာ အဆိပ်လူးမြားတွေနှင့် တူသည်။ ရှက်စိတ်နှင့် အမြဲတွဲနေတတ်သော ဒေါသစိတ်က ဘုရင့်တစ်ကိုယ်လုံးရှိ သွေးတွေကို ဖျင်းခနဲ ဆူပွက်သွားစေသည်။ သူမ 'လာပတ်သက်သမျှ တစ်လှျောက်လုံး ဘုရင့် မရင်းနှီးဖူးသောသူတွေ။ ဘုရင် မနှစ်သက်တဲ့ပုံစံတွေနဲ့ချည်း တွေ့နေရသည်။ မပေးဘဲ ပြောသွားကြသည်။ မတောင်းဘဲ အယူခံရတာမျိုးလည်းရှိသည်။ ဒီမိန်းမ စက်ကွင်းက အဲဒီလောက်အထိ ပြင်းသလား။ ဘုရင်က မတည်မပြုံးနှင့် မျက်နှာလွှဲတော့ အရှေ့က အုပ်စုက လှောင်ပြုံးနှင့် စတင်ထွက်ခွာသည်။ ဘုရင့်သဘော တစ်ခုမှမပါဘဲ ကြင်ယာတော်ကို ခြယ်လှယ်ခွင့်ပေးထားရတဲ့ အဖြစ်က ကိုယ့်ကိုယ်ကို ဘာကောင်မှန်းပင် မသိရတော့တဲ့ အခြေအနေ။

"မင်း…ငါ့လက်ကို လွှတ်စမ်း"

လူရိပ်တွေ ကျောခိုင်းသွားတာနှင့် ဘုရင်က ကြင်ယာ

စိုးမိုး ၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



တော်လက်ကို ခါချသည်။ ကြင်ယာတော်ကလည်း ဆတ်ဆတ်ထိမခံ။

"ဖယ်မှာပါ၊ ကိုင်ချင်လွန်းလို့ ကိုင်ထားတယ်ဆိုပြီး ဖီး(လ်)ဖြစ်မနေနဲ့ အပျွန်း"

သူကလည်း အမှားလုပ်သေး တစ်ခွန်းမခံ ပြန်ပြောနေသော အနီရောင်နှုတ်ခမ်းတို့က အလှပျက်မသွား။ ရူးရူးရဲရဲ စိုက်ကြည့်သော မျက်ဝန်းပြာနှင့် မျက်တောင်ကော့ကော့တွေက ရန်လိုခြင်းသာ မပါလျှင် ညို့အားပြင်းပြင်းမှာ တွေ့သမျှ ပုရိသဒူးထောက်သွားနိုင်သော အစွမ်းရှိသည်။ သို့သော် လှတာက သပ်သပ်၊ အမြင်ကတ်တာက သီးသန့်ပင်။ ဘုရင့်လွယ်အိတ်ကို ပြင်လွယ်ပြီး ကြင်ယာတော်ကိုင်ခဲ့သော လက်မောင်းက အင်္ကျီစကို ရှုံ့စရာလို ပုတ်ထုတ်ခါပစ်သည်။

"အဲဒီလောက်အထိ အဖြစ်သည်းပြမနေနဲ့၊ ရှင့်အသားပဲ့ပါမသွားဘူး"

"အေး...အသားစုံ့တာကို ငါက ခံနိုင်ရည်ရှိတယ်၊ ဂုဏ်သိက္ခာ ပဲ့မှာကြောက်လို့၊ နားလည်လား"

"ဟာ...ဟာ ရယ်ချင်စရာပဲ၊ ဒီမှာ ကြင်ယာ့ပတ်ဝန်းကျင်မှာရှိတဲ့လူတွေက ရှင့်ထက် ဂုဏ်သိက္ခာ ပိုမြင့်တဲ့သူတွေချည်းပဲ၊





အဲဒီလိုလူတွေတောင် ကြင်ယာတော်တို့က မတွဲချင်လို့ ခါချခဲ့တာ၊ ရှင့်ကိုတွဲတာ ထီပေါက်တယ် မှတ်"

ကြီးကြီးကျယ်ကျယ်တွေပြောပြီး ဘုရင့်ကို မကြာခဏ လာပြသနာရှာနေသည့် ကြင်ယာတော်မျက်နှာကို စိုက်ကြည့်ပစ်လိုက်သည်။ ဘုရင်ရှေ့တွင် ရပ်နေသော သရုပ်ပျက်အဝတ်အစားတွေနှင့် သူမကို ကြည့်သည်။ အနက်နှင့်အဝါ ရောထားသည့် ကျားကွက်သစ်လို အင်္ကျီခါးရှည်ကို ခါးပတ်ရွှေရောင်သေးသေးလေး ပတ်ထားသည်။ အောက်က, အသားကပ်ဘောင်းဘီရှည်အနက်။ ရွှေအိုရောင် ဒေါက်မြင့်ဖိနပ်နှင့်မို့ သူမပုံစံက ဘယ်အရပ်က လှမ်းကြည့်ကြည့် ထင်းနေသည်သာ။ ဒီကြားထဲ ဆိုးထားတဲ့နှုတ်ခမ်းက အနီရဲရဲ။ ဘုရင့် ခါးထောက်ကြည့်ရင်း ရွံရှာသလို မျက်နှာလွှဲသည်။ ပြီးမှ ပြန်လှည့်ကြည့်တော့ သုန်သုန်မှုန်မှုန် မျက်နှာမှာ နှုတ်ခမ်းတို့က ဆန့်ကျင်စွာပြုံးလျက်။

"ဒီမှာ...အမိ ဂုဏ်သိက္ခာဆိုတာ ဘာနဲ့တိုင်းလဲ၊ မင်းအတွက်တော့မသိဘူး၊ ငါ့အတွက်ကတော့ ဂုဏ်သိက္ခာဆိုတာ စောင့်စည်းထိန်းသိမ်းခြင်းနဲ့ အချိုးတူ မြင့်တက်လာတဲ့တန်ဖိုးပဲ၊ ငွေကြေးနဲ့ ဝယ်လို့မရဘူး၊ အာဏာနဲ့ သိမ်းပိုက်လို့မရဘူး"

"သွားစမ်းပါ၊ ရှင်တို့လို ပစ္စည်းမဲ့လူတန်းစားကတော့



www.burmeseclassic.com

www.burmeseclassic.com



ထစ်ခနဲရှိ ဒီငွေတွေ၊ အာဏာတွေပဲ ထိခိုက်မှာပေါ့၊ သူများလို လက်ဆုပ်လက်ကိုင် ပြစရာမှမရှိတာ"

"ဟုတ်ပြီလေ၊ မင်းပြောသလို ဘာမှမရှိတဲ့လူကို အခုချိန် ကစပြီး မင်းလာမပတ်သက်နဲ့၊ မင်းလို နေရှင်က ငါ့ကို လာပတ် သက်တာ ငါ ဂုဏ်မယူဘူးဆိုတော့ မင်းရှက်တတ်ရင် ဒီနေရာမှာ အသက်ထွက်သွားတာ ကြာပြီ"

"ရှင်...တော်တော့နော်"

ကြင်ယာတော် ဒေါသဖြစ်ဖြစ်နှင့် တအားပိတ်အော်သည်။ ကြင်ယာတော်ကို ဘယ်သူမှ ဒီလိုမပြောဘူး။ ဒီလူကြမှ ကြင်ယာ တော်မှာ ရှိသမျှ ဂုဏ်သိက္ခာ နှစ်ပြားတစ်ပဲတောင် မတန်တော့။ ရာဇာ့ကို ပြတ်စဲချင်ဇောနှင့် သူ့ကို အသုံးချမိတာက မိနစ်ပိုင်း။ အခု သူ့ပါးစပ်ထဲ ပြောချပစ်တာက ကြင်ယာတော်က သုညမှတ် အောက်တောင် ရောက်သွားပြီလားမသိ။

"နောက်တစ်ခါ ငါနဲ့လာမပတ်သက်နဲ့၊ မင်း အရှုပ်ဇယား ထဲလည်း ဆွဲမထည့်နဲ့၊ ဒီတစ်ခါတော့ ငါက ငြိမ်ခံနေမှာမဟုတ် ဘူး"

"အံမယ်..သူ့လိုလူကများ"

ကြင်ယာတော်မျက်နှာကို ခပ်တင်းတင်းစိုက်ကြည့်ပြီး





တစ်လုံးချင်း ပြောသွားတဲ့ စကားတွေထဲမှာ နာကြည်းခြင်း သိပ်သည်းဆများစွာဖြင့် ဆတ်ဆတ်ခါသွား၏။ ချာခနဲ ကျောခိုင်း ထွက်သွားသော ဘုရင့်ကျောပြင်ကို ကြင်ယာတော် တဆုံးတစ စိုက်ကြည့်ရင်း ဘုရင့်ကို စိတ်ရှိတိုင်း ဆွဲမွှေ့ကိုင်ပေါက်ပစ်ချင်နေ ၏။

အလကားလူ။ သူ့ကိုယ်သူ မာနကြီးကြီး၊ သိက္ခာကြီးတစ်ခွဲ သားနှင့်။ ဒီလိုလူမျိုးနဲ့ လာတွေ့နေရတာကိုက ဘယ်လိုရေစက်မှန်း မသိ။ တွေ့ကြသေးတာပေါ့ ဘုရင်ရယ်။ စိတ်ထဲမှာ အတိအကျ ကြွေးကြော်လိုက်သည်။ နောက်တစ်ခါ ထပ်ပြီးဆုံပါစေဦး။ ဒင်းကို စိတ်မချမ်းသာစရာတွေ ဖန်တီးပေးချင်နေတာကိုက ပတ်သက်ဖို့ အကြောင်းတွေက ရှိပြီးသား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အောင်မလေး...မရွှေချော၊ ပေါ်လာသေးတယ်နော်၊ မနက်ကတည်းက ထွက်သွားတာ တခေမှတမော၊ အဒေါ်က သွားစရာရှိလို့ ဆိုတာကို တမင်ရွဲ့သွားသလားထင်ရတယ်"

အိမ်ထဲ ခြေမချရသေး။ ကြင်ယာတော် အန်တီလေးအသံ ညံ့စီစီက အရင်ထွက်လာသည်။ ကြင်ယာတော် ခြေတစ်ဖက်ကွေး ကာ ကြိုးသိုင်းဖိနပ်ကို ဖြစ်သလိုချွတ်ရင်း အိမ်ထဲ တောက်လျှောက် ဝင်လာတာက တံခါးဝ၌ ရပ်နေသော အန်တီလေးကို ကျော်ဖြတ်၍ ဖြစ်သည်။ ကြင်ယာတော်မျက်နှာထက် အုပ်ကျနေသော ဖီးညှို ရောင် မျက်မှန်ကို လက်တစ်ဖက်က ဆွဲချွတ်ကာ ဆိုဖာဆီ ဝင်ထိုင် မိသည်အထိ အန်တီလေးရဲ့ နှုတ်တိုက်ရှုတ်ချမှုက တစ်စက်မှ

ဝို : ဝို : ၈ ၁ ၆ ပ



မနား။

"ပြောရင်လည်း မကြားသလိုလို၊ နှာခံတော့မယောင်နဲ့ ပြီးရင် ထင်ရာလုပ်သွားတာချည်းပဲ၊ အဲဒါကြောင့် ကိုကိုကြီးကိုပြော တာ၊ ဟွန်း...ညီမယောကျ်ားယူမယ်ဆိုတုန်းက ကြိမ်းလိုက်မောင်း လိုက်ရတာ ကျားစီးဖားစီး၊ သူ့သမီး အရွယ်တဖြည်းဖြည်းရောက် လာမှပဲ ကိုကိုကြီး ရည်ရွယ်ချက်ကို သိတယ်"

"အဲဒါ အန်တီလေး နံ့တာပေါ့၊ ဒက်ဒီက စီးပွားရေးတင် မကဘူး သားသမီးအရေးပါ ကွက်ကျော်မြင်တာလေ"

"ဟုတ်ပ၊ ငွေတစ်ပြားမှမကုန်၊ အင်မတန် စိတ်ချရတဲ့ ကလေးထိန်းကြီး ရထားတာလေ၊ ခံလိုက်ရတဲ့ဝဋ်၊ ညည်း ငါးနှစ် သမီးကတည်းက အခု ဆယ့်ငါးနှစ်နီးပါး၊ ယောက်မသူငယ်ချင်း ကလည်း ကောင်းလိုက်တာ၊ ကိုယ့်သမီး ကိုယ်ပြန်ခေါ်မယ် မစဉ်းစားဘူး၊ အနှင်းက ငယ်ကတည်းက သမီးကိုထိန်းလာလို့ သမီးအကြောင်း သိတာတဲ့၊ သူကတော့ ယောကျ်ားပဲထိန်းလို့ ယောကျ်ားအကြောင်းပဲ သိတယ်တဲ့၊ ပြောတတ်လိုက်တဲ့ စကား လေး၊ ရွှေချရုံမကဘူး စိန်စီထားသင့်တဲ့ နှုတ်ခမ်းလေး"

အန်တီလေးက သူ့အစ်ကိုကိုရော ယောက်မဖြစ်သူကိုပါ ပြောရင်းဆိုရင်းက ကြင်ယာတော်နှင့် မျက်နှာချင်းဆိုင် ဆိုဖာမှာ

ဝို : ဝို : ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်သည်။ ကြင်ယာတော် အခေါ် အန်တီလေးက အပျိုကြီး ပီပီ အင်မတန် လှချင်သည်။ လှချင်သလောက် ပြင်တတ်ဆင်တတ်သောအခါ လှလည်းလှ နုလည်းနုပျိုပါ၏။ အခုလည်း ကျော့လယ်လောက် ဆံပင်အား နီညိုရောင်ဆိုးကာ ဒီအတိုင်း ဖြန့်ချထားကာ ဘေးနှစ်ဖက်မှ ကျောက်စီကလစ်နှင့် သိမ်းတင်ထားသဖြင့် အမြင်မှာ မကလက်ပဲ ပိုတင့်တယ်သွားသည်။ ဘယ်အခါမှ ပါတိတ်ဝမ်းဆက်တွေ၊ ဗမာအင်္ကျီတွေမဝတ်။ တွေ့တဲ့အခါတိုင်း ရယ်ဒီမိတ်ချည်ထည်ကိုယ်အတိအင်္ကျီနှင့် ရယ်ဒီမိတ် ဆွဲသားစကဒ်ရှည်တွေသာ တွဲဖက်ဝတ်တာမို့ ရှိရင်းစွဲအသက်လေးဆယ်အား ဆယ်နှစ်လောက် လျော့ကျတဲ့အထိ ရုပ်ကထွက်သည်။ ကြင်ယာတော်နှင့် အပြင်တွဲထွက်လျှင် အစ်မအကြီးဆုံးနှင့် ညီမအထွေးဆုံးလေးအလား ထင်မှတ်မှားရတဲ့အထိ။ ထို့ကြောင့် မာမီက မြန်မာပြည်ပြန်လာတိုင်း အန်တီလေးကိုကြည့်ပြီး တဖွဖွပြောသည်။

"အနှင်းကမှ တကယ်နုပျိုတာ၊ ဒီမှာက Q.10 တွေသုံး၊ နိုက်ခရင်(မ်)တွေ ဒေးခရင်(မ်)တွေ အထပ်ထပ်လိမ်းတာတောင် အရေးအကြောင်းက ထင်ချင်နေပြီ၊ ဗိုက်ဆိုလည်း သူ့လိုချပ်ကပ်မနေဘူး၊ မနည်းကြီး အစားအသောက်နဲ့ ချထားတာတောင် ရှုတူတူ"





မာမီက ညည်းတွားတိုင်း အန်တီလေးက မျက်စောင်းတဝင့်ဝင့်။

"တူမလားဟဲ့၊ သူကဖြင့် ကလေးတစ်ယောက်မွေးပြီးသား၊ ဒီက အခုထိအပျိုကြီး၊ တစ်ကိုယ်တည်းလေ၊ အရင်က နင်ပိုလှတာ စာရင်းမဝင်တော့ဘူး ခင်လေး၊ ဘယ်လောက်လှလှ နင်က လင်နဲ့သားနဲ့"

အပျိုကြီးဆိုပြီး အန်တီလေးက သူ့ကိုယ်သူ ဂုဏ်လုပ်ပြီး မာန်တက်ပြတော့ မာမီကလည်း အားကျမခံ။

"အေးလေ…ငါလှတာ နင်မနာလိုလို့ နင့်အစ်ကိုကြီးနဲ့ ငါ့ကို အတင်းပေးစားခဲ့တာ မဟုတ်လား၊ ငါ့အလှပျက်ရတာ နင်တရားခံ"

"အောင်မယ်…အခုတော့ ဒီစကားထွက်လာပြီပေါ့၊ အစ်ကိုကလည်း ပါဝါသုံးပြီး စာပေးခိုင်း၊ သူငယ်ချင်းက ငါတိုက်တွန်းတော့ မူနေပြီး ချစ်သူဖြစ်သွားတော့ ငါတောင်မသိရတဲ့အဖြစ်ကိုများ"

"လက်ထပ်တော့မှ သူတို့အဖြစ်က ဘွားဘွားကြီးပေါ်တာ၊ အဲဒါကိုများ ငါ တရားခံတဲ့၊ ကျလည်းကျလောက်ပါရဲ့"

ဆုံမိကြတိုင်း သူနိုင်ကိုယ်နိုင် စကားနိုင်လုပေမဲ့ မာမီနှင့်



www.burmeseclassic.com

www.burmeseclassic.com



အန်နီတီလေးတို့က ညီအစ်မချင်းထက် ပိုတဲ့သံယောဇဉ်ကိုယ်စီနဲ့ပါ။ ငယ်သူငယ်ချင်း၊ သမီးယောက်မက ရှိပြီးသား ခင်မင်မှုအပေါ် မိသားစုဆိုသော စည်းလုံးခြင်းပါ ထပ်အရောင်တင်သောအခါ မာမီနှင့်ဒက်ဒီက မွေးသော ကြင်ယာတော်ကို မခွဲမခွာရက်အောင် ချစ်ခဲ့တာ အန်နီတီလေးပင်။ ဒက်ဒီတို့ နိုင်ငံခြားထွက်စက ကြင်ယာတော်ကိုပါ ခေါ်သွားခဲ့တာကို တစ်လမပြည့်သေး အတင်းပြန်ခေါ်တာ အန်နီတီလေးပင်။

"အခုကျတော့"

ကြင်ယာတော် နှုတ်ခမ်းလေးလှုပ်ရုံ ရေရွတ်ပြီး မျက်လုံးဝင့်ကြည့်သည်။ ဒါကိုပဲ ကြင်ယာတော် လှုပ်ရှားမှုအား မျက်တောင်မခတ် ကြည့်နေသော အန်နီတီလေးက···

"အရင်ကတော့ ချစ်လွန်းလို့၊ အခုကျတော့ နောင်တရနေပြီ၊ အန်နီတီလေးက အပျိုကြီးပီပီ အပြောင်းအလဲ သိပ်မြန်တာပဲ၊ ဒါပဲ ညည်းပြောမလို့မဟုတ်လား ကြင်ယာတော်၊ အေး···အဲဒီလို အပြောင်းအလဲမြန်ချင်လို့ အပျိုကြီးလုပ်တာပါဆို၊ အခုမှ သားတစ်ကောင်နဲ့ တို့လို့တွဲလောင်းဆိုတာမျိုးလေ၊ တို့လို့တွဲလောင်း ပါစေ ရပါတယ်၊ ငါ စိတ်မပျက်ပါဘူး၊ အခုက ငါသွားစရာရှိတယ်လို့ ပြောထားတဲ့ကြားက လူမထင်လုပ်တာလေ၊ ဖုန်းဆက်





တော့လည်း လူကြီးမင်းနဲ့ချည်း တိုးနေတာ၊ ညည်း ဘာကောင်းလဲ ကြင်ယာတော်၊ ငါ့မှာတော့"

"အားကျီးမား"

ကြင်ယာတော်က နားနှစ်ဖက်ပိတ်ပြီး ကိုရီးယားကားတွေထဲက ခေါ်သံအတိုင်း အော်သည်။ အဲဒီခေါ်သံကို ခေါ်နှင်းဆီတို့က ဆွေ့ဆွေ့ခုန်အောင် မုန်းသည်။

"ငါ့ကို အဲဒီလိုမခေါ်နဲ့လို့ ပြောထားတယ်မဟုတ်လား၊ အားကျီးမားလို့ အခေါ်ခံရတိုင်း အိမ်ဖော်စော်နံတယ်ဟဲ့ သိလား"

"သိပါတယ်၊ ဒါပေမဲ့ အန်နီတီလေး ဆက်ပွားနေရင် ကြင်ယာတော်ကလည်း အန်နီတီလေးမကြိုက်တာ အော်မှာပဲ၊ ကဲ လုပ်ပါ အန်နီတီလေးကလည်း၊ သွားမယ်ဆို ကြင်ယာလိုက်ပို့မယ်"

ဒီလိုဆိုတော့လည်း တူမချောကို အန်နီတီလေး ကျေနပ်သွားပြန်သည်။

"ညည်း ထမင်းမစားတော့ဘူးလား"

"မစားတော့ဘူး၊ လမ်းကြမှ ကြုံရာဝင်ဆွဲမယ်"

"ပြီးရော···ငါ အကျႌသွားလဲဦးမယ်"

"ဒီအတိုင်းလည်း လှပါတယ် အန်နီတီလေးရာ"

ကြင်ယာတော်ပြောတော့ အန်နီတီလေးက သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကြည့်သည်။

"ဒါက အဟောင်းကြီးပါကွယ်၊ လန်းသွားအောင် အဝတ် လဲလိုက်ဦးမယ်"

အလှကြိုက်သော အန်တီလေးက အလှပြင်ဖို့ လေ့ကျင့်ဆီ အပြေးသွားတာက အပျိုဖျန်းလေးအတိုင်း ဖြစ်သည်။ ကြင်ယာတော်မှာသာ မြူးကြွဖျတ်လတ်နေသော ကိုယ့်အန်တီလေးကို နှာခေါင်းတွန့်ကာ လိုက်ကြည့်ရင်း…

"အဲဒီ ကျောင်းသားဟောင်း တွေ့ဆုံပွဲလည်း မြန်မြန်ပြီးခါမှပဲ၊ ပန်းပန်ဖို့ ကြိုဝယ်ရတာနဲ့၊ ဝတ်စုံကြိုချုပ်ရတာနဲ့၊ မိတ်ကပ်ဆရာမနဲ့ ဒိတ်ရတာနဲ့၊ ဒါပဲနော် အန်တီလေး အန်းတိတ်လေး တွေ့ဆုံပွဲမှာ အန်းတိတ်ကြီးတွေကို အစွံထုတ်မလာနဲ့"

အော်ဖြစ်အောင် အော်တော့ အန်တီလေးက မျက်စောင်းကြီး ဒိုင်းခနဲထိုးသည်။ ကြင်ယာတော် အန်တီလေး ဒေါသဖြစ်တာကို ကြည့်ပြီး သဘောကျစွာ ရယ်လိုက်သည်။ တစ်ခါတစ်ခါတော့ သူတစ်ပါးရဲ့ဒေါသက ကြင်ယာတော်အတွက် ဟာသဖြစ်သွားတာ ထုံးစံတစ်ခုလို။

◆ ◆ ◆



အခန်း (၇)

"ဒီမှာပဲ ရပ်တော့မယ်နော် အန်တီလေး"

"လိပ်စာက ဒီမှာမှမဟုတ်တာ၊ ပြီးတော့ သူများဆိုင်ရှေ့ကြီးမှာ"

"ကြင်ယာ ဗိုက်ဆာလို့"

အန်တီလေး နောက်ထပ် ဘာမှမပြောခင် ကားတံခါးဖွင့်ပြီး ကြင်ယာတော် ဆင်းချသွားသည်။ ဒေါ်နှင်းဆီက ဘေးဘီကို မျက်လုံးဝေ့ကြည့်ပြီး ဟဲ့ခနဲ လိုက်အော်ကာ သူမပါ ကားပေါ်က ဆင်းလာ၏။ မြေပြင်ပေါ် ခြေချရုံရှိသေး ကြင်ယာတော်ကတော့ အိမ်နှင့်ဆိုင်တွဲလျက် ပလပ်စတစ်ခုံလေးတွေ ဗိုင်းဖွဲ့ချထားသော



www.burmeseclassic.com

www.burmeseclassic.com



အတွင်းထဲ လှမ်းဝင်သွားပြီဖြစ်သည်။

"ဘာရလဲဟင်"

"ဪ...သမီး ထိုင်ကွယ်"

လူရိပ်မြင်မှ နောက်ဖေးခန်းထဲက ထွက်လာသော အန်တီကြီးက ဖြူဖြူဝဝမှာ အရပ်အနည်းငယ် ပုတာကြောင့် ဝွမ်းထွေးကြီးလိုမို့လာသလိုပင်။ ခါးမှာ အေပရွန်စည်းပြီး ချိုမြသော အပြုံးနှင့်မို့ မြင်မြင်ချင်း ကြင်ယာတော် စိတ်ထဲသဘောကျသွားသည်။ ဒီဆိုင်မှာ ရသော အစားအစာကို အားပေးချင်စိတ်က တဒင်္ဂအတွင်း ဖြစ်ပေါ်သည်။

"ရှမ်းခေါက်ဆွဲ၊ မြီးရှည်၊ တို့ဟူးနွေး ရတယ်သမီး၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ထမင်းဖြူလည်းရတယ်"

"မေမေကလည်း ဆီချက်လည်းရတယ်၊ ပြီးတော့ အအေးစုံလည်း ရပါတယ်ပြောလေ"

အန်တီကြီးရဲ့ နောက်နားကျကျမှာ ထွက်ပေါ်လာသော ကလေးဆန်ဆန်အသံလေးကြောင့် ကြင်ယာတော်က မျက်လွှာပင့်အကြည့် မြင်လိုက်ရတာက ချစ်စရာ မိန်းမချောလေးတစ်ယောက်နှင့် အကြည့်ချင်းဆုံအပြီးမှာ ကြင်ယာတော်ရလိုက်တာက နွေးထွေးပျူငှာသော အပြုံးလေးတစ်ခုဖြစ်သည်။





"ဟိုနေ့ကမှ ဆီချက်တွေ၊ အအေးတွေက နောက်တိုးလေ၊ အဲဒါကြောင့် မေမေ ထည့်ပြောဖို့ မေ့နေလို့ ပန်းက သတိပေးတာ"

ကလေးမလေးက သွက်သွက်လက်လက်။ ကြင်ယာတော် ထိုင်နေရာစားပွဲကို အဝတ်စတွေနှင့် သုတ်ပေးရင်းက ဆိုင်ထဲနောက်မှ ဝင်လာတဲ့ အန်တီလေးကိုလည်း...

"ကြွပါရှင့်...ဘာသုံးဆောင်မလဲ"

ပျူငှာစွာ လှမ်းဖိတ်နေသေးသည်။

"အေးကွယ်...အန်တီက ကိုယ်လုပ်နေကျတွေကိုပဲ ပြောနေတာ၊ ဒီက အန်တီ့သမီးပြောတဲ့ အစားအစာပါ ရပါတယ်"

"ဒါဆို ရှမ်းခေါက်ဆွဲတစ်ပွဲ၊ မြီးရှည်...အဲ...တို့ဟူးကြော်နဲ့ ဆီချက်"

"ဗိုက်ဆာတဲ့လူက မှာလေ"

အန်တီလေးက ကြင်ယာတော်ပခုံးကို ဖျတ်ခနဲ လှမ်းရိုက်ရင်း...

"အန်တီလေး မစားဘူးနော် ကြင်ယာတော်"

"ကြင်ယာပဲ စားမှာပါ"

"အများကြီးကို"

ရင်ဘတ်ဖိရင်း အန်တီလေးကအော်တော့ ဆိုင်ရှင်သားအမိ



www.burmeseclassic.com

www.burmeseclassic.com



က ရယ်လေသည်။ ကြင်ယာတော်က ပလပ်စတစ်ခုံပုလေး နောက်တစ်ခုံဆွဲကာ တင်ပလ္လင်ခွေထိုင်ရင်း…

“ကြင်ယာ ဗိုက်ဆာနေတယ်လို့ ပြောထားတယ်လေ”

“ညည်းတော့ အဆီတွေ တက်တော့မှာပဲ ကြင်ယာတော်ရယ်”

“တက်··တက်ပဲ၊ အလုပျက်မှာစိုးလို့ အစားရှောင်ရတာမျိုး ကြင်ယာတော်တော့ မလုပ်ချင်ပေါင်၊ ဟွန်း…အဲဒါလည်း ခေတ်သစ်ပြဿနာတစ်မျိုးပဲ”

အကြောင်းသိ တူအရီးချင်းမို့ ကြင်ယာတော်က အစားအသောက်ရှောင်သော အဒေါ်ကို နှိပ်ကွပ်မှန်းသိသည်။ ဒီကလေးရဲ့ အကျင့်ဟာ ဒီအတိုင်း။ ပြောချင်ပြီဆို လူရှေ့သူရှေ့မရှောင်။ ပါးစပ်ထဲရှိရာ တတွေးကြီးကို အန်ထုတ်ပစ်တတ်တာ။ ဒေါ်နှင်းဆီက တူမဖြစ်သူအား မကျေမချမ်းကြည့်ရင်း ဒီအတိုင်းထိုင်နေလည်း မကောင်းတာမို့…

“သံပရာရည် ရလားဟင်”

“ရတယ် ညီမလေး”

“ချဉ်ချဉ်လေးတစ်ခွက်”

“ဟုတ်…ရမယ် အန်တီ၊ မေမေ နောက်ဖေးမှာလုပ်၊





ပန်း ဖျော်ပေးလိုက်မယ်”

ပန်းက လှစ်ခနဲ အအေးဖျော်သောနေရာကို ဝင်သည်။ မေမေက နောက်ဆံတင်းသလို လှမ်းကြည့်ရင်း…

“စာသွားကျက်ပါ ပန်းရယ်၊ တော်နေ ညည်းအစ်ကိုလာတော့မှာ”

“ဟင်…ကိုကိုက ထမင်းပြန်စားမှာ”

“အေးလေ…ဟိုအစားအသောက် ထုတ်ထားတဲ့ ဗီနိုင်းလည်း ပြန်လာပေးမှာပဲ၊ သွား··သွား တော်ကြာ စာမကျက်တာတွေ့ရင် အဆူခံထိနေဦးမယ်”

“ပန်း…စာတွေရပါပြီ မေမေရဲ့၊ မေမေ့ကိုကူရင်း ပန်းဦးနှောက်လည်း ဆေးနေတာ”

ပန်းဆိုသူလေးက အသားညိုညိုလေးပေါ်မှာ ရယ်လိုက်တိုင်း ပါးချိုင့်တွေ၊ သွားတက်လေးတွေ ထင်းခနဲ ပေါ်တာမို့ ကလေးဆန်ဆန် မျက်နှာလေးနှင့်။ ကုတ်ဝဲတိုဖောင်းဖောင်းလေးမို့ နုပျိုလွန်းနေ၏။ ကြင်ယာတော်က ကလေးမလေးရဲ့ ပုံစံလေးကို သဘောကျငေးရင်း အနားရောက်လာလျှင် စပ်စုရန် စိတ်ထဲတေးထားသည်။ နေ့လယ်ခင်းမို့ တစ်ဆိုင်လုံးမှာ စားသုံးသူက ကြင်ယာတော်တို့ တူအရီးနှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"သံပရာရည် ရပါပြီ"

"အေး…သမီး၊ ဒါနဲ့ ဒီလမ်းထဲမှာ အနံ့တီစန်း သစ်ခွခြံ ဆိုတာ သိသလားဟင်၊ သစ်ခွသာ ပြောတာပါ သူ့ခြံထဲမှာ နှင်းဆီ၊ သဇင် အစုံရှိတာလေ"

ကြင်ယာတော်က စပ်စုမယ်ကြံတုန်း အရင်အကြံဦးသွားတာ အနံ့တီလေးဖြစ်သည်။ ကြင်ယာတော်က အနံ့တီလေးကတော့ သူ့ကိစ္စ အရမ်းအရေးကြီးနေပြန်ပါပြီလို့ ထုတ်မပြောရုံတမယ် လှမ်းကြည့်သည်။ သံပုရာရည်လာချပေးသော ပန်းက နှစ်လိုဖွယ်ပြုံးရင်း

"သိတယ် အနံ့တီ၊ ပြီးရင် ပန်း လိုက်ပို့ပါ့မယ်"

"ဟဲ့…ဘယ်ကိုလဲ သမီး"

ပန်းမေမေက လှမ်းမေးသည်။

"အနံ့တီစန်းခြံကို မေမေ"

မေမေ့ကို လှမ်းဖြေရင်း ပန်းက ထိုစားပွဲမှာ ဝင်ထိုင်လိုက်သည်။ အနံ့တီစန်းခြံ လိုက်ပို့မည်ဆိုတာနှင့် အနံ့တီကြီးက ပြုံးကျသွား၏။ ပန်းက မျက်နှာပေါက်ဆင်ပေမဲ့ ပိုချောသော ဒီဘက်က အစ်မကို လှည့်ငေးရင်း ပြုံးကာ မိတ်ဖွဲ့သည်။ ကြင်ယာတော်ကလည်း နပိုကတည်းက စပ်စပ်စုစုမို့…

"ညီမလေးက ကျောင်းတက်တုံးလား၊ ဘယ်နှစ်တန်းလဲ"





"ရှင်…အဟင်း"

မေးတာမဖြေဘဲ ပန်းက ရယ်ချတာကြောင့် ကြင်ယာတော် မျက်လုံးလေး ဝိုင်းသွားသည်။

"ဟယ်…ဒီကောင်မလေး၊ ဘာလို့ရယ်တာလဲ၊ အစ်မက မေးတာ ဖြေမှပေါ့"

"ရှက်စရာကြီး မေမေရဲ့"

ပန်းက လက်ညှိုးကိုက်ပြီး မအေကို ပြန်ပြောနေပုံက တကယ်အရှက်သည်းသောပုံစံ။ ဒေါ်မေဝါက သမီးဖြစ်သူအကြောင်း သိပြီးသားမို့ မုန့်ပွဲတွေ လာချပေးရင်းက…

"ဆေးကျောင်း ပထမနှစ် သမီးရေ၊ သူ့မှာ အဲဒါဖြေရတာကို ကြွားသလို ဖြစ်မှာစိုးလို့တဲ့၊ ရှက်နေတာ"

"ဆေးကျောင်းဝင်တာ အရမ်းတော်တာပေါ့၊ ညီမလေးက ဆရာဝန်အလုပ်ကို စိတ်ဝင်စားလို့လား"

"လုံးဝပဲ မမရဲ့"

ပန်းက နှာခေါင်းရှုံ့ပြီး ငြင်းပုံက သွက်သွက်လက်လက်။

"ကိုကိုက တက်ရမယ်ဆိုလို့၊ ပန်းက ရှီးရှီးဘွဲ့တစ်ဘွဲ့ယူပြီး အလှပြင်သင်တန်း တက်ချင်တာ၊ မမတို့လို လှလှချောချော



www.burmeseclassic.com

www.burmeseclassic.com



လေးတွေမြင်ရင် သိပ်သဘောကျတာလေ၊ ကိုယ့်ကိုယ်ကို လှအောင် ပြင်ချင်တယ်၊ သူများကိုလည်း လှအောင် ပြင်ပေးချင်တာ၊ မမ အလှက တကယ့်အင်တာနေရှင်နယ်ဆန်တယ် သိလား၊ ဆံပင်ရော၊ အရပ်အမောင်း၊ အသားအရေ ဘာမှပြောစရာမရှိဘူး၊ မမကိုတွေ့တာနဲ့ ချစ်သွားလို့ ပန်း အိမ်ပေါ်ကနေ ပြေးဆင်းပြီး စားပွဲထိုးလာလုပ်တာသာကြည့်တော့"

"သြော်…ဖြစ်ရလေ ပန်းရယ်"

ကြင်ယာတော်က တရင်းတနှီး ရေရွတ်ရင်း တို့ဟူးကြော်ပန်းကန်ကို ပန်းဘက်ထိုးပေးကာ…

"စားလေ၊ ထပ်မှာဦး၊ ကြင်ယာ ကျွေးမယ်"

"မမနာမည်က"

"ကြင်ယာတော်"

"ပန်းက ပန်းရသပါ"

"ပန်းရသ"

ကြင်ယာတော် ရေရွတ်ရင်း အာရုံထဲ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရမိသည်။ ထိုသတိရသောလူရဲ့ ရုပ်လုံးမပေါ်ခင်မှာပဲ…

"ကဲ…သမီးလေးရေ သူက အလှဦးကာဖွဲ့ပြရင် သဘော





တွေကျပြီး ဆက်ထိုင်နေဦးမှာ၊ အန်တီ့ကို ပန်းခြံဘယ်မှာလဲ လိုက်ပို့ဦးလေ"

"အဲဒီ အန်တီလေးကလည်း အလိုက်ကိုမသိဘူး၊ သူများစကားကောင်းနေတာကို"

"ကောင်းလည်း ပြီးမှပြော၊ လာတာက ကျုပ်ကိစ္စ ပန်းဝယ်ဖို့၊ ရောက်ရာနေရာမှာ ညည်းက မင်းသမီးဆိုတော့"

ကြင်ယာတော်က မုန့်မွှေရင်း မကြားတကြား ရေရွတ်သည်။ ပန်းကတော့ အပျံသင်စ လိပ်ပြာလေးနှယ်။ ဖျတ်ခနဲ ထရပ်ရင်း…

"ကဲ…မမ အေးအေးဆေးဆေးဟား၊ ခြံက နီးနီးလေး၊ ပန်း လိုက်ပို့လိုက်ဦးမယ်"

ပန်းက အန်တီလေးနှင့် ထွက်သွား၏။ ဒီတော့မှ ဆိုင်ရှင် အန်တီကြီးက ဟင်းချိုပန်းကန်တွေ လာချပေးရင်း…

"အန်တီ့အမျိုးသား ဆုံးပြီးကတည်းက ဒီအိမ်မှာ သားကြီးကိုပဲ အားကိုးလာရတော့ သူ့စကားဆို မပယ်ရှားရဲဘူး သမီးရဲ့၊ ပန်းရဲ့ဝါသနာက တစ်မျိုး၊ အမှတ်က ဆေးကျောင်းဝင်တော့"

"သြော်…ဝါသနာက နောက်လုပ်ရတာပဲ အန်တီရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးဝင်တဲ့အမှတ်ရဖို့ လွယ်တာမှမဟုတ်တာ''

''ဟုတ်တယ် သမီးရဲ့၊ သားတုန်းကလည်း ဆေးဝင်တာပဲ၊ အဲဒီနှစ်ပဲ သားတို့အဖေ ဆုံးသွားတော့ သားက အဝေးသင်ပြောင်းလိုက်ရတာလေ၊ ဟိုတလောကပဲ ဒုတိယနှစ်ဖြေပြီးတာ''

''ဪ…ဘာမေဂျာလဲဟင်''

အဝေးသင်ချင်း အတူတူမို့ မေးမိပေမယ့် စိတ်ထဲက အထူးသိချင်လှတာတော့ မဟုတ်။

''အီကိုလေ သမီးရဲ့၊ ဟော…ပြောရင်းဆိုရင်း သားတောင်ပြန်လာပြီ''

အန်တီကြီးက ကြင်ယာတော်အနားမှ ဖျိုးဖျပ်နှင့် ဝင်ပေါက်ဆီ ထလျှောက်သွားသည်။ ကားစက်သပ်သံ၊ ကားတံခါးပိတ်သံ ခပ်အုပ်အုပ်နှင့်အတူ…

''ဒါ…ဘယ်သူ့ကားလဲ မေမေ၊ ဆိုင်ရှေ့ကြီးမှာ ပိတ်ရပ်ထားတာ''

မမေ့နိုင်အောင် ရင်ထဲစွဲမြဲနေသော အသံ။ ချစ်လွန်း၍ မှတ်ထားတာမျိုးမဟုတ်။ ပြင်းထန်ကြီးမားသော ဒေါသစိတ်ကြောင့် အမှတ်ရနေတာမျိုးဆိုလျှင်။ ကြင်ယာတော် ခပ်မဲ့မဲ့အပြုံးဖြင့် ဆိုင်ထဲ





ဝင်လာမည့်သူအား ဆီးကြိုနေလိုက်သည်။ ဘယ်တိုက်ပွဲမဆို ကိုယ့်ဘက်က ပြင်ဆင်ခွင့်ရခဲ့လျှင် အနိုင်က လက်တစ်ကမ်းမှာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟင်...မင်း"

"ဘာလဲ...ရှင့်နောက် လိုက်နေပါတယ် စွပ်စွဲမလို့လား၊ စိတ်မဝင်စားဘူးနော်၊ ဒါ မတော်တဆ"

နှုတ်ဆက်ပုံက သင်းသည်။ အနီရင့်ရောင် စပို့ရှပ်၊ အနက်နှင့်အနီ ရောကွပ်ထားတဲ့ ချည်ပုဆိုးနှင့် ဘုရင့်မျက်နှာက အင်္ကျီရဲ့ ရောင်ပြန်ကြောင့်လားမသိ ရဲရဲနီစွေးနေသည်။ ဘုရင်က ဆိုင်ထဲ အခန့်သားထိုင်စားနေသော ကြင်ယာတော်ထံမှ မျက်ခနဲ အကြည့်လွှဲလိုက်၏။

"မတော်တဆကလဲ အင်္ကျီအရောင်ချင်းပါ တစ်ထပ်တည်းကျနေတာ အံ့ဖွယ်ရာပဲ"





"ဟင်...ဒါက"

ချေပရန် ပြင်ပြီးမှ စကားတို့က ရှားပါးစွာ။ အနီရင့်ရင့် ခါးရှည်အင်္ကျီနှင့် အနက်ရောင် ဂျင်း(န်)က ဒူးဖုံးရုံကို ခါးပတ် အသေးလေး တွဲဝတ်ထားတာမို့ ကြင်ယာတော်မျက်နှာက ဒေါသ အရှိန်ကြောင့် နီမြန်းမြန်းဖြစ်သွား၏။ နောက်က လိုက်ဝင်လာတဲ့ မေမေက ဘုရင့်နှင့် ကြင်ယာတော်ထံ တစ်လှည့်စီ လှမ်းကြည့် သည်။

"သားနဲ့သမီးက သိနေကြတာလား"

"မသိဘူး"

"သိတယ်"

"အယ်"

ပြိုင်တူထွက်လာပေမဲ့ အဖြေချင်းက မတူ။ ဒေါ်မေဝါက နှုတ်ခမ်းကို လက်နှင့်သုတ်ရင်း စုပုပ်ပွထနေသော သားဖြစ်သူ ဘုရင့်ရဲ့ မသိဘူးဆိုသည့် စကားကို လက်ခံရမလား။ အောက်နှုတ် ခမ်းကို သွားနှင့်ကိုက်ပြီး သားဖြစ်သူဘုရင်ကို မကျေမချမ်း ကြည့်နေသော ကြင်ယာတော်ဆိုသည့် ကောင်မလေးစကားကို အတည်ယူရမလား တွေးဆဲမှာပင်...

"သိတယ် အန်တီ၊ ကြင်ယာတော်နဲ့ တစ်မေဂျာထဲပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျောင်းမှာ အန်တီ့သားက နာမည်ကကြီးပြီးသား"

"ဟိတ်…မင်း"

"ပြောမှာပဲ"

ကြင်ယာတော်က နှုတ်ခမ်းတွေကို စုလုံးပြီး နားဆွဲအနီတွေပါ ခါသွားအောင် မျက်နှာကို ဆတ်ခနဲ ယမ်းသည်။ ပြီးမှ ခပ်ထေ့ထေ့ပြုံးရင်း…

"မာနမင်းသားတဲ့"

"ဟောတော့"

"အလကားပါ အန်တီရာ၊ အဲဒီနာမည်ကြီးက မကောင်းဘူးသိလား၊ လူ့ရိုက်ပေါက်ကြီး"

စကားပြောတိုင်း ကြင်ယာတော်နားမှ နားဆွဲက ခါသွားသည်။ နှာခေါင်းကိုရှုံ့ပြီး လက်ဟန်များများနှင့် ပြောပုံက ရိုက်ပေါက်ဖြစ်နေတာ သူမကိုယ်သူမ မသိ။ ဘုရင်က သူနှင့်ကြင်ယာတော် ဆက်စပ်မှုအား အံ့သြနေသော မေမေ့ကို တစ်ချက်လှမ်းကြည့်ရင်း…

"ရိုက်ပေါက်ဖြစ်တာ ကောင်းတာပေါ့ မေမေ၊ လူအလိုက်မခံရတော့ဘူး"

"ရှင်နော် စကားပြောတာဆင်ခြင်"





ဘုရင့်စကားက ချက်ကောင်းထိသွားသလို ကြင်ယာတော်က ရူးရူးဝါးဝါး ထအော်သည်။

"ဆင်ခြင်ရမှာ မင်း၊ လူလိုက်လို့ပြေးရတာ တော်သေး၊ အေး…ခွေးလိုက်မှ ပြေးပေါက်မှားနေမယ်၊ သတိထား"

"ဘာမှသတိထားစရာမလိုဘူး၊ တိရစ္ဆာန်က ရှင့်ထက် ပိုနားလည်တယ်"

"ဒါပေါ့၊ အမျိုးချင်းဆိုတော့ နားလည်မှုပေးနိုင်မှာပေါ့"

"ရှင်…တော်တော့နော်"

ဒေါသဖြစ်ဖြစ်နှင့် ကြင်ယာတော်က ကျုံးအော်သည်။ ဘုရင်က ဒေါသဖြစ်နေသော ကြင်ယာတော်မျက်နှာကိုကြည့်ကာ မထိတရိ ကြည့်ပြီး မချိုမချဉ်နှင့် နှာခေါင်းတွန့်သည်။

"မင်းလည်း တော်တော့"

"ဟဲ့…သား၊ ညီ့သည်ကို ဒီလိုမပြောရဘူးလေ"

"တွေ့တယ်မဟုတ်လား အန်တီ၊ သူ ဘယ်လောက် မိုက်ရိုင်းလဲဆိုတာ"

ကြင်ယာတော်က ဘုရင့်မေမေဘက် လှည့်ပြီး တိုင်သည်။

"အန်တီသားကို အန်တီ ဆုံးမပါမယ်ကွယ်"

"သား…ဧည့်သည်ကို တောင်းပန်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဘာမှမပြောနဲ့ သား၊ မေမေနိုင်းရင် နိုင်းတဲ့အတိုင်း လုပ်၊ ဒီသမီးလေးက မေမေ့ဆိုင်က ဧည့်သည်"

ဒေါ်မေဝါ စကားကြောင့် ဘုရင် ဘာမှဆက်မပြောနိုင်တော့ဘဲ သူ့မျက်စိရှေ့က ကြင်ယာတော်မျက်နှာလှလှလေးကို စိုက်ကြည့်လိုက်သည်။ ကြင်ယာတော်ကလည်း မျက်တောင်တစ်ချက် မခတ်ဘဲ ဘုရင့်မျက်နှာကို ခပ်တည်တည်စိုက်ကြည့်နေ၏။

"ဆောရီး"

ဘုရင့်လေသံက တုံးတိတိ။

ကြင်ယာတော်ကို ဒါပဲပြောပြီး နေရာက ချာခနဲလှည့်ထွက်သွား၍ ဘုရင့်မျက်နှာပေါ်က အပြောင်းအလွဲကိုတော့ မမြင်ရ။

အင်း...ဒီနှစ်ပြည်ထောင်ရဲ့ ရန်စက ဘယ်မှာစအမြစ်တွယ်ခဲ့ပါလိမ့်။

◆ ◆ ◆



# အခန်း (၄)

"မမကို ပန်းတော့ ခင်တယ် ကိုကိုရ၊ ချောလည်းချောတယ်၊ ချမ်းလည်းချမ်းသာတယ်၊ ဒါပေမဲ့ မာနကျတော့ မရှိပြန်ဘူး"

"ဟုတ်ပါတယ် သားရယ်၊ ဒီခေတ်မှာ သူ့အဆင့်အတန်းနဲ့ သူရှိတဲ့သူတွေချည်းပဲ၊ သားပြောတာဆိုတာ တအားဆိုးတာပဲ၊ အဲဒီလောက်အထိ မပြောနဲ့ သားရယ်၊ ကိုယ့်မှာလည်း ညီမလေးရှိတာပဲဥစ္စာ၊ ညီမချင်း ကိုယ်ချင်းစာကြည့်ပေါ့"

အဲဒီ ညီမချင်း ကိုယ်ချင်းစာလို့ ဒီလိုပြဿနာတွေဖြစ်လာတာ တောက်လျှောက်လို့ ဘုရင့်စိတ်ထဲက အော်ပစ်ချင်စိတ် ပေါက်လာသည်။ နှမချင်းစာနာ၍ပဲ ကြင်ယာတော်ရည်းစားအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ဟန်ဆောင်သော အဖြစ်က ဒီနေ့အထိ မပြီးနိုင်မစီးနိုင်။ တွေ့တဲ့နေရာမှာ ဘုရင့်လက်မောင်း ဆွဲချိတ်တာလည်း ခံရသည်။ ခါးကို ဆွဲလွဲဖက်ပြီး ကိုယ့်ကျောပြင်နှင့် ကာကွယ်တာလည်းရှိသည်။ ဘုရင့်က မှီရာလက်ကို ရိုက်ချပြီး…

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"သိပ်ဖီး(လ်)ဖြစ်မနေနဲ့ ဘုရင်၊ ရှင့်ကို အသုံးလိုလို့ အသုံးချတာ၊ ချစ်လွန်းလို့ မထင်နဲ့"

လူကို လုပ်ချင်တိုင်းလုပ်၊ အသုံးချချင်တိုင်း ချပြီး ဘယ်တော့မှ ခဲယယမရှိ။ ဘုရင်က ကူညီရမှာကို ကြင်ယာတော်ဆိုသည့် သူမကို ခြေသလုံးဖက် တောင်းပန်နေရမည့်ပုံစံနှင့်။ ဆေးက ကြင်ယာတော် ဇာတ်ပို့တွေကလည်း သူမတူအောင် တော်ရှာသည်။ ဘုရင့်ဘေးနား ဝိုင်းကြီးပတ်ပတ်လို ကာပေးပြီး…

"ဒီတစ်ခါလည်း ကူညီပါ ဘုရင်ရယ်၊ အုပ်စိုးဆိုတာ အရမ်းဆိုးတာ၊ တွေ့တဲ့နေရာ ကားတင်ပြေးမယ် ပြောနေတာ"

"တင်ပြေးလည်း လိုက်သွားပေါ့၊ ယူမဲ့လူရှိတုန်း ယူထား"

"ယူမဲ့လူက ရှိပြီးသားရှင့်၊ မာနကြီးတဲ့သူတွေ တိတ်တခိုး ကျိတ်ပိုးပြီး ငိုနေရမှာစိုးလို့"





"ဟိတ်…မင်းစကားက ဘာစကားလဲ"

"ကြင်ယာတော်ပြောတဲ့အထိ ရှင့်နှာမည် မပါဘူးနော်၊ စိတ်ကူးတွေ သိပ်ယဉ်မနေနဲ့"

"ရှင့်လိုလူမျိုး ကြင်ယာတော် မစဉ်းစားဘူး"

"မင်းကိုလည်း ဘယ်သူမှ မစဉ်းစားနိုင်းပါဘူး"

"စဉ်းစားခိုင်းလို့လည်း မရဘူး"

ဘုရင့်မှာ ကြင်ယာတော်ကိုကြည့်ပြီး ဒေါသဖြစ်ရမှာလား မသိ။

"ကဲ…ရန်ဖြစ်မနေနဲ့၊ ဟိုမှာလာနေပြီ အုပ်စိုးက၊ ရယ်ဒီနော်"

ပြောတဲ့သူက ပြောတော့ ဘုရင့်မှာ သတိအနေအထား အဖြစ် ရပ်နေရသည်။ အဆုံးသတ်တော့ ကြင်ယာတော်ဆင်ထားတဲ့ ဇာတ်ကွက်အတိုင်း ဘုရင်က မရှိုးနိုင်သော သူမချစ်သူဖြစ်လေသတည်းပင်။ နောင်တနှင့်အတူ ဆုံးဖြတ်မိတာက နောင် ဘယ်အခါမှ မကူညီဘူးဆိုပေမဲ့ တွေ့လိုက်တိုင်း ကြင်ယာတော်ဘေးနား ရပ်ဖြစ်သွားတာက နှမချင်းစာနာသော စိတ်တစ်ခုကြောင့်ပင်။

"မေမေတင် ဘယ်ကမလဲ ပန်းကပါ သူ့ဘက်တော်သား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ''

ဝေယံအမေးကို ဘုရင်က ဖြေခြင်းမဟုတ်။ အကြောင်းသိနေသော မျိုးကျော်က ဝင်ဖြေခြင်းဖြစ်သည်။ ဝေယံကတော့ မှတ်ချက်ချသည်။

''ပိုင်တယ်ကွာ၊ ကြင်ယာတော်က''

''ဘာပိုင်တာလဲ''

''သိပ်ပြီး မကျေနပ်တာတွေ ဖြစ်ပြမနေစမ်းပါနဲ့ ဘုရင်ရာ၊ ကြင်ယာတော်က အညွှာကို ကိုင်ထားရုံတင်မကဘူး တစ်ပင်လုံး ရိုက်ချဖို့ တံချူပါ ဆောင်ထားတဲ့အဖြစ်ကို ပြောတာ''

''အေးလေ…မင်းနဲ့သူ့ကြားက ပြေလည်ခြင်းတွေက ကျောင်းပိတ်တာနဲ့ ပြီးသွားမှာလို့ ငါတို့က ထင်ထားတာ''

မျိုးကျော်ကပါ ဝင်ပြောသည်။ ဘုရင်က စကားဝိုင်းထဲ ဘာတစ်ခုမှ မှတ်ချက်မပေးပေမဲ့ သူတို့အတွေးနှင့် တစ်ထပ်တည်း ရှိနေမည်ဆိုတာ သိပြီးသား။

''အခုတော့ အိမ်နဲ့ပါ ပိုင်အောင်ပေါင်းထားတော့ မင်း အခက်တွေ့တာပေါ့''

''မေမေတို့အမြင်မှာ ကြင်ယာတော်ကို မာနမကြီးဘူးလေး ဘာလေးနဲ့ သူ့ရည်းစားအဖြစ် တစ်ခါဟန်ဆောင်ပြီးတိုင်း ငါ့ အမေးခံရတာက ဘယ်လောက်ပေးရမလဲတဲ့၊ မေးပုံကိုက စားသောက်ဆိုင် ဝင်စားပြီး ကျသင့်ငွေရှင်းသလိုမျိုး၊ မင်းကိုပေးခဲ့တဲ့ အကူအညီက အဲဒီလောက်လွယ်နေရင် လမ်းမှာတွေ့တဲ့ ယောကျ်ားတိုင်း သူ့ရည်းစားတော်လိုက်ဆိုတော့ တခြားယောကျ်ားတွေက ကျားတဲ့''

''ဒါဆို မင်းက ခြသေ့နဲ့ တူလို့နေမှာပေါ့''

အားလုံးထဲမှ ရယ်သံတွေ ဆူညံသွားသည်။

''တော်ကွာ…ဆက်မပြောနဲ့၊ ကြင်ယာတော်ဆိုတဲ့ နာမည်ကြားတာနဲ့တင် စိတ်ကုန်လွန်းလို့''

ကော်ရစ်တာကို ခါးစောင်းနှင့် မှီနွဲ့ရင်း ဘုရင်က အကျအန ရင်ဖွင့်သည်။ အခါတိုင်းဆို အိမ်နှင့်တက္ကစီဂိတ်။ ကျောင်းဖွင့်လျှင် ကျောင်းနဲ့အိမ်။ ပြီးလျှင် ခရီးသည်များများရအောင် ဘယ်လမ်းကြောဆွဲမည်။ အံ့နှာကြေးအပြင် ပိုငွေရအောင် အချိန်ကိုမဖြုန်း။ ကွက်တိသုံးမည်ဆိုသော သူ့ထံမှာ အခုတော့ အချိန်ဖြုန်းစရာ အကြောင်းက မဖိတ်ဘဲ ရောက်လာခဲ့ပြီ။ ရင်ဖွင့်ချိန်အတွက် ရင်းနှီးပေးရတာက စိတ်ရဲ့ဒေါသနှင့် မာနကောက်ကြောင်းများအတွက် ဆိုလျှင်…

''မင်းစိတ်ကုန်တာ မဆန်းဘူး ဘုရင်၊ မင်းနဲ့သူ့ကြားမှာ အဆုံးသတ်လို့ မရတာတွေက အများကြီး''






www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ၊ မင်းစကားက"

"သိချင်ရင် ဟိုမှာလာနေပြီ လှမ်းကြည့်လိုက်"

"ကြင်ယာတော်ကွ၊ အောင်စာရင်း လာကြည့်တာနဲ့ထင်တယ်"

မျိုးကျော် မေးဆတ်ပြရာနေရာသို့ ဘုရင့်အကြည့်က ရောက်သွားသည်။ တွေ့ပါပြီ။ နံနက်နေရောင်အောက်မှာ ရွှေညို ရောင်ဂါဝန်က ဒူးဖုံးရုံအထိ အကျပ်။ ကြိုးသိုင်းဒေါက်မြင့်က ရွှေရောင်။ ထုံးစံအတိုင်း ကြင်ယာတော်၏ ကျောတစ်ဝက်ဖုံး ဆံပင် အလိပ်အကွေးတွေက လေနှင်ရာမျောနေလျှက်။ သူမပုံစံက ရယ်ရယ် မောမော ပြုံးပြုံးရွှင်ရွှင်။ ခြေလှမ်းတိုင်း မာန်ဝင့်နေခြင်းများနှင့် သူမ။ မြေနီလမ်းကွေ့နားမှာ ကျောင်းသားတစ်ယောက် ပေးသော ပန်းစည်းကို ရင်ဝယ်ပိုက်သည်။ ဒီဘက်ထောင့်ချိုးကျတော့ နောက်ကျောင်း သားပေးသော စာကို လက်ခံ၏။ ဒီဘက်ကို ကွေ့ချတော့ မင်းသား ရှုံးအောင် ဝတ်စားပြင်ဆင်ထားသော ကျောင်းသားနှင့် စကားပြော ကာ လျှောက်လာတော့လည်း ခြေလှမ်းတစ်ချက်မမှား။ ဘုရင် ဆက်မကြည့်တော့။ မြင်ကွင်းမှ မျက်ဝန်းတွေကို ဆွဲသိမ်းရင်း...

"တော်ပြီ၊ ဆက်ကြည့်နေရင် အကုသိုလ်များတယ်၊ ငါသွားတော့မယ်"





ဘုရင် နှုတ်ဆက်ပြီး သူတို့အနားမှ စတင်ထွက်ခွာသည်။ အစိမ်းဖုပ်ရောင် စပို့ရှပ်လက်တို၊ အစိမ်းမှောင်မှောင် ချည်ပုဆိုးနှင့် ကတ္တီပါ ခြေညှပ်အစိမ်းရင့်ရောင်ဖြင့် ရှင်းသန့်နေသော ဘုရင့်ပုံစံ ကို မျိုးကျော်တို့က မသက်မသာ လိုက်ငေးသည်။ ဒီလောက် သန့်စင်ခြင်းကို ကိုးကွယ်သော သူတို့သူငယ်ချင်းကြမှ ကြင်ယာတော် နှင့် ပတ်သက်နေရသူ။ အတွေးထဲ မသန့်စင်ခြင်းတွေက ထပ်မံ နေရာယူလာပြီးနောက်...

"ဘုရင်"

မျိုးကျော် ခေါ်သံကြောင့် ဘုရင်က လည်ပင်းလိမ် လှည့်ကြည့်သည်။

"ရာဇာက မင်းကိုရှာနေတယ်တဲ့၊ အဲဒီကောင်က ရှော့(ခ်) ရှိတယ်၊ သတိလည်းထားဦး"

ဘုရင်က ခေါင်းညိတ်ရင်း...

"တွေ့လည်း ရှင်းပြရုံပဲ၊ ကြင်ယာတော်နဲ့ငါ ဘာမှမဆိုင် ဘူးဆိုရင် မြန်မြန်တတောရှင်းသွားတာပေါ့"

မျိုးကျော်က ပင့်သက်ရှိုက်ရင်း ရင်ထဲ ရေရွတ်မိတာက 'မင်းပြောသလောက် လွယ်ရင် သိပ်ကောင်းမှာပေါ့ ဘုရင်'။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဖုန်းမြည်သံက အတွေးကိုကျော်ပြီး ထွက်လာသည်။ ဖုန်းကို ကောက်ယူပြီး စခရင်ပေါ် ပေါ်နေသည့် ဖုန်းခေါ်သူရဲ့ အမည်ကိုကြည့်ပြီး…

"အေး…ငုဝါ၊ မာန် လာနေပြီ"

"ဟယ်…လာနေပြီ မလုပ်နဲ့ ဒေါ်မမမာန်၊ ဒီမှာ ကာစတာမ်မာစုံတွဲက ရောက်နေပြီ"

"အေးပါ၊ မာန်လည်း အမီထွက်လာတာပဲ"

"မာန့်လောက် တိကျတဲ့သူက နောက်ကျနေလို့ ငုဝါ စိတ်ပူနေတာပေါ့၊ ပြီးတော့ ပစ္စည်းတွေရဲ့ တန်ဖိုးက မနည်းမနော ဆိုတော့"

ဝိုး ဝိုး ၈ ၁ ၆ ပ



မာန်က အဘွားအိုလေးလို ပူပင်မှုတွေနှင့် စိုးရိမ်စကားပြောနေသည့် ငုဝါကြောင့် ဟက်ခနဲ ရယ်သည်။ ထို့နောက် နောက်ကြည့်မှန်မှတစ်ဆင့် ပေါ်လာသည့် တက္ကစီတစ်စီးကို လှမ်းတွေ့တာမို့ ခါးမတ်ကာ ခါးပတ်ဖြုတ်ရင်း…

"စိတ်ပူမနေနဲ့ ငုဝါ၊ မာန့်ကား ထိုးရပ်သွားလို့ ဘာဖြစ်မှန်းမသိတာနဲ့"

"ဒါကို စောစောကမပြောဘူး မာန်ရယ်၊ ငုဝါ ကားတစ်စီး လွှတ်ပေးမယ်၊ မာန်ရောက်တဲ့နေရာ ပြော"

"ဟင့်အင်း…နေတော့ ငုဝါ၊ တက္ကစီတစ်စီး လာနေပြီ၊ မာန် ငှားလာလိုက်မယ်"

မာန်က အပြောနှင့်အတူ ကားအောက်ဆင်းပြီးသား။ ကားထဲက လက်ဆော့(ပ်)ရယ်၊ ဘေးလွယ်အိတ် အကြီးစားရယ်ယူပြီး ကားတားသည်။ ဖုန်းထဲမှာတော့ ငုဝါရဲ့ စိုးရိမ်တကြီးအသံက ပေါ်ထွက်ဆဲ။

"မာန်…ရှင် တက္ကစီ စီးမလို့၊ မဖြစ်ဘူးထင်တယ်နော်"

"ဖြစ်ပါတယ် ငုဝါရဲ့၊ ဘာမှမဖြစ်ဘူး"

"မလုပ်စမ်းပါနဲ့ဟယ်၊ တက္ကစီသမားနဲ့ မာန်နဲ့ နှစ်ယောက်တည်း၊ သူခေါ်တဲ့နေရာ မာန်ပါသွားရင် ဘယ့်နှယ်

ဝိုး ဝိုး ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



လုပ်မလဲ၊ ပြီးတော့ ပတ်ဝန်းကျင်အမြင်မှာ မမ်မာန် တကွကြီးနဲ့လာ တာ အမြင်မတော်''

''ကဲ…တော်တော့ ငုဝါ၊ အဲဒီ ဘေးအမြင်ပေါ်မှာ မာန် ရပ်တည်နေတာ မဟုတ်ဘူး၊ နောက်ဆယ့်ငါးမိနစ်အတွင်း ရုံးခန်းကို ရောက်မယ်၊ ဒါပဲ''

မာန်က ဖုန်းကို မေးဖျားဖြင့် ခေါက်သိမ်းပြီး အနားသို့ လျှောခနဲ ထိုးရပ်သော ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင် သည်။ ထို့နောက် လက်တော့(ပ်)ကို ဖွင့်ရင်းက…

''ပြည်လမ်းမပေါ်က 'မာန်မဟာ'ကို ပို့ပေးပါ''

ပြောချင်ရာပြောပြီး သူမဟာသူမ အလုပ်ရှုပ်သွားသော အမျိုးသမီးကို ဘုရင်က နောက်ကြည့်မှန်မှ တစ်ချက်လှမ်းကြည့် ကာ ကားမောင်းထွက်ခဲ့သည်။ တကယ်ဆို သူ ဒီတစ်ခေါက်က ကားဆွဲရန် အစီအစဉ်မရှိတော့။ တအခုတလော ရသမျှအော်ဒါက မနက်အစောကြီးတွေချည်း။ နေ့လည်နေ့ခင်းလည်း အိမ်ပြန်နားချိန် မရအောင် ဆွဲကောင်းတာမို့ လောဘနောက် ဘုရင်လိုက်နေတာ ဆယ်ရက်ကျော်ပြီ။ ဒီနေ့တော့ လူလည်း ခံနိုင်ရည်မရှိတော့။ ခေါင်းတွေ တဆစ်ဆစ် ထိုးကိုက်ပြီး သူ့တစ်ကိုယ်လုံး ပူခြစ်လာတာ ခံစားနေရသည်။ မေမေကတော့ ဟိုရက်ကတည်းက ပြောသားပင်။





''အဲဒီလောက်အထိ သား အပင်ပန်းခံစရာ မလိုပါဘူး၊ သမီး ဆရာဝန်ဖြစ်ဖို့ အမေ စွမ်းဆောင်နိုင်ပါသေးတယ် သားရဲ့၊ နှစ်ယောက်စလုံး ရင်ကဖြစ်တဲ့ သားသမီးချင်းအတူတူ သမီးအတွက် သား အပင်ပန်းခံကြိုးစားနေတာမြင်တော့ မေမေ့ရင်ထဲ မချိဘူး သားရယ်''

''ပန်းကြားရင် စိတ်မကောင်းဖြစ်သွားပါ့မယ် မေမေရာ၊ ယောကျ်ားလေးပဲ၊ ဒီလောက် အပင်ပန်းခံတာ ဘာဖြစ်သွားမှာလဲ''

ရယ်ကျဲကျဲ ပြောခဲ့ပေမယ့် အဲဒီနေ့ကတည်းက ခေါင်းထဲ မကြည်မလင်မှာ အိပ်ရေးကပျက်တော့ အစားအသောက်ပါ ခံတွင်း မလိုက်ချင်။ မေမေကတော့ ဘုရင့်ကို အရိပ်တကြည့်ကြည့်။ တို့ကနန်း ဆိတ်ကနန်းသာစားတော့ ပိုလို့ မျက်နှာညိုလာပြီး…

''ဒီနေ့ ရထားတဲ့အော်ဒါကို တခြားလူ လွှဲပေးပါလား သားရယ်''

''မဖြစ်ဘူး မေမေ၊ သူက စီးနေကျ၊ မိတ်ပျက်မှာပေါ့ဗျ ရပါတယ်၊ ဒီည သား စောစောကားသိမ်းမှာ''

''ပြောလိုက်ရင် သားက ဒီလိုချည်းပဲ''

မေမေ့ထံမှ မေတ္တာစေတနာကို ဘုရင် သိပါသည်။

''ကားကို စောသိမ်းမယ်ဆိုပြီးတော့ ရှစ်နာရီထက်စော



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ပြန်ရောက်တာများ ရှိလို့လား သားရယ်၊ သိပ်အပင်ပန်း မခံပါနဲ့''

''ဟုတ်ကဲ့ပါ မေမေ''

မိခင်ရှေ့မှာ ခေါင်းညိတ်ပြီး ဘုရင်က လုပ်ချင်ရာလုပ်တာမို့ မေမေ့မှာ သက်ပြင်းချရုံသာ။ အခုလည်း ကားမလိုက်တော့ဘူးလို့ ဆုံးဖြတ်ထားပေမယ့် အမျိုးသမီးက တခြားသူတွေလို ကားတားပြီး လိပ်စာပြော၊ ဈေးမေးဈေးဆစ်တာတွေ မလုပ်ဘဲ ကားရပ်တာနှင့် ကားပေါ်တက်ပြီးမှ သွားလိုသော နေရာပြောခြင်းက ဗမာတွေရဲ့ အလေ့အထတော့မဟုတ်။ ဘုရင့် ကားမောင်းရင်းမှ နောက်ခန်းဆီ အကြည့် ဝေ့ခန့်ရောက်သည်။ ကားပျက်၍လားမသိ သူမဘေးနား ရပ်ထားသည့် ကားက မာ့(ခ်)တူး နို့နှစ်ရောင်။ လည်ပင်းပိတ် ဖာနားတပ် အဖြူရောင် အတွင်းခံအင်္ကျီပေါ် ရေညှိစိမ်းရောင်ကုတ်၊ စကဒ်အရှည်နှင့် ဆံပင်က ကုတ်ထောက်ရုံအတိုအကပ်အား အထပ်ထပ်တွေဖြစ်အောင် ညှပ်ထားကာ နဖူးပေါ် ခပ်ဝဲဝဲကျနေပုံက သူမ မျက်နှာသွယ်သွယ်ကို ပိုပြီး ရှင်းလင်းစွာ ပေါ်လွင်စေသည်။ အညိုနုရောင် မျက်ခုံးဖျော့ဖျော့။ ကော့နက်သော မျက်တောင်တွေနှင့် ပိရိသပ်ရပ်သော နှုတ်ခမ်းတို့ဟာ နီညိုရောင် နှုတ်ခမ်းနီအရင့်တို့ကြောင့် တစ်ခါကြည့်ရုံနှင့် သူမမျက်နှာအစိတ်အပိုင်းတွေကို မှတ်မိ





လွယ်သည်။ ဘုရင် ကြည့်နေဆဲမှာပင် သူမထံမှ ဖုန်းမြည်သံ ထွက်ပေါ်လာပြီး…

''မာန် ရောက်တော့မယ် ငုဝါ၊ ဒီနေ့ ပလန်တွေကို ကြည့်နေတာ၊ အိုခေ…ရောက်ပြီ''

မာန်ဆိုသည့် သူမထံမှ ပြောစကားအဆုံးမှာ ဘုရင့်ကားလေးက မာန်မဟာဆိုသည့် ဆိုင်းဘုတ်ကြီး တပ်ထားသော အဆောက်အဦးရှေ့ ကားရပ်သွားသည်။ ဒီလမ်းက သူ အိမ်ပြန်နေကျလမ်းမို့ ဒီအဆောက်အဦးကြီးနှင့်တော့ မစိမ်းပါ။ အခုလည်း လမ်းကြုံတာနှင့် ဘုရင် တင်ခေါ်လာခြင်းဖြစ်သည်။

''ဘယ်လောက်ကျလဲ''

''နှစ်ထောင်ပါ အစ်မ''

''အိုခေ…သင့်(ခ်)ယူနော်''

နောက်ခန်းမှ ကမ်းပေးသော လက်ဖြူဖြူလေးမှ ငွေနှစ်ထောင်ကို သူလှည့်မကြည့်ဘဲ ယူသည်။ သူမကားတံခါးဖွင့်ဆင်းတာနှင့် ဂိတ်တံခါးကြီး ပွင့်သွားပြီး အထဲမှ လုံခြုံရေးမှူးလို ဝန်ထမ်းနှစ်ယောက် ပြေးထွက်ကာ သူမထံမှ ပစ္စည်းပစ္စယတွေကို လက်လွှဲယူသွားပုံက တရိုတသေ။ ဘုရင် ကားနောက်ကြည့်မှန်မှ တဖြည်းဖြည်း ဝေးကွာသွားသော ထိုအမျိုးသမီးအား



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်ခဲ့တာတောင် ငေးကောင်းတုန်း။ ခါးမတ်မတ်မှ ရင်ကိုဖွင့်ပြီး တစ်လှမ်းချင်း လှမ်းလျှောက်သွားပုံက တင့်တယ်လွန်းသည်။ မြင်သူတကာ ရှိန်ကျသွားစေသော အရောင်အဝါတစ်မျိုး ထိုအမျိုးသမီးအနားမှာ ထွက်ပေါ်နေသလို။ တွေးရင်း အာခေါင် တလျှောက် ခြောက်သွေ့ပြီး ပူတက်လာသလို ခံစားရသည်။ ကိုယ့်နဖူးကိုယ် ဘုရင် ပြန်စမ်းကြည့်တော့ မီးခဲကြီး ကိုင်ထားရတဲ့ အတိုင်း။ ရှေ့မှ မီးနီပြနေသော မီးပွိုင့်ကြောင့် ဘုရင့် ကားအရှိန် လျှော့ရပ်ရင်း အမြဲဆောင်ထားနေကျ ရေဗူးကို လှည့်ယူသည်။ ဘုရင့်ရေဗူးက သူ့ကုရှင်အနောက်မှာ အိတ်ကလေးချုပ်ပြီး ထည့်ထား တတ်တာမို့ သူ လှည့်အယူ…

"ဟင်"

ဘုရင့်နှုတ်ဖျားက အာမေဋိတ် ထွက်သွားသည်။ နောက်ခန်း ကုရှင်ပေါ်မှ အနီရောင်ကတ္တီပါဗူးလေးက လက်တဝါး စာခန့်ရှိမည်။ ဘုရင့် အဖျားရှိန်ကြောင့် အမြင်ပဲမှားသလား။ ပူခြစ် ဝေဝါးနေသော မျက်လုံးကို မှိတ်ချပြီး ပြန်ကြည့်သည်။ သေချာ ပါသည်။ ထိုဗူးမျိုးက ရတနာထည့်သော ဗူးအမျိုးအစား။ ဘုရင့် ဦးနှောက်ထဲမှာ ဖျတ်ခနဲ အသိတစ်ချက် လင်းသည်။

"မာန်မဟာ ပလက်တီနမ်နှင့် စိန်ရောင်းဝယ်ရေး စီးပွား





ရေးအင်အားစု"

ထူးခြားဆန်းပြားသော ဆိုင်းဘုတ်က ဘုရင့်မှတ်ဉာဏ်ထဲ မှ ထိုးထွက်လာ၏။ ဒါဆို အတွေးမဆုံးခင် ရင့်ကျက်ခမ်းနားသော မျက်နှာတစ်ခုက အာရုံမှာ လာငြိ၏။ တစ်ခါတစ်ရံ လက်ပြ နှုတ်ဆက်ခြင်းဟာ ပြန်ဆုံရန် အစပြုခြင်းဆိုလျှင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဆောရီးနော်…ကျွန်မ နည်းနည်းနောက်ကျသွားတယ်"

မာန်က ရှုံးခန်းထဲဝင်ဝင်ချင်း ညှိသည်စုံတွဲ ထိုင်နေသော ဆိုဖာခုံတွေဆီ ဦးညွှတ်ပြီး ခပ်ပြုံးပြုံးပြောသည်။ စီးပွားရေးလုပ်ရာ၌ မမမာန်ရဲ့ မူပိုင်စတိုင်(လ်)က ကိုယ့်ကပ်စတန်မာကို အလွန်အမင်း အရေးပေးခြင်းပင်။ ငုဝါကတော့ သူမထိုင်လေ့ရှိသော စားပွဲခုံနား ရပ်နေရာမှ မာန့်အနား ရောက်ချလာကာ…

"ငုဝါက စိတ်ပူနေတာ"

"အေး…အဲဒါကြောင့် ငုဝါ အပျိုကြီးဖြစ်နေတာ"

မာန်က တိုးတိုးလေးနောက်တာကြောင့် ငုဝါ မျက်နှာက ရဲခနဲဖြစ်သွားပြီး မျက်စောင်းကြီးနဲ့ ရှုယ်သည်။ မာန်က အလုပ်စားပွဲ





နောက်က ဆုံလည်ခုံမှာထိုင်ရင်း…

"လမ်းမှာ ကားက ဘာကြောင့်မှန်းမသိဘူး၊ ထိုးရပ်သွားတာနဲ့ စောင့်ခိုင်းရတာ အားနာလိုက်တာ"

"ရပါတယ် မမရဲ့၊ ကိစ္စမရှိပါဘူး၊ ဝတီတို့က မင်္ဂလာဆောင်ခါနီး စုံတွဲဆိုပေမဲ့ ပြေးလွှားနေရတာမျိုးမှ မဟုတ်တာ၊ ဝယ်(လ်)ဒင်တစ်ခုလုံး မမလက်ထဲ အပ်ထားတာပဲ၊ အချိန်တွေ အပိုတောင် ထွက်လာသေးတာ"

သတို့သမီးလောင်းလေးက အပြုံးနှင့် လှမ်းပြောသည်။ မာန်က အိတ်ကိုဖွင့်ကာ အိမ်ကယူလာသော ရတနာဗူးတွေကို တစ်ဗူးချင်းစီပြီး စားပွဲပေါ် ချသည်။

"ဟုတ်တယ် အစ်မရဲ့"

သတို့သားလောင်းက သူ့ကောင်မလေးရဲ့စကားကို ဆက်သည်။ မာန်က အပြုံးဖြင့် ခေါင်းမော့တစ်ချက်ကြည့်ကာ အိတ်ထဲ ခေါင်းပြန်စိုက်သွားရ၏။ ဗူးအနီ အပြားလေး ဘယ်ရောက်သွားပါလိမ့်။ စာရွက်စာတမ်းတချို့၊ လက်ဝတ်ရတနာ ကတ်တလောက် အသေးစားတစ်အုပ်နှင့် ဖုန်း။ ပြီးတော့ လယ်သာပိုက်ဆံအိတ်အပြားလေးမှလွဲ၍ အိတ်ထဲမှာ ရှင်းနေပြီ။

"ကျွန်တော့်မေမေကတောင် ပြောနေသေးတာ၊ ဒီခေတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မင်းတို့ လူဖြစ်ရတာ ကံကောင်းတယ်တဲ့”

“ဘာဖြစ်လို့”

နှုတ်ခမ်းမှာ အပြုံးရိပ်တို့ထင်ပြီး မေးသည်။ ဒါပေမဲ့ ဦးနှောက်ကတော့ ဆန့်ကျင်စွာ မပြုံးနိုင်။ ပါမလာခဲ့သော ရတနာဗူးထဲက စိန်စီသော ဘယက်ဟာ ကာလတန်ဖိုးအားဖြင့် သိန်းရာကျော်ပါသည်။ ထိုဘယက်အား မာန်ရှေ့ရှိသော ညှိသည်စုံတွဲက မင်္ဂလာပွဲဝတ်ရန်အတွက် မှာထားခြင်းပင်။ ဒီနေ့က ထိုပစ္စည်း လာရွေးတဲ့ရက်။ ပစ္စည်းပျောက်သွားလျှင် တန်ဖိုးက နှမြောစရာကောင်းပေမဲ့ ထိုပမာဏကို မာန် စိုက်လျော်နိုင်ပါသည်။ အခု လတ်တလော အရေးကြီးတာက မာန့်ရဲ့ပေါ့ပျက်မှု။ ကတိပျက်မှုအား ဖနီးမောင်နှံအသစ်စက်စက်ရှေ့၌ အမှတ်ကျသွားမှာ မာန် မလိုလား။ မာန့်ရင်တွင်းတိုက်ပွဲကို မသိသော ကောင်လေးကတော့…

“မင်္ဂလာဆောင်တာကစပြီး ဟန်းနီးမွန်းထွက်တာအလယ်၊ နောက်ဆုံး နေဖို့ထိုင်ဖို့အထိ ဖြစ်ချင်တာဖြစ်ဖို့ အစ်မတို့ မာန်မဟာကိုအပ်ရင် အကုန်အဆင်ပြေတာကိုး”

“ဒါ…တို့စေတနာပါ၊ ချစ်သူတိုင်းရဲ့ ဘဝအစကို မင်္ဂလာရှိရှိနဲ့ ပေါင်းစေချင်တာကိုး”





“အံမယ်…တချို့ ငွေကြေးမတတ်နိုင်တဲ့စုံတွဲတွေဆို မာန်က အိတ်စိုက်ပြီး ညှိခံပွဲတောင် လုပ်ပေးသေးတာ၊ တစ်ခါက ခိုးပြေးလာတဲ့ စုံတွဲကို မာန်က တိုက်ခန်းလာငှားတာတောင် တစ်နှစ်စာလခကို လက်ဖွဲ့တာမျိုး”

“အရေးထဲ ကြော်ငြာဝင်နေပြန်ပြီ”

မာန်က ငဝါကိုပြောရင်း မျက်ရိပ်ပြရသည်။ နှစ်အကြာကြီး မာန်နဲ့ လက်တွဲလာသူ။ ငယ်သူငယ်ချင်းမို့ မာန်မျက်နှာပေါ်က ပြတ်ရွေ့ကြောင်းတွေကို အချိန်တိုအတွင်း ဘာသာပြန်နိုင်သူ။ ငဝါက အပြောင်းအလဲကိုငေးရင်း ညှိသည်တွေကို ဖျတ်ခနဲ ကျောနဲ့ကွယ်ရပ်တော့ မာန့်ရှေ့တည့်တည့် ရောက်သွားသည်။

“ဘာဖြစ်လို့လဲ မာန်”

မေးပုံက နှုတ်ခမ်းလှုပ်ရုံသာ။

“သူတို့ပစ္စည်းမရှိတော့ဘူး”

မာန်ကလည်း လိုရင်းပြောသည်။ ငဝါမျက်နှာက မာန့်စကားကြားအပြီးမှာ အကြီးအကျယ် ပျက်ယွင်းသွားပြီး…

“ခါးပိုက်နှိုက်ခံရတာလား”

“အဲဒီလိုမထင်ဘူး”

“ဒါဖြင့် နင် တစ်နေရာရာမှာ ကျန်ခဲ့တာလား”



www.burmeseclassic.com

www.burmeseclassic.com



"ကျန့်တဲ့နေရာက"

ခါးကိုမတ်၊ စားပွဲပေါ် တံတောင်ဆစ်ထောက်ကာ မေးဖျားတင်ပြီး မာန် စဉ်းစားသည်။ မာန်ရဲ့ မှာ့(ခ်)တူးပေါ်မှာ တော့ မဖြစ်နိုင်။ ဒါဆို မာန့်အာရုံထဲ၌ တက္ကစီပေါ် ပိုက်ဆံအိတ် ထုတ်၍ ကားခအရှင်း ကားတစ်ချက်ဆောင့်ခုန်သွားတာ သတိရ သည်။ ကားအဆောင့်မှာ ထွက်ကျခဲ့သလား။ တက္ကစီပေါ်ကျန်ခဲ့ရင် တော့။ မာန်က ပင့်သက်ကိုရှိုက်သွင်းတာ အင်အားတစ်ရပ်ယူသလို။ တက္ကစီပေါ် ကျန့်ရစ်ရင်တော့ စိန်ဘယက်ဟာ ပြန်ရမည့်လမ်းမမြင်။ ကားနံပါတ်လည်း မမှတ်မိ။ ကားမောင်းသူလည်း သတိမထားဖြစ် တဲ့အပြင် ယုတ်စွအဆုံး ကိုယ်စီးသောကားတောင် ဘာအရောင်၊ ဘာအမျိုးအစားဆိုတာ မသိခဲ့တဲ့အဖြစ်မို့...။

"ဟယ်...အေးအေးဆေးဆေး လုပ်မနေနဲ့လေ၊ မာန်နော် ဒီပစ္စည်းက ကျောက်ခဲသလဲ မဟုတ်ဘူးဟဲ့၊ ပြီးတော့ ယူမဲ့လူတွေ က အဆင်သင့်ရောက်နေပြီ"

"မာန် သိပါတယ်"

မာန်က နားထင်နှစ်ဖက်အား လက်ညှိုးလက်မနှင့် ထောက်ပြီး ညည်းညည်းလေး ပြောပြန်တော့ ငုဝါမှာ ရှေ့ဆက် အပြစ်တင်ရမဲ့စကားကို မဆက်နိုင်ပြန်။ ထိုအခိုက်မှာပဲ သူမတို့





ရုံးခန်းတံခါး ရုပ်ခနဲ ပွင့်လာပြီး...

"မမ"

မာန့် အတွင်းရေးမှူးမလေးက အနားထိ လျှောက်လာကာ

"အပြင်မှာ မမနဲ့တွေ့ချင်လို့တဲ့၊ မမစီးလာတဲ့ တက္ကစီ မောင်းသူပါတဲ့"

"ဟင်"

မာန်က ချက်ချင်းထရပ်သည်။ ထို့နောက် ခြေလှမ်းတွေ က လှုပ်လှုပ်ပါအောင် အခန်းဆီဦးတည်တော့ ငုဝါလည်း မနေ သာ။ ဧည့်သည်နှစ်ယောက်အား အပြုံးလေးနှင့် နှစ်သိမ့်ထားပြီး မာန့်နောက်ကို လိုက်သည်။ ရုံးခန်းတံခါး ဆွဲဖွင့်တာနှင့် ဧည့်သည် ထိုင်စောင့်ရန် ချထားသော ပလပ်စတစ်ခုံတန်းရှည်မှာ ထိုင်စောင့် နေသူလူရွယ်က ဖျတ်ခနဲ ထရပ်သည်။ လျှာထိုးဦးထုပ်ကို ဆွဲချွတ် လျက်...

"အစ်မ ကျန့်ခဲ့တဲ့ပစ္စည်းပါ၊ မီးပွိုင့်ကျမှ ကျွန်တော်တွေ့ လို့ လာပြန်ပို့တာပါ၊ စစ်ကြည့်လိုက်ပါဦး"

ဘုရင်ဓာ အနီရောင်ဗူးလေးကို ကမ်းပေးပြီး ပြောသည်။ သူ့ကားကို ငှားစီးခဲ့သော အစ်မမျက်နှာဟာ ရုတ်တရက် ဖြူဖျော့ သွားတာ သွေးဆုတ်သွားပြီး မျက်ဝန်းတွေ ပြူးကျယ်သွားကာ...



www.burmeseclassic.com

"မင်း"

"ဟုတ်ပါတယ်၊ ဒီမှာ အစ်မပဇွည်း"

ဘုရင်က ပြောရင်း ဗူးလေးကို ကမ်းပေးလိုက်သည်။ နှုတ်ဆက်စကားဆိုရန် နှုတ်ခမ်းအဖွင့်မှာပင်...

"ဟဲ့...မာန်၊ အို လုပ်ပါဦး၊ မာန် သတိထားလေ၊ မောင်ကျော်တို့ လာစမ်း၊ ဒီမှာ ဆရာဝန်ခေါ်၊ မာန်"

ရုတ်တရက်ကြီး ခွေကျသွားသော မာန်ဆိုသူကြောင့် လူတွေ ဝိုင်းလာချိန်မှာပဲ ထိုနေရာက ဘုရင် လှည့်ထွက်ခဲ့သည်။ နဂိုကမှ ဖျားချင်ချင် မွန်ထူနေသော ဘုရင့်မှာ အဲယားကွန်းဒဏ်ကြောင့် ခြေတွေလက်တွေတောင် မသယ်ချင်တော့သလို။ ဘုရင် ခြေလှမ်းကို ခပ်မြန်မြန်လှမ်းကာ မာန်မဟာ အဆောက်အဦးကြီးထဲမှ ထွက်ခွာခဲ့သည်။ ခေါင်းကို တူကြီးနှင့် မရပ်မနား အထုခံနေရသလို။ ခေါင်းကိုက်ခြင်းဝေဒနာက ဘုရင့်ကို စိန်ခေါ်နေပြီ။

◆ ◆ ◆



အခန်း (၁၂)

"ရှမ်းခေါက်ဆွဲတူး၊ မြီးရှည် ဝမ်း၊ တို့ဟူးကြော် ဝမ်း၊ ဆွဲမယ်"

"ကော်ဖီ ရတယ်၊ ဘာသောက်မလဲ၊ နက်(စ်)လား၊ ရူပါလား၊ ပရီမီယာလား"

"ဟား...ဟား မေးပုံက အပိုင်ကြီး ကြင်ယာတော်ရယ်၊ သူပဲ သူဟာသူ ဖျော်ပေးမဲ့ပုံစံနဲ့"

"အံမယ်...လာမလျှောင်နဲ့ သိရဲ့၊ ကော်ဖီမစ်ထုပ်ဖောက်ပြီး ရေနွေးထည့်တဲ့ အချိန်အဆက ပိုအရေးကြီးတယ်"

"ခစ်...ခစ် အကြောင်းသိချင်းကိုဟယ်"

www.burmeseclassic.com



"လေနည်းနည်းလျော့"

"ကဲ…နင်တို့ နှောင့်ယှက်နေတာနဲ့ ဒီမှာ ကပ်စတင်မာတောင် သေချာမမေးရသေးဘူး၊ ကြိုက်တာပြော အစ်မ၊ လက်ဖက်ရည်ဆိုလည်း ရတယ်၊ ကြိုက်ရာပြော၊ ကျဆိမ့်လား၊ ချိုစိမ့်လား"

"နင်ကလည်း ဝမ်းတီးကြော်ငြာတဲ့ အိန္ဒြာကျော်ဇင်လေသံအတိုင်း"

"အိန္ဒြာကျော်ဇင်ဆို ပြေတီဦးက ဘယ်မှာလဲ"

"ပြေတီဦးက အထဲမှာဖျားလို့ အိပ်နေတယ်"

"တော်စမ်းပါ၊ ဒီမေတ္တာတုံးနဲ့"

ရယ်သံတွေ ဝါးခနဲထွက်လာပြန်သည်။ ပထမတော့ ဘုရင် ကြားနေကျအသံတွေက အကြားအာရုံထဲ ဇဝေဇဝါ။ မှုန်ဝါးဝါးမှ တစ်စထက်တစ်စ ပီသကြည်လင်လာသည်။ ဘုရင့်ခေါင်းထဲ ထိုးကိုက်နေတာ မရှိပေမဲ့ လူက ပေါ့ရွှတ်နေကာ ခံတွင်းပျက်နေ၏။ သတိဝင်ဝင်ချင်း ဘုရင် နားစွင့်မိတာက သူတို့ဆိုင်ရှေ့က အသံဗလံအမျိုးစုံကို ဖြစ်သည်။ အခါတိုင်း ဘုရင်ကြားနေကျအသံတော့ မဟုတ်။ မေမေ့ဆိုင်က ဒီလိုအစောကြီးမှာ ဒီလောက်ကြီး ဆူညံမနေဖူး။ ဘုရင် အိပ်ရာပေါ်က တံတောင်ဆစ်နှင့် ထောက်၍ အားယူထရင်း ခေါင်းအုံးဘေးက နာရီကို ယူကြည့်သည်။ အခုမှ





မနက်ရှစ်နာရီခွဲ။ သူဖျားနေတာ ဒီနေ့နဲ့ဆို နှစ်ရက်မြောက်။ ဖျားပေမဲ့ ဆေးကျောင်းသူ ညီမလေးကြောင့် အဖျားဒဏ်ကို ဘုရင် အလူးအလိမ့်တော့ မခံစားရ။ မေမေကတော့ ဘုရင် ဖျားလာတဲ့နေ့ကတည်းက…

"ဆေးခန်းသွားမလားသား၊ ညကျမှ ကိုယ်အပူကြီးလာရင် ခက်မယ်နော်၊ ဆေးခန်းပိတ်ချိန်မှဆိုရင် မေမေက မလုပ်တတ်မကိုင်တတ်နဲ့"

ပန်းက ဘုရင့်အိပ်ရာဘေးစွန်းမှာ တစောင်းဝင်ထိုင်ရင်း…

"ဆေးကျောင်းသူ ညီမရှိရက်နဲ့ ဆေးခန်းသွားရတာ အောက်တာပေါ့ မေမေရဲ့"

"ဟဲ့…ညည်းက ဘာမှမကုတတ်ဘဲနဲ့"

"လက်တွေ့မရှိပေမဲ့ စာတွေ့တော့ရှိပါတယ်၊ ပြီးတော့ ပန်းအတွက် အပင်ပန်းခံပြီး ပိုက်ဆံတွေရှာနေတဲ့ ကိုကို့ကို ပန်းကိုယ်တိုင် ပြုစုချင်တာ"

ညီမလေးရဲ့ သိတတ်စကားကြောင့် ဘုရင်ရင်ထဲက အပူမီးတွေ အေးသွားတာ သူဝန်ခံပါသည်။ ထိုနေ့ကတည်းက ပန်းတိုက်သောဆေးကို သောက်၍ ညီမလေးစကား နားထောင်လိုက်နာခဲ့ရသူ။ မနေ့ကတည်းက အဖျားပျောက်သည်နှင့် ကားထွက်ရန်



www.burmeseclassic.com

www.burmeseclassic.com



သူကြိုးစားသည်။

"ဒီနေ့နဲ့ မနက်ဖြန်တော့ နားဦး ကိုကို၊ ကိုကိုက ထမင်း မစားရတော့ အားပြတ်နေတာ"

"ကျားစီးဖားစီး ခန္ဓာကိုယ်ကိုများ ပန်းရယ်၊ ပြောတတ် တယ်"

"ခန္ဓာကိုယ်ကြီးတာနဲ့ ကိုယ်ခံအားကောင်းတာနဲ့ တူမှမတူ တာ ကိုကိုရ၊ ဘာပဲဖြစ်ဖြစ် နား၊ ပန်း ကျောင်းသွားတက်တာ စိတ်ဖြောင့်ဖြောင့် သွားပါရစေနော် ဒါပဲ"

လက်ညှိုးတထောင်ထောင်နဲ့ အစ်ကိုဖြစ်သူကို ကြိမ်းဝါး သွားသော ညီမလေးကို မြင်ယောင်၍မှ အားမရသေး။ အူလှိုက် သည်းလှိုက် စုပေါင်းရယ်သံကြီးက ဘုရင်ရှိနေသည့် အိမ်ပေါ်အထိ အုန်းခနဲ တက်လာပြန်သည်။ ဘုရင်က ခုတင်ပေါ်မှ ကြမ်းပြင်ဆီ ခြေထောက်ချထိုင်ရင်း အသံကို နားစွင့်သည်။

"မေတ္တာတုံးဆိုပြီး အချစ်ဆုံး ဖြစ်နေဦးမယ်နော် ကြင်ယာ တော်"

"သွားစမ်းပါ၊ မဆီမဆိုင်တွေ၊ စားစရာရှိတာစားကြ၊ လာပြီး စကားများမနေကြနဲ့"

"အံမယ်...ကြင်ယာတော်လေးသံက သူ့ကိုယ်သူ အိမ်ရှင်

ဝိုး : ဝိုး : ၈၁၆ပ



မလိုလို ဆိုင်ပိုင်ရှင်လိုလိုပါလား"

"ဟုတ်တယ် ဘာဖြစ်လဲ၊ ကဲ...ကျေနပ်ပြီလား"

ရယ်သံတွေ ဝေါခနဲ ကြားရသည်။ ဘုရင် ကြမ်းပြင်ပေါ် ခြေစုံချရပ်သည်။ အစာမစားရဘဲ အရည်ချည်း နှစ်ရက်ဆက်တိုက် သောက်ခဲ့ရတာကြောင့် လူက နုံးနေရုံမှတစ်ပါး အကောင်းပကတိ ပင်။ မျက်နှာသုတ်ပဝါကို ယူ၍ နောက်ဖေးဆီ ထွက်ခဲ့သည်။ အုတ်ကန်မှာ မျက်နှာသစ် ခြေလက်ဆေးပြီး အိမ်ရှေ့ဘေးမြေကွက် လပ်မှ ပတ်လျှောက်လာ၏။ အိမ်ရဲ့ဘေးဘက်၌ မြေအပိုရှိတာမို့ ပန်းညက်ပင်တွေ၊ ခရေပင်ကြီးတွေက အရိပ်ကောင်းစွာရသည်။ ဘုရင်က ခရေပင်ကြီးကိုပတ်၍ သစ်သားခုံတန်းလေးရိုက်ကာ ထိုခုံ အား အပြာရောင်နုနု ဆေးသုတ်တော့ ညီမလေးက ဝေဖန်ဘူးသည်။

"ကိုကို့အကြိုက်ဆုံး အရောင်က အပြာရောင်နော်၊ ဒါဆို သေချာတယ် ကိုကိုက အချစ်ကို ကိုးကွယ်တဲ့သူ"

သူက ဆေးသုတ်ရင်းက...

"မဆီမဆိုင် ညီမလေးရယ်"

"သြော်...တကယ်ပြောတာပါဆို၊ အပြာရောင် ကြိုက်တဲ့ လူတွေက စိတ်နုတယ်၊ ပြီးတော့ သနားလွယ်တယ်၊ အချစ်ကို တန်ဖိုးထားတယ်၊ ဒါပေမဲ့ ခံစားချက် ပြင်းထန်လာတဲ့အခါကျရင်

ဝိုး : ဝိုး : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



တော့ နူးညံ့မှုနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်သွားတတ်တယ်''

ဘုရင်က ညီမဖြစ်သူရဲ့စကားကို နားထောင်ပြီး နှုတ်ခမ်းထောင့်၌ ပြုံးရိပ်ထင်သည်။ ထိုအပြုံးက ဆိုင်ရှေ့မြင်ကွင်းကို တွေ့တာနှင့် ဖျတ်ခနဲ ပျောက်သွားသည်။ ဘုရင့်ရှေ့တည့်တည့်မှာ မုန့်ဗန်းကြီးကိုင်ပြီး ဒီဘက်လှည့်လာသော ကြင်ယာတော် အကြည့်နှစ်စုံက သက်ရောက်ခြင်းအမျိုးမျိုးနှင့် လမ်းခုလတ်တင် ဆုံစည်းသွားသည်။ ကြည့်မဝရှုမဝလို့ အကြည့်မလွှဲနိုင်ခြင်းမျိုးတော့မဟုတ်။ ဒေါသနှင့် အမုန်းတရားများ အချိုးတူ ရောစပ်ထားခြင်းသာ ဖြစ်သည်။

''တောက်''

ဘုရင့်...ပြင်းပြင်းထန်ထန် တောက်ခေါက်ပြီး မျက်နှာလွှဲသည်။

''ရှင်နော်...လူကို ဘာတောက်ခေါက်တာလဲ''

''ခေါက်တော့ ဘာဖြစ်လဲ''

''သတ်ပစ်ချင်တယ်''

ကြင်ယာတော် အပြင်းဆုံး ခြေသံဖန်တီး၍ အနားက ဖြတ်လျှောက်သည်။ ကြင်ယာတော်ကြောင့် အကြောင်းသိနေသော သူတွေထံမှ ရယ်သံတိုးတိုးကျိတ်ကျိတ်နှင့်အတူ...

''လျှော်လှုပ်တယ်ဟေ့''





''ရာသီဥတု မကောင်းဘူးကွာ''

''ဟေ့...လွတ်ရာကင်းရာ ရှောင်ထားနော်၊ သူတို့ လွတ်လွတ်လပ်လပ် နပန်းသတ်လို့ရအောင်''

အသံတွေကြောင့် ဘုရင် မျက်ခုံးတစ်ချက် ဝေ့ကြည့်တော့ တွေ့ရသမျှလူတိုင်းက ကိုယ်နှင့်မစိမ်းသက်သော အားလုံးက ဘုရင့်အတန်းဖော်များချည်း။ ဘုရင်က ဒေါသကို မျိုသိပ်ပြီး မေမေရှိရာ မီးဖိုခန်းဆီ ခြေလှမ်းကျဲကြီးများဖြင့် တလွှားလွှား ရောက်သွားသည်။ မေမေကတော့ အငွေ့ထောင်းထောင်းထနေသော ရေနွေးအိုးနှင့် ဟင်းချိုအိုးကြီးမှာ ရှမ်းခေါက်ဆွဲပြုတ်ဖတ်တွေ ရေစစ်လိုက်၊ ပွဲပြင်လိုက်နှင့် အလုပ်ရှုပ်နေဆဲ။

''မေမေ''

''ဟော...သားကြီး နိုးလာပြီ''

မေမေက ဘုရင်ကို ဖျတ်ခနဲ လည်ပင်းလိမ်ကြည့်တာ ခဏပါပဲ။ ပြီးတာနှင့် ရှမ်းခေါက်ဆွဲပွဲတွေကို ဇယ်ဆက်သလို လက်က မနားတမ်းပြင်ရင်း...

''ဘယ့်နှယ်နေလဲ သား၊ သက်သာရဲ့လား၊ မင်းညီမက နောက်ဆံတင်းတင်းနဲ့ ကျောင်းသွားရတာ''

''သက်သာပါတယ်၊ ကြင်ယာတော်က ဘယ်လိုလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုရောက်နေတာလဲ''

လိုရင်းကို မေးချလိုက်တာဖြစ်ပေမယ့် ဘုရင့်စကားကို မိခင်ဖြစ်သူက စိတ်မဝင်စား။ ပြင်ပြီးသား မုန့်တွေကို ဗန်းထဲစီထည့်၊ တူတွေပါ အစီအရီတင်ပေးပြီး ဒီဘက်လှည့်ရပ်တော့ သားနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ ဖျားထားသော အရှိန်ကြောင့် ဖြူဝင်းသော မျက်နှာပေါ် အနီငွေ့က မပျောက်ချင်။ အလိုမကျ ခြင်းများစွာနှင့် မျက်ခုံးတွေကို ထိလုနီးပါး တွန့်ကွေးထား၏။ ဒေါ်မေဝါက သားမသိအောင် ပင့်သက်ရှိုက်ရင်း...

''ကြင်ယာတော်က ဘာဖြစ်လို့လဲသားရယ်''

''သား ကြည့်မရတဲ့လူကိုမှ မေမေက ဘာလို့လက်ခံထား ရတာလဲဗျာ''

''ဩော်ကွယ်...ကြင်ယာတော်က စိတ်ရင်းသဘောဖြူ ရှာပါတယ်''

ကြင်ယာတော်က သဘောကောင်းပါတယ်ဆိုတော့ ဘုရင် က သဘောမကောင်းဘူးပေါ့။ ဘုရင် မျက်ခုံးတွန့်သွား၏။

''ဖြစ်နိုင်ရင် မေမေနဲ့ သူ့ကို မပတ်သက်စေချင်ဘူးဗျာ''

''အေးပါ သားရယ်၊ အခု မေမေ မုန့်ပွဲတွေ အရင်သွားပို့ လိုက်ဦးမယ်''





''ပေး...ပေး အန်တီ၊ ကြင်ယာ ယူသွားမယ်''

''ကျေးဇူးပါ သမီးရယ်''

ဘုရင့်တို့ သားအမိကြားကို ဖိုးဖိုးဖတ်ဖတ် ရောက်လာပြီး မေမေ့လက်ထဲ မုန့်ပန်းကန်တွေကို ခပ်တည်တည်ယူသွားသူက ကြင်ယာတော်။

ဂျင်း(န်)ဘောင်းဘီရှည်ကို ခြေသလုံးတစ်ဝက်အထိ အပြား ကြီးလိပ်ခေါက်တင်ထားသည်။ အဖြူရောင် ခပ်ကြေကြေ ရှပ်အင်္ကျီ ပေါ် အနက်ရောင် ဗေ့(စ်)ကုတ်တစ်ထပ်ဝတ်ထားပြီး အင်္ကျီလက် ကျတော့ မခေါက်ဘဲ ဒီအတိုင်းချထားတာက လက်ဖမိုးအုပ်အထိ။ ဘုရင်က ကြင်ယာတော်ရဲ့ တဖျတ်ဖျတ် ရွေ့လျားသော ခေါက်အချွန်ကြိုးသိုင်းဖိနပ်ပါ လိုက်ကြည့်ရင်း စိတ်ထဲမှာ ရေရွတ် တာက မထော်တနန်းလုပ်ဖို့ဆို ဒင်း ကြာကြာမစဉ်းစားရဘူးလို့။ ဒေါ်မေဝါကတော့ မပြေပြစ်ခြင်းတွေနှင့် အကြည့်စူးစူးရောက်နေရာ သား မျက်ဝန်းတွေအတိုင်း လမ်းကြောင်းပြေးကြည့်တော့ မြူးဖျ သွက်လက်နေသော ကြင်ယာတော်ကို သွားတွေ့သည်။ တကယ်ဆို အသက်ချင်း မတိမ်းမယိမ်းမှာ ချောသောလှသော သွက်သော ကြင်ယာတော်အပေါ် သား ဘာကြောင့် မငြိမ်းချမ်းနိုင်ပါသနည်း။

မာနကြီးသော သားအတွက် ကြင်ယာတော်က အဆိပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ဖြစ်နေခဲ့သလား မပြောတတ်။ အသားစိမ်းစိမ်းမှာ မျက်ခုံးစိမ်းညိုညို၊ နှာတံတင်းတင်း၊ နှုတ်ခမ်းပါးက ထောင့်ချိုးညီစွာ ရဲရဲနီသည်။ အပြုံးအရယ် နည်းသည်။ ဘုရင်မျက်နှာက ခိုင်ကျည်သော မေးရိုးတွေ ဘောင်ခတ်ထားတာကြောင့် ခက်ထန်သလို ဖြစ်သွားသည်။

"အလကားပါ၊ အန်တီ့သားက မာနခေါင်ခိုက်နေတော့ သူ့ကိုယ်သူ ဘယ်သူနဲ့မှ တူတယ်တန်တယ်လို့ မထင်တော့ ဘဝင်မြင့်သလိုပါ ဖြစ်နေတာပေါ့၊ ရုပ်ကိုကြည့်ပါလား တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေရတဲ့မျက်နှာနဲ့"

ကြင်ယာတော်က တစ်မျိုး။ သူ မကျေနပ်ပြီဆိုလျှင် မအေတွေ ညီမတွေ မခွဲခြားနိုင်။ စိတ်ထင်ရာ အထိန်းအကွပ်မဲ့ ပက်ခနဲ ပြောပြီးမှ…

"ဆောရီးနော် အန်တီ၊ အန်တီက ဘုရင့်မေမေဆိုတာ ကြင်ယာ မေ့သွားလို့"

ချစ်စရာကောင်းအောင် ရယ်မောလိုက်သော မျက်နှာလှလှလေးမှာ ဘာဟန်ဆောင်မှုမှ မရှိ။ အတွေးထဲမှာတောင် ပြုံးစေရယ်စေသော အစွမ်းရှိသည်။ ကြင်ယာတော်အကြောင်း သားသာသိလျှင် အပြစ်တင်တာခံရဦးမည်။ 'မေမေက ကိုယ့်သားထက် သူစိမ်းကိုပိုတယ်'ဆိုမှ အခက်။ ဒေါ်မေဝါက သားရဲ့ ရှုတင်းတင်းမျက်နှာကို ငေးရင်း ကိုယ့်စကားကို ကိုယ့်ဟာကိုယ် ပြန်ဆက်သည်။

"ကြင်ယာလေးက သဘောဖြူတယ်သားရဲ့၊ သူ့အပေါင်းအသင်းတွေကို မေမေ့ဆိုင် ဖောက်သည်ရအောင် လုပ်ပေးနေတာလေ၊ ခေါ်လာတာ တပြုံတမကြီး၊ ဒီကြားထဲ ဖုန်းနဲ့လှမ်းဆက်ပြီး မနက်စာ မစားရသေးတဲ့ သူငယ်ချင်းတွေပါ ဒီမှာလာစားဖို့ ခေါ်ပေးနေတာ၊ ပြီးတော့ သူ့ကွန်ပျူတာနဲ့ သူ မေမေ့ဆိုင် ကြော်ငြာလက်ကမ်းလေးတွေတောင် လုပ်လာပေးသေးတယ်"

ကြင်ယာတော်တို့ အကောင်းမြင်စိတ်နှင့် မေမေ့မျက်နှာက ကြည်လင်နေသည်။ ဘုရင့်မှာတော့ မေမေရဲ့ ကြည်လင်မှုကို ကြည့်ပြီး ရင်ထဲနောက်ကျိသွား၏။ အဲဒါ ဘုရင့်ကို အသုံးချချင်လို့ ကြိုးမဲ့ချည်နှောင်မှုစနစ်လို့ စိတ်က ရူးရူးဝါးဝါး ထအော်သည်။ နှုတ်ခမ်းဖျားကတော့ အပြေပြစ်ဆုံးစကားတို့ကို ရွေးပြီး…

"ဘာပဲဖြစ်ဖြစ် မေမေရယ်၊ သူ့ရှိမှ ဒီဆိုင်လေးရောင်းအားတက်တာမှ မဟုတ်တာ"

"ဒါပေမဲ့ အရင်ထက်တော့ ပိုရောင်းကောင်းလာတယ်သားရဲ့၊ အဲဒါတော့ လက်တွေ့ပဲ"

"အရာရာက ပုံမှန်ပဲ ကောင်းတာမဟုတ်ဘူးလား မေမေ







www.burmeseclassic.com

www.burmeseclassic.com



ရာ၊ ဘုရားဟောတောင် ရှိသေးတာပဲ၊ မချိုမငွံပဒါလေ၊ အလယ်အလတ်လမ်းစဉ်''

''အန်တီ့ကိုချည်း တရားချမနေနဲ့၊ အဲဒီ အလယ်အလတ်လမ်းစဉ်ကို ကိုယ်တိုင်လျှောက်နိုင်အောင် ကြိုးစားကြည့်ဦး၊ ကြင်ယာပြောတာ ဟုတ်တယ်မဟုတ်လား အန်တီ''

ကြင်ယာတော်အသံက နောက်ပါးမှ ထွက်ကာ ဘုရင့်ပခုံးကို ဖြတ်တိုက်ပြီး သူ့ရှေ့သို့ ရောက်လာသည်။ မေမေက ဘာမှမပြောဘဲ ရယ်နေပေမယ့် ဘုရင်က မရယ်နိုင်။ နောက်ကဝင်အတိုက်ခံရတာကြောင့် ဟန်ချက်ပျက်သွားသော ကိုယ်ကိုပြန်ထိန်းပြီး မျက်နှာကိုမော့တော့ ကြင်ယာတော်က ဇန်းကြီးကိုင်ပြီး ဒီဘက်အလှည့်မို့ အကြည့်ရိုင်းတွေက ဝုန်းခနဲ ဒိုင်းခနဲ ပစ်ဆောင့်ကုန်၏။

''မင်း ရိုင်းလှချည်လား၊ သူများသားအမိပြောတဲ့ စကားကို ချောင်းနားထောင်တာ''

''ရှင်ကတော့ သိပ်ယဉ်ကျေးတယ်ပေါ့၊ သူများမကောင်းကြောင်းပြောပြီး လက်ညှိုးထိုးနေတာ၊ အတင်းပြောတတ်တဲ့ယောကျ်ား ဒီတစ်ခါပဲ မြင်ဖူးသေးတယ်''

''အေး…မမြင်ဖူးရင် သေချာမြင်ဖူးအောင် ကြည့်ထား၊





မင်း အတင်းပြောတာ မဟုတ်ဘူး၊ မင်းရဲ့ မကောင်းတဲ့သတင်းတွေငါ့အမေသိအောင် ဖြန့်ဝေပေးနေတာ၊ အသုံးလိုရင်တော့ ကယ်ပါယူပါနဲ့၊ ကူညီပေးတဲ့လူကို ဆွဲလှဲပြီး မင်း အခက်အခဲပြီးတော့ ကူညီတဲ့သူကပဲ ဝတ္တရားရှိသလိုလို၊ မင်း ဘုန်းတန်ခိုးကြောင့်ပဲရှေ့တော်မှောက် အရောက်လာပြီး ကူညီသလိုလိုနဲ့ ကျေးဇူးမသိတတ်တဲ့ မိန်းမ''

နှစ်ယောက်သား နီးနီးကပ်ကပ် မျက်နှာချင်းဆိုင် ဆုံကြခြင်းဖြစ်သည့်အတွက် ကြင်ယာတော်အလှကို ဒေါသဖြစ်နေသည့်ကြားမှ ဘုရင် စိတ်ထဲက အလိုလို အသိအမှတ်ပြုမိလျက်သားဖြစ်နေ၏။ ဘာမှ မပြင်မဆင်ဘဲနဲ့ကို ကြင်ယာတော်အလှက ထင်ရှားရှင်းလင်းစွာ လှနေ၏။ မျက်နှာပေါ်က အစိတ်အပိုင်းအားလုံး ဘာတစ်ခုမှ အပြစ်ပြောစရာမရှိ။ သူ့ကို ရန်စွာနေသောနှုတ်ခမ်းလေးရှိရာသို့အရောက် ဘုရင့်ရင်ထဲ ဘာမှန်းမသိ တစ်မျိုးကြီးဖြစ်သွား၍ အကြည့်ကို ဆတ်ခနဲ လွှဲပစ်လိုက်သည်။

''ကြင်ယာက ကျေးဇူးမသိတတ်ရင် ရှင်က ကျေးဇူးမတင်ထိုက်လို့ပေါ့၊ သိပ်ကြီးကျယ်မနေနဲ့၊ ရှင့်ရင်ထဲရှိတာထက်ကြင်ယာ့ရင်ထဲက အမုန်းကပိုတယ်၊ မှတ်ထား''

''ဟား…ဟား မုန်းတဲ့သူရှိရာပဲ ခြေချတာ မင်းလိုမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ မြင်ဖူးသေးတယ်''

သူကရယ်တော့ ကြင်ယာတော်က ပြုံးပြီး…

''မုန်းတဲ့သူမို့ ခြေနှဲနင်းတာ၊ ချစ်သူဆို ခေါင်းပေါ်တင်ထားမှာ''

''ဟင်''

ဘုရင် ဘာဆက်ပြောရမှန်းမသိ။ နှုတ်ပိတ်ကာ အီလည်လည်ဖြစ်သွားသည်။ ကိုယ့်အပြောမတတ်မှုကြောင့် ကြင်ယာတော်ရဲ့ ခြေနင်းဖြစ်သွားတဲ့ဘဝ။ မေမေကတော့ တစ်ကိုယ်လုံး လှုပ်ခါအောင် ရယ်ရင်း…

''ကဲ…တော်ကြတော့၊ ဟော…ဆိုင်ရှေ့က ကားတစ်စီးရပ်တယ် ကြင်ယာရေ၊ သမီး ဧည့်သည်တွေများလား''

အန်တီဝါ့စကားကြောင့် ကြင်ယာတော်အကြည့်က လမ်းမထက်ဆီ ရောက်သွားသည်။ ကားက မာစီးဒီးနို့နှစ်ရောင်။ မာစီးဒီးတွေရဲ့ သဘောအရ ရိုးရှင်းတည်ငြိမ်ပြီး ဣန္ဒြေကြီးသည်။ ပြီးတော့ တန်ဖိုးမြင့်သည်။ ကြင်ယာတော်ကတော့ မာစီးဒီးကို မကြိုက်။ ရာဇဝင်အရ ခမ်းနားပေမယ့် ကြင်ယာတော်စီးသော ရေညှိရောင် ဒယ်(လ်)ဘယ်ကပ်လောက် မထည်ဝါဟု ထင်သည်။ ဒါပေမဲ့ ကြင်ယာတော်သူငယ်ချင်းထဲက တစ်ယောက်ယောက်များလား





အတွေးနှင့် ဆိုင်ရှေ့ကိုထွက်သည်။ ဒါပေမဲ့ ကြင်ယာတော် အကြို ထောက်မဲ့ ခြေလှမ်းက တုံ့သွား၏။ အနီရောင်ရင့်ရင့် လည်ပင်းထောင်ဇာနားတပ် အင်္ကျီက ရင်ဘတ်တစ်လျှောက် အတွန့်လေးတွေနှင့်မို့ ပုံရိုးမသွား။ လက်ဖမိုးအထိ ရှည်သော အင်္ကျီလက်အနားက ကားကားလေးမှာ ဇာနားတပ်ထားသည်။ စကဒ်က ခြေမျက်စိဖုံးအထိရှည်ကာ ချပ်ကပ်နေတာလည်း အနီရောင်ကို ထိပ်ပိတ်လေဒီရှူးကလည်း အနီရဲရဲမို့ ပတ်ဝန်းကျင်တစ်ခုလုံး နီရဲခြင်းတွေ ပေစွန်းသွားသည်။ တိုတိုထပ်ထပ် ဆံပင်ကြောင့် ထင်ရှားလှတဲ့ မျက်နှာမှာ နှုတ်ခမ်းကလည်း အနီရဲရဲ။

''ဟာ…ရဲလှချည်လား''

''စတိုင်မိတယ်ကွ''

''မပြစ်မှားနဲ့၊ မမကြီးအရွယ်''

''မင်း အဲဒီလောက်အထိ အိုဟာမလုပ်စမ်းပါနဲ့၊ ဝါသနာပါရင် ရွယ်တူတောင်လုပ်ပစ်လို့ရတယ်၊ နဖတ်နေတာပဲ၊ ထိရင် ကြွေမဲ့ဒီဇိုင်း''

ယောက်ျားလေးတွေဝိုင်းမှ အသံတွေ ညံစီစီထွက်လာသည်။ အနီရင့်ရင့်အရိပ်နှင့် ဘေးနားက အဖော်ကတော့ ဆိုင်ဘက်ဆီ လမ်းကူးလာပြီဖြစ်သည်။ သီရိက ကြင်ယာတော်နားကပ်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်သူလဲ ကြင်ယာ"

"မသိဘူး"

"မသိရင် အသာနေ"

ဗလိုင်းကြီး ကပ်ပောက်သော ငယ်ငယ့်ကို မျက်စောင်း အရွယ်မှာပဲ…

"ဘုရင်နဲ့ တွေ့ချင်လို့ပါကွယ်၊ ရှိရင်ခေါ်ပေးပါလား"

ရှေ့စားပွဲမှာ ထိုင်ရာကထနေတဲ့ ကြင်ယာတော်တို့ အတန်းဖော် ကိုဦးကို မေးချပုံက အပိုင်အနိုင်။ ကိုဦးက ကြောင်အမ်းအမ်းနှင့် ခေါင်းကုတ်ပြီးမှ…

"ဟုတ်…ရှိပါတယ်၊ ခဏနော်"

"ဘုရင်…မင်းကို တွေ့ချင်လို့တဲ့"

လည်ပင်းလိမ်ကာ လှမ်းခေါ်သည်။

"ကျွန်တော်ရှိပါတယ် အစ်မ"

အသံက ဆိုင်ထဲမှထွက်လာပြီး ကြင်ယာတော်နောက်ကျော တစ်ခြမ်းကို ဖြတ်တိုက်သွား၍ ခေါ်သဖြစ်သွားပေမယ့် ရန်တွေ့ရန် အခွင့်မရလိုက်။

"ပုံစံကတော့ အလန်းဇယားထဲနော် ကြင်ယာ၊ ဘုရင့်ဆိုင် အထိကောင် လိုက်လာတာဆိုတော့ ပတ်သက်မှုက မသေးဘူးကွ၊





ကြည့်ရတာ ဘုရင့်ရည်းစားလား မသိဘူး"

ကြင်ယာတော်သူငယ်ချင်းတွေထဲမှ ဝေဖန်သံတွေ ထွက်လာသလို စိတ်ဝင်စားသည့် အကြည့်တွေကလည်း ဘုရင့်ထံမှာ စုပြုံရောက်နေကြသည်။ ဘုရင့်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ တစ်လောကလုံး သူတို့ပဲရှိနေသလို ညှို့ဝတ်ပြုနေ၏။ ရယ်မောရင်း ရှိကျိုးဟန်၊ နာခံဟန်အသွင်နှင့် ဘုရင့်ပုံစံက နူးညံ့သိမ်မွေ့သောဟန်။ ချက်ချင်းကြီး ပြောင်းသွားတာက ကြင်ယာတော် သိသော ဘုရင်မှ မဟုတ်ပဲ။ နောက်တစ်ယောက် ရောက်နေသလား ထင်ရသည်။

"အလကားပါ၊ မမြင်ဘူး မူးမြစ်ထင်နေတာ"

ပါးစပ်က ရှုံ့ချပေမဲ့ ဥပေက္ခာမပြုနိုင်။ ကြင်ယာတော် အကြည့်တွေက သူတို့ထံ အကြည့်ရောက်တိုင်းလည်း မုဒိတာမပွားနိုင်နဲ့ ကြင်ယာတော်ရင်ထဲ မစ္ဆရိယစိတ်တွေ အားကောင်းလာရတဲ့ တရားခံက ဘုရင်ဆိုတဲ့လူကြောင့်လား။ အနီရောင် မမကြောင့်လား။ ဒါမှမဟုတ် ဆားထိုင်ဘုပြောနေရတဲ့ ကြင်ယာတော်ရဲ့ အဖြစ်ကြောင့်လား။ မသိနိုင်ခြင်းကို အဖြေထုတ်ရန် ပုစ္ဆာကအသင့်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အားပါးပါး"

တစ်ယောက်က ထအော်သည်။ ဘေးနားက ငယ်ငယ်က အလန့်တကြားအော်သော သီရိကို လှည့်ကြည့်သည်။

"ဘာဖြစ်တာလဲ ဒါ"

"ငရုပ်သီးစပ်လို့နေမှာ"

ကြင်ယာတော်က လက်ဖက်တစ်ဇွန်း ခပ်စားရင်းပြောတော့ လက်ဖက်ဒကာရှင် ပန်းက ပြုံးတုံးပြုံတုံးနှင့် ဝင်ငြင်းသည်။

"ပန်းက ငရုပ်သီးစိမ်းနည်းနည်းပဲ ထည့်ထားတာပါ မကြင်ယာရယ်"





"ဒါဆို ငယ်ငယ်က ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုမှမဖြစ်ဘူး မိန်းမတွေ၊ အခန့်အမှန်း အတွက် အချက်ကို မတော်ကြဘူး"

"ဟဲ့…အဲဒီလောက်တော်နေရင် သီရိကိုယ်တိုင် အကြား အမြင်ဆရာမ လုပ်စားတာ ကြာလှပြီ"

သီရိကပြောတော့ ကြင်ယာတော်က ပခုံးချင်း ပစ်တိုက်ရင်း…

"ဘာလဲ…မြင်သမျှ ကြားသမျှဟောသည်၊ အပိုတစ်ခုမှမပါ၊ ပါအောင်လည်း မပြောတတ်ဆိုတာမျိုးလား"

ရယ်သံတွေနှင့် မျက်စောင်းတွေ ပလူပျံသွားတော့ ခရေပင်ပေါ်ရှိ ငှက်တချို့က ထပျံသွားသည်။ ဒါကိုပဲ သံဝေဂရဟန်နှင့် ငယ်ငယ်က အပင်ပေါ် မော့ကြည့်ပြီး…

"ရှူး…တိုးတိုး၊ ကိုယ့်ကြောင့် သူတစ်ပါး အနှောင့်အယှက်မဖြစ်စေနဲ့တဲ့"

"ပြောပါ ပညာရှိရယ်"

သီရိက ဝင်ထောက်တော့ ကြင်ယာတော်က မျက်နှာတည်တည်နှင့်…

"ကြားဖူးလား ပန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ မမ"

"ပညာရှိရဲ့ ဒက်ဖနေးရှင်း"

ပန်းက ကလေးငယ်တစ်ယောက်လို ရှီးရှင်းစွာ ခေါင်းခါပြသည်။

"မှတ်ထား၊ လိမ်တာ သမာဓိ၊ ညာတာ ပညာရှိတဲ့"

"ခစ်…ခစ် မမကတော့ လုပ်ပြီ"

"ဩော်…ဘာကယ်ပြောတာ"

"ကဲ…တော်ပါပြီ၊ စကားတွေက ဘေးထွက်ကုန်ပြီ၊ ဒီမှာ ငါအော်ရတဲ့ အကြောင်းရင်းက…"

ငယ်ငယ်က ဖတ်လက်စဂျာနယ်ကို ဖြန့်လျက်သားကြီး အားလုံးရှေ့ ချပြသည်။ ဂျာနယ်က အခုတင် ပန်းတို့ထံအလာ လမ်းမီးပွိုင့်၌ လက်ပွေ့ရောင်းသူထံမှ တစ်စောင်ဝယ်ခဲ့ခြင်းဖြစ်သည်။ အားလုံးထဲမှာ စာကြမ်းပိုး ငယ်ငယ်ကသာ ဂျာနယ်တကိုင်ကိုင်။ ကြင်ယာတော်နှင့် သီရိကတော့ ဒီရောက်ကတည်းက ပန်းနှင့်အတူ လက်ဖက်သုပ်ရန် လုံးပန်းနေရတာ။ သတင်းထူးဆို အကုန် စိတ်ဝင်တစားရှိကြသည်။ ထို့ကြောင့် ဂျာနယ်စာမျက်နှာဆီ ဝိုင်းဝန်းအာရုံစိုက်တော့…

"…တိုင်း၊ …မြို့နယ်ရှိ ရှင်အပါးတစ်ထောင့်ရှစ်ရာအား

စိုး၊မို၊ ၈၁၆၀



မာန်မဟာစီးပွားရေးအင်အားစုမှ မမမာန်က သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်၍ ရဟန်းအစ်မအဖြစ် ခံယူခြင်း"

ခေါင်းစီးစာတန်းကြီးအောက်မှ လည်ထောင်ဗမာအင်္ကျီက အစိမ်းရောင် ချိတ်ထဘီအဝါပေါ် အစိမ်းရက်ဖောက်ထားပြီး ပဝါကျတော့ လိမ္မော်ရောင်ရင့်ရင့်နှင့် မမမာန်၏ပုံ။ သူမဘေးနား၌ ကြင်ယာတော်တို့ တွေ့ဖူးနေကျ တစ်ယောက်ရှိသည်။ ဘော်ဒီဂတ်လား ဘာလားတော့ မသိ။ မမမာန်ဆိုသူရဲ့ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းပေးနေပုံတော့ ရသည်။ သီရိက ဂျာနယ်မှ အကြည့်လွှဲရင်း…

"ရှင်အပါးတစ်ထောင့်ရှစ်ရာဆိုတာ နည်းတဲ့အားမှ မဟုတ်တာ"

"ဒီမိန်းမက တော်တော်ချမ်းသာလို့လား"

"ရှင် စိတ်ဝင်စားသွားပြီလား ကြင်ယာတော်"

ငယ်ငယ်ကမေးတော့ ကြင်ယာတော်က ဂျာနယ်ကို တွန်းထုတ်ရင်း…

"အဲဒီလောက်အထိ မဟုတ်သေးပါဘူး"

"ကိုကိုပြောတာတော့"

ပန်းက ကြားဝင်လာသဖြင့် ထင်မြင်ချက်တွေ ပေးနေ

စိုး၊မို၊ ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



သော ကြင်ယာတော်တို့ သုံးယောက်အသံတွေ တိတ်သွားသည်။ ပန်းထံ စိတ်ဝင်စားခြင်းအကြည့်တွေ အရပ်မျက်နှာပေါင်းစုံ ပြေးဝင်လာသော မြှားတံတွေပို။ ပန်းမျက်နှာထက်မှာ တစ်ပြိုင်တည်း စိုက်ဝင်ကုန်၏။ ပန်းက အားလုံးရဲ့အကြည့်ကြား မနေတတ်သလို လည်ကုတ်ကို ခပ်ဖိဖိပွတ်ရင်း…

"အဲဒီ မမမာန်က စိန်နဲ့ပလက်တီနမ် ရောင်းဝယ်ရေးအပြင် မင်္ဂလာဆောင်တွေကို အစအဆုံး စီစဉ်ပေးတဲ့သူတဲ့"

"ဝယ်(လ်)ဒင်ပလန်နာပေါ့"

"အင်း…အဲဒီသဘောပဲ မမကြင်ယာ၊ ဒါပေမဲ့ ပိုကျယ်ပြန့်တယ်တဲ့၊ လက်ထပ်ပြီး ဟန်နီးမွန်းကအစ နေဖို့ပါ စီစဉ်ပေးတာတဲ့၊ တချို့စုံတွဲတွေက သီးသန့်နေချင်တာမျိုးကျလည်း စီစဉ်ပေးတာမျိုး၊ တိုက်ခန်းတွေ၊ ကွန်ဒိုတွေ အစုံပေါ့"

"သူ့ဝင်ငွေအလိုက် တတ်နိုင်တာမျိုးလား"

ငယ်ငယ်က ဝင်မေးတော့ သီရိက မကြားတကြားနှင့်…

"နင်က မင်္ဂလာဆောင်ချင်စိတ် ပေါက်သွားလို့လား ငယ်ငယ်"

ငယ်ငယ်က မျက်စောင်းလှမ်းထိုးရင်း…

"ဘဝရဲ့ အပျော်ရွှင်ဆုံးအချိန်ကို သူစိမ်းယောက်ျား





တစ်ယောက်ရဲ့ ရင်ခွင်မှာ မြုပ်နှံစရာလား"

"အပြောက လေထက်မြင့်တယ်ဆိုတာ ဒါပဲ"

သီရိက ဝေဖန်သည်။ ကြင်ယာတော်ကတော့ ပန်းကို ငေးရင်း…

"ဆက်ပါဦး ပန်းရဲ့"

"မတတ်နိုင်တဲ့ သူတွေလည်း သူက အလကားကူညီနေတာတဲ့"

"ဟွန်း…ပိုက်ဆံတွေ သိပ်ပေါနေလားမသိဘူး"

"ပန်းလည်း အဲဒီလိုပဲထင်တာပဲ မမသီရိရဲ့၊ သူ့မှာ လုပ်ငန်းတွေလည်း အများကြီးပဲတဲ့၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ အိမ်အလှဆင်တာတွေ၊ ဟိုတယ်နဲ့ ဒီရတနာဆိုင်တဲ့၊ အဲဒါကြောင့် မာန်မဟာကုမ္ပဏီလို့ မတပ်ဘဲ စီးပွားရေးအင်အားစုတဲ့"

"ဒါကြောင့်လည်း သူ့ရုပ်က မာန်အလံလွှင့်ထားတာ"

ငယ်ငယ်က မကျေမနပ်နဲ့ ဝင်ပြောသည်။ ပန်းကတော့ သူမဘက်မှ ထောက်ခံသူရသွားသလို ဝမ်းသာအားရ ခေါင်းညိတ်ပြတော့ နားရွက်အောက် ကုပ်ကုပ်ဆံပင်လေးတွေက မျက်နှာရှေ့ ငိုက်ခနဲကျသည်။ ပန်းက နားရွက်နောက် ဖြစ်သလို ထိုးညှပ်ရင်း မျက်မှန်ကို ပင့်တင်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ပန်းက မခင်ပါဘူး၊ မေမေလည်း အဲဒီအတိုင်းပဲ၊ အဲဒီမိန်းမက သိပ်ထက်မြက်လွန်းတယ်တဲ့၊ ရိုးလွန်းတော့ အ၊ ဆိုသလို ထက်လွန်းတော့ သွက်တာထက် လည်တာပိုဆိုးတယ်တဲ့၊ မေမေက ကိုကို အလည်ခံသွားရမှာစိုးတာ"

"မစိုးရိမ်ပါနဲ့ ပန်းရဲ့၊ ပန်းအစ်ကိုက အလည်ခံချင်နေသလားမှ မသိတာ"

ကြင်ယာတော်ထံမှ မဲ့ရိပ်ထင်သော အပြုံးနှင့် ဝင်ပြောသည်။ တွေးကြည့်တိုင်း အဲဒီနေ့က အဖြစ်အပျက်က သာယာနာပျော်ဖွယ်မရှိ။ ကြင်ယာတော်နှင့်ဆို အမြဲတမ်း တည်တင်းမှုန်ကုပ်နေသော ဘုရင့်မျက်ဝန်းတွေက မမမာန်ရဲ့ နှုတ်ခမ်းလွှာတွေကြား အရည်ပျော်ကျမတတ် အရောင်တွေလက်နေတာ။ ကြင်ယာတော်အတွက် သံမှုန်စတွေ လွင့်ပျံ့တော့မတတ် အသင့်ရှိသော ဘုရင့်နှုတ်ခမ်းလွှာတွေက မမမာန်အတွက်တော့ ပျားရည်မြစ်ကြီး သွန်ချစီးဆင်းစေတဲ့အလား။ ကြင်ယာတော် ယောင်ရမ်းပြီး မျက်ဝန်းတို့ကို မှိတ်ချသည်။ ရင်ထဲမှာ ဝမ်းနည်းခြင်းလား၊ ကြေကွဲခြင်းလား။ ခေါင်းစဉ်တပ်လို့ မရပေမဲ့ ကြင်ယာတော် ပျော်မနေတာတော့ ကိုယ်တိုင်သိသည်။

"သိလား…မမကြင်ယာ"





"ဟင်…ဘာကိုလဲ"

ပန်းထံမှ ပခုံးချင်းပစ်တိုက်ပြီး အမေးခံရတာကို ကြင်ယာတော် အထူးအဆန်းကြီးလို လှည့်ကြည့်သည်။

"အဟမ်း…ဟမ်း"

"ဒီလိုသာ ချောင်းဆိုးချွဲကြပ်နေရင်တော့"

ငယ်ငယ်က ချောင်းလုပ်ဆိုးပြီး သီရိက ကြော်ငြာတစ်ပိုင်းတစ်စကို ထအော်သည်။ ကြင်ယာတော်ကို ရည်ညွှန်းပြီး ပြောနေခြင်းအား အရိပ်အကဲ မဖမ်းမိသော ပန်းကသာ ကြင်ယာတော်ကို တစ်လှည့် သီရိတို့ကို တစ်လှည့်ကြည့်ပြီး…

"ကိုကိုကတော့ အဲဒီမမမာန်ကို ချီးကျူးနေတာပဲသိလား၊ ပန်းကိုလည်း အတုခိုးတဲ့၊ လည်ပင်းကနေ လက်ဖျား ခြေဖျားတွေအထိ ဖုံးထားတဲ့ ဝတ်စုံမျိုးကို ကြည့်တဲ့၊ ဣန္ဒြေလည်းရတယ်၊ ခေတ်လည်းမီပြီး လုံခြုံတယ်တဲ့လေ"

ပန်းရဲ့စကားကြောင့် ကြင်ယာတော် ကိုယ့်ကိုယ်ကို ဖျတ်ခနဲ ငုံ့ကြည့်မိသည်။ ရာသီဥတုကို လိုက်ပြီး ကြင်ယာတော်က အဝတ်အစားပြောင်းသည်။ အခုလည်း ပူအိုက်သော နေ့လည်ခင်းနှင့်အညီ ရင်ပြတ်ဂါဝန်က သခွားရောင်ကို ခါးနားမှာ ဇာအထပ်ထပ်တွေနှင့် ကားကားလေးဖြစ်ကာ ဒူးအထက်နားအထိ ဆံပင်ရှည်



www.burmeseclassic.com

www.burmeseclassic.com



သည့် အတိုင်းအတာနှင့်…။

“အောင်မလေးဟယ်…အဓိကက လူရဲ့စိတ်နဲ့ဆိုင်တာပါ၊ ကြီးကျယ်လို့၊ သူ့ရဲ့မမမာန်က ရှေ့တင် လုံလုံခြုံခြုံထားတာ၊ ဟွန်း နောက်ကနေ စကာဒ်ကြီး ခွဲထားတာကျတော့”

“ဟုတ်ပ…ပေါင်အထိပဲ”

တစ်ယောက်တစ်ခွန်း နှိပ်ကွပ်သံတွေကြားမှာ ပန်းက ဝမ်းသာအားရ ခေါင်းညိတ်ပြပြီး…

“ဟုတ်ပ…ကိုကို့ကို အဲဒီအတိုင်းပြောရမယ်”

“ဘာပြောမှာလဲ ညီမလေး”

ခုံတန်းနားသို့ အရိပ်တစ်ရိပ် ထိုးကျလာသည်။ ခေါင်းလိမ်းဆီနံ့ဖျော့ဖျော့မှလွဲ၍ တခြား ဘာအမွှေးနံ့သာမှ မသုံးသော ဘုရင်က ဘာအရိပ်အယောင်မှ မပြဘဲ ကြင်ယာတော်နား ရောက်လာတာ ရိပ်ခနဲ။

“ကိုကို”

ပန်းက အလန့်တကြား ထအော်သည်။

“အခုမှ ကြောက်တဲ့ပုံစံ မဖမ်းနဲ့ ပန်း၊ ထ…စာသွားကျက်၊ ညည်းက သာမန်လူမဟုတ်ဘူး၊ ဆေးကျောင်းသူ”

ဘုရင်က ခုံတန်းတစ်ခုလုံးအား မျက်လုံးဝေ့ခနဲကြည့်ပြီး





အခဲဆုံးသတ်သွားတာက ကြင်ယာတော်မှာပဲ ဖြစ်သည်။ ဘုရင့်အတွက်တော့ နှုတ်ထွက်စကားများဖြစ်ပေမဲ့ ကြင်ယာတော်ရင်ထဲမှာ တော့ လက်နက်ဆန်းများနှင့် ပစ်ပေါက်ခံနေရသလို နာကျင်စွာ ခံစားနေရသည်။ ထိုနာကျင်မှုဖြင့် ကြင်ယာတော်က ယဲ့ယဲ့ပြုံးကာ

“ရှိုးအိနေတဲ့ ဆုံးမစကားတွေပဲ ထပ်ခါထပ်ခါ ပြောမနေစမ်းပါနဲ့”

“ရှိုးတာ မရှိုးတာ ငါ့ကိစ္စ၊ မင်းကိုပြောထားမယ်၊ ငါ့ညီမကို ဆန်းပြားတဲ့ မင်းဇာတ်ထဲ မသွင်းနဲ့”

“ကိုကို”

ပန်းက တားမြစ်သလို အော်သည်။ ဘုရင်က ညီမဖြစ်သူအား ခပ်တင်းတင်းငဲ့ကြည့်ပြီး…

“သွား…စာသွားကျက်တော့”

တစ်ခွန်းတည်း အမိန့်ပေးသည်။ ကြင်ယာတော်ကတော့ လက်ဖက်တစ်ဖွန်း ခပ်စားရင်း…

“ကြင်ယာတော်က ဆန်းပြားတယ်ဆိုတာ ရှင်သိနေတာ ဝုဏ်ယူစရာပဲ”

“ဘာလဲ…ရှင့်စိတ်ထဲမှာ ကြင်ယာနဲ့ပတ်သက်ပြီး အဆန်းတပြားတွေ ဖြစ်နေပြီလို့ ဝန်ခံလိုက်တာလား”



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…မင်း"

"ဟုတ်ရင်.ဟုတ်တာပေါ့၊ ပန်းကို အကြောင်းပြပြီး ဘာမှ ဝေ့လည်ကြောင်ပတ်လုပ်နေစရာ မလိုပါဘူး"

"ကြင်ယာတော်"

"ဘာလဲ…ပြော"

"အခု မင်းပြောနေတာ ဘာစကားလဲဆိုတာ သိရဲ့လား"

"ရည်းစားစကား မဟုတ်တာတော့ သေချာသားပဲ"

"တော်ပါတော့ ကိုကိုရယ်၊ ပန်း တောင်းပန်ပါတယ်၊ မမလည်း တော်ပါတော့နော်"

ကြားထဲက မနေနိုင်သည့် ပန်းက သူ့အစ်ကိုနှင့် ကြင်ယာတော်တို့ စကားစစ်ပွဲမှာ ဝင်ပါပြီး နှစ်ယောက်စလုံးကို တောင်းပန်နေသည်။

"ဒီတစ်ခါတော့ ပန်းကိုအားနာလို့ မမက အလျှော့ပေးလိုက်တာနော် ပန်း၊ နောက်တော့ မရဘူး၊ ဒါပဲ"

"လာဟေ့…သူငယ်ချင်းတို့၊ ဒီနေရာက စက်ကွင်းမလွတ်ဘူး၊ တခြားနေရာကို သွားကြမယ်"

ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်ပုံစံဖြင့် ပြောချင်ရာပြောပြီး ကြင်ယာတော်က သူမသူငယ်ချင်းတွေကို ဦးဆောင်ပြီး ထွက်သွားသည်။





"ဒီမိန်းမတော့ကွာ…တောက်"

ဒေါသကို ဖြေထုတ်သည့်အနေနှင့် ဘုရင်က သူ့အနားရှိသော ပလပ်စတစ် ခုံပုလေးကို လွှဲကန်မယ့်ဟန်လုပ်တော့…

"အို…မလုပ်ပါနဲ့၊ နာမှာစိုးလို့မဟုတ်ဘူး၊ ခုံကျိုးမှာစိုးလို့"

ပြောဖြစ်အောင် လှမ်းပြောလိုက်သည့် ကြင်ယာတော်စကားအဆုံးမှာ နောက်ကျောက ရယ်သံခိုးခိုးခစ်ခစ်က ခုန်ပေါက်သွားသည်။

ဘုရင့်ရဲ့ ဒေါသခြေလှမ်းက အိမ်လေ့ခါးထစ်ကို ကျော်တက်ရင်း သူမရဲ့ ဂါဝန်တို့ သခွားရောင်ကို မျက်ဝန်းထဲ မြင်ယောင်တဲ့အခါ ထိန်းချုပ်ထားတဲ့ကြားက ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်သည်။ သူ့ကိုယ်ပေါ် ဝတ်ထားတာက သခွားရောင်စပို့ရှပ်။ ဘုရင်က ဒေါသဖြစ်ဖြစ်နှင့် အင်္ကျီကိုခါးစပ်မှ ဆွဲလှန်ချွတ်ပစ်၏။ တူစရာလား။ ဟွန်း…သူမနှင့်ပတ်သက်လျှင် ဘာနဲ့မှကို မတိုက်ဆိုင်ချင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ကျွီ"

"ဒုန်း"

"ဟာ"

"အင့်"

အသံတွေက တရစပ်အမျိုးစုံထွက်သွားအပြီးမှာ ဘာမှန်းမသိသော လူရိပ်တစ်ရိပ်က ဘုရင့်ရင်ခွင်ဆီ ပြေးဝင်တိုက်တာဖြစ်သည်။ နှစ်ယောက်သား လုံးထွေးပြီး လဲကျသွားတော့ ဘုရင်ခုတင်ခြေရင်း ကြမ်းပြင်ပေါ်။ ဘုရင့်ကျောနှင့် ပစ်ကျတာမို့ ရင်ဘတ်ပေါ်က ဖိထားသော အရိပ်ရှင်ကို ကြည့်လိုက်တော့…

"ဟင်…မင်း"





"ရှူး…တိုးတိုး"

ဘုရင့်ပါးစပ်ကို လက်နဲ့ဖိအုပ်ထားခဲ့ရတဲ့အပြင် ဘုရင့်ကိုယ်ပေါ်မှာ ကြင်ယာတော်ဆိုသည့် သူမကိုယ်တစ်ပိုင်းက ထပ်လျက်သား။ ကြင်ယာတော်က နေရာကနေ မပိတ်ဖြစ်သောအခန်းတံခါးအား ခြေဖျားနှင့် လှမ်းကန်သည်။ တံခါးက ချပ်ခနဲပိတ်သွားမှ သူမက ဘုရင့်ရင်ဘတ်ပေါ် လက်ထောက်ထရင်း…

"အား…လား…လား၊ ဒီအတိုင်းကြီး ပစ်ဝင်လိုက်တာ လက်က နင့်ကျောအောက် ဖိနေတယ်၊ နာလိုက်တာ"

ပြောလည်းပြော၊ ကြင်ယာတော်က သူမလက်တစ်ဖက်ကို ဆွဲထုတ်၍ ဘုရင့်အရင် ဦးအောင် ညည်းညူသည်။ ဘုရင်က အခုမှ ထထိုင်ရင်း…

"မင်း…ဒါ ဘာလုပ်တာလဲကွဟင်"

"ဘာဖြစ်တာမှန်း မသိတာလား၊ အသားယူချင်လို့ မေးတာလား၊ နောက်တစ်ခါဆို ဆောရီးပဲ၊ ကြင်ယာက ရှင့်အခန်း မှန်းမသိလို့"

ကြင်ယာတော်က ရင်ဘတ်ရှေ့ ဖရိုဖရဲကျနေသော ဆံပင်တွေကို ကျောနောက်ပို့ရင်း ဘုရင့်ကို ပြောပုံက ကိုင်ဆောင့်ပစ်ချင်တာ။ ဘုရင် ထရပ်တော့ အရှိန်ကြောင့် ကျထားတဲ့ ကျောတစ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



လုံးက အောင့်တက်နေဆဲ။ အသစ်လဲပြီးသား အင်္ကျီ ပုဆိုးတွေကို ရှေ့နောက်ဝဲယာ ဖုန်ခါရင်း…

"မင်းစကားပြောတာ သိပ်မရှင့်နဲ့ ကြင်ယာတော်၊ ဒီအိမ် ဒီခြံထဲ မိန်းကလေးတန်မဲ့ စွတ်ရွတ်ဝင်တာကို မကြိုက်တာ"

"ရှင် ကြိုက်အောင် ကြင်ယာက ဝင်လာတာမဟုတ်ဘူး ရှင့်၊ ကြင်ယာမှာက ကိုယ့်အကြောင်းနဲ့ကိုယ်"

"မင်းအကြောင်းက ငါ့ကို လာလာပတ်သက်နေတယ်၊ မင်း အဲဒါကို နားလည်လား"

ဒေါသတကြီး ဘုရင်အော်တော့ အခန်းတံခါးကိုဟပြီး အပြင်ဘက် ချောင်းနေသော ကြင်ယာတော်မျက်နှာက ဘုရင့်ဘက် ပြန်လှည့်လာသည်။ အမြဲတမ်း မဲနက်နေသော မျက်ဝန်းတွေဟာ အိုင်းလိုင်နှာ ခပ်ထူထူဆွဲထားစမြဲ။ မျက်တောင်ရှည်တွေက ကော့ပျံ့ တာ အပေါ်မျက်ခွံအထိ ပြန်ထိသည်။ မျက်လုံးမည်းတွေနှင့် ဆန့်ကျင်ဘက် နှုတ်ခမ်းပါးတွေက အသားရောင်ဆိုးဆေးတစ်မျိုး ကြောင့် စိုအိနေ၏။ ဆံပင်ရှည်ရှည် လိမ်တွန့်တွန့်တွေဟာ ဘယ်လောက်ဖြီးဖြီး ရှင်းလင်းသပ်ရပ်မည့်ပုံမပေါ်။ ဒီကြားထဲ ဝတ်သမျှက မလုံ့တလုံ။ အခုလည်းကြည့် တီရှပ်အဖြူရောင်က လက်မဖြောက်တာတောင် ခါးကို တီတီပပ မဖုံးထား။ ရှော့ပင်(န်)





က အစိမ်းရောင်။ ကမူးရှူးထိုး ဘုရင့်အခန်းထဲ ဝင်လာသောအခါ လက်ထဲဆွဲလာတဲ့ ဟပ်(ဗ်)ရှူးအငါရောင်က အခန်းထောင့်မှာ တစ်ဖက်ကို တစ်နေရာစီ ရောက်ချင်တိုင်း ရောက်နေသည်။ ဘုရင် က ခါးထောက်ကာ ကြင်ယာတော်ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ကျစ်ခနဲ စုပ်သပ်ကာ အိပ်ရာပေါ် အိခနဲ ပစ်ထိုင်ချသည်။

"ငါစိတ်ပျက်တာ အဲဒါတွေပဲ၊ ငါနဲ့ မပတ်သက်ပါနဲ့လို့ ထပ်ခါထပ်ခါ တားတယ်၊ ငါ့ဘက်က အတတ်နိုင်ဆုံး ကင်းကင်း နေခဲ့တယ်၊ ဒါပေမဲ့ မင်း မနာခံဘူး၊ မင်းကို ဘယ်လိုသတ်မှတ် ချက်ပေးရမှန်းတောင် မသိတော့ဘူး ကြင်ယာတော်"

"မသိရင် မပေးနဲ့ပေါ့ရှင်"

ကြင်ယာတော်က ဘုရင့်အခန်းတံခါးကို ကျောနှင့်ကပ်မှီ ကာ လက်ပိုက်ရင်း ခပ်အေးအေးပြောသည်။ တကယ်ဆို ပတ်သက် သမျှ၊ ဆက်နွယ်သမျှဟာ ကံအကြောင်းတရားတွေကြောင့်လို့ ပြောလျှင်ရော ဘုရင့်ဆိုသောလူက နားလည်ပေးမည်တဲ့လား။ ဘုရင့် ကို မုန်းပေမယ့် ကြင်ယာကို နွေးထွေးမှုပေးသော အန်တီဝါနှင့် ယန်းကိုချစ်သည်။ ထို့ကြောင့်လည်း ဒီအရပ်၊ ဒီနေရာမှာ ကြင်ယာ ပျော်နေခြင်းမျိုးပါ။ ကြင်ယာရောက်လေရာ နေရာအား အချိန်မဆိုင်း ခြေရာခံနိုင်သော ရာဇာတို့အဖွဲ့ကိုတောင် ကြင်ယာ မျက်ခြေဖြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တာ။

"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာ နားထောင်လို့သာ မရိုင်းတာ၊ တကယ့်လက်တွေ့မှာ ရည်းစားတစ်ထောင်ထားမိရင် ကိုယ်က ထိန်းသိမ်းတယ်ပဲထား၊ အနည်းဆုံး လက်ကလေးတော့ နမ်းရတယ်၊ ပါးကလေးတော့ အိုရတာပဲ၊ သန့်စင်ခြင်းဆိုတာ မရှိနိုင်တော့ဘူး၊ ကိုယ်လက်ထပ်မယ့်သူအတွက် မစဉ်းစားနဲ့၊ ကိုယ့်ကိုယ်ကို အရင်ဆုံးဖြတ်၊ ညစ်နွမ်းမှုနဲ့ ကိုယ့်ကိုယ်ကို လေးစားနိုင်ပါ့မလားဆိုတာ၊ ဒါ သမီးကို အန်တီဝါ ဆုံးမတာ မဟုတ်ဘူး၊ အကြံပေးတာ၊ စိတ်ပျော်ဖို့ ဖန်တီးချင်ရင် ရည်းစားထားတာကလွဲလို့ တခြားအရာတွေ အများကြီးရှိတာ သမီးမသိသေးလို့ပါ"

ထိုစဉ်ကတည်းက ကြင်ယာတော်က အန်တီဝါ့ဆီလာသည်။ ဒီမှာအချိန်ဖြုန်းရင်း အန်တီဝါထံမှ အချက်အပြုတ်တွေ လေ့လာ၊ အိမ်မှာ လက်တည့်စမ်းပြီး အချိန်ကိုသုံးရတာ ပိုအဓိပ္ပာယ်ရှိသလို ခံစားရသည်။ ဒါတွေပြောပြကြည့် ဘုရင်က ရန်လိုမျက်လုံးနှင့် သံသယစကားတွေဆိုမှာ မလွဲ။ အခုလည်း ဆိုင်ရှေ့ ရာဇာရောက်နေလို့ ဝင်ပုန်းတာပါလို့ အဖြစ်မှန်ပြောပြကြည့် 'ငါကဒါမျိုးစောင့်နေတာ' ဆိုပြီး ကြင်ယာအား ကုတ်ဆွဲထုတ်မှာ သေချာ





သည်။ ကြင်ယာက သူမရှေ့မှ စိတ်ပျက်ခြင်းကြီးစွာဖြင့် ကြည့်နေသော ဘုရင်ကို လှောင်ပြုံးပြုံးပြပြီး…

"ကြင်ယာကတော့ ကိုယ့်ကို ကဲကဲဆတ် ရှောင်ချင်နေတဲ့ သူနား လိုက်ကပ်နေရတာကို သဘောကျတာ"

"မင်း အရှက်မရှိတာ ကြေညာစရာမလိုဘူး၊ လူတိုင်း သိတယ်"

"ကြေညာတာ မဟုတ်ဘူး၊ အဲဒါ ဝါသနာ၊ ချိုးနှိမ်ဖို့ ခက်တယ်ဟ"

ကြင်ယာတော် ခပ်ဖံလောင်လောင်လေး ပြောတော့ ဘုရင်က ထိုင်နေရာမှ ထရပ်သည်။

"ဖယ်ပေး"

"မဖယ်ဘူး"

"ကြင်ယာတော်"

"ပြော"

"မင်းမရှက်ပေမဲ့ ငါရှက်တယ်၊ မင်းဟာမင်း ဘာအကြောင်းနဲ့ ငါ့အခန်းထဲ ဝင်လာလာ၊ တခြားတစ်ယောက်ယောက် တွေ့သွားရင် ငါ့သိက္ခာကျတယ်"

"ကျသွားတဲ့ ရှင့်သိက္ခာအတွက် ကြင်ယာ လျော်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''ကြင်ယာတော်''

ဘုရင့်ထံမှ အသံကျယ်ကြီး ထွက်လာပြီး အော်သည်။ ကြင်ယာက တမင်အချိန်ဆွဲနေခြင်းပါ။ ဆိုင်ရှေ့ အရစ်ရှည်နေမည့် ရာဇာ့လက်မှ လွတ်ရန် ဒီအခန်းထက် လုံခြုံရာမရှိတော့။

''မင်း…ဖယ်နော်၊ ငါ ကားထွက်ရမှာ''

''ဪ…ဒုက္ခပဲ၊ ကြင်ယာကြောင့် တစ်နေကုန်သွားရင် ရှင့်ကိုယ်ရှင် ရနေတာထက် ပိုပေးမယ် ယုံ၊ ဒီမှာ ကြင်ယာ ဆန္ဒ ရှိရင် ရှင့်တစ်ကိုယ်လုံးတောင် ကြင်ယာ ဝယ်လို့ရတယ်''

''မင်း…တော်တော့''

ဘုရင်က ပိတ်အော်သည်။ နီရဲတင်းမာသော ဘုရင့် မျက်နှာထားကြောင့် သူ့ထံမှာ ဖြစ်နေသော ဒေါသက သေးသေး ကွေးကွေးမဟုတ်မှန်း ကြင်ယာ သိသည်။

''ငါ့အခန်းထဲက ဆွဲထုတ်ရမလား၊ မင်းဟာမင်း ထွက် သွားမလား ဒါပဲပြော''

''အဲဒီလောက်အထိ မခြိမ်းခြောက်နဲ့၊ ကြင်ယာ အသား လာထိလို့ကတော့ ဘာဘာညာညာ လုပ်တယ်ဆိုပြီး အော်မှာ''

''မင်း''





စိတ်နောက်ကိုယ်ပါသွားကာ ဘုရင်က ရှေ့တွင်ရှိသော ကြင်ယာ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲခါပစ်သည်။

''ဘုရင်…ရှင်နော်…ရှင်''

''အော်လေ၊ မင်းအသားကို ထိပါတယ်ဆိုပြီး၊ ဝါသနာပါ ရင် ကြေညာလို့ရတယ်၊ ထိရုံတင်မကဘူး''

''ဘုရင်''

''ရှင်နော်…အိုး''

ဖျတ်ခနဲ ငုံ့မိုးကျလာသော ဘုရင့်မျက်နှာ။ နွေးထွေးခြင်း ထက် ပိုသော ပူပြင်းသည့် အနမ်းက ကြင်ယာနှုတ်ခမ်းဖျားဆီ ကျရောက်လာသည်။ ရုတ်တရက်မို့ လွတ်ကင်းအောင် မရှောင်တိမ်း နိုင်သော ကြင်ယာအတွက် ရှန်းကန်ခြင်းသည် စိတ်ကူးထဲမှာပဲ ဖြစ်ကာ ဒေါသနှင့် ကြွဆင်းနေသော အနမ်းများကြောင့်…

''ရှင်…ဟင့်အင်း၊ ရှင် လူယုတ်မာ''

''အေး…သိရင်ပြီးတာပဲ''

ဘုရင်က ပြောရင်း ပခုံးနှစ်ဖက်ကို ဆောင့်လွှတ်သော ကြောင့် ကြင်ယာ ယိုင်ခနဲ ဖြစ်သွားသည်။

ကြင်ယာ စူးရဲစွာစိုက်ကြည့်ရင်း နှုတ်ခမ်းများကို လက်နှင့် ကွယ်ကာ တိုင်ပင်မထားသော မျက်ရည်တွေက မျက်ဝန်းထဲ နေရာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရုံနဲ့ အားမရ ပါးပြင်ဆီ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ဘုရင်က တော့ ကြင်ယာ ဖြစ်အင်ကို ကျေနပ်စွာကြည့်ရင်း အပြုံးတို့က နှုတ်ခမ်းဖျားမှာ ဖြစ်တည်ကာ…

"လူယုတ်မာမှန်းသိတော့ ငါနား ထပ်မလာရဲတော့ဘူး ပေါ့၊ ဟုတ်တယ်မဟုတ်လား ကြင်ယာတော်"

"ကိုကို"

တံခါးခေါက်ရန် ဟန်ပြင်နေသူက ပန်း။ ဘုရင့်ရဲ့ အခန်း ထဲအထိ ပန်းအကြည့်တွေက ကျူးကျော်သွားတော့ ဘုရင်က မျက်နှာကြီးနီလျက် ကြင်ယာတော်ရဲ့ အငိုမျက်နှာနှင့် ဘုရင့်ရဲ့ တင်းမာခြင်းကြား အခြေအနေကို ပန်းက အကဲခတ်မိပုံရသွားကာ

"အိမ်ရှေ့မှာဧည့်သည်…ဒေါ်မမမာန်တဲ့"

"အေး…လာပြီ"

ဘုရင်က ဆံပင်တွေကို လက်နဲ့သပ်ချပြီး ထွက်သွား၏။

"မမကြင်ယာ"

"ရတယ် ပန်း၊ တို့ ဘာမှမဖြစ်ဘူး"

လက်ဖမိုးဖြင့် မျက်ရည်တွေကို ပွတ်ဆွဲရလွန်း၍ ပါးမို့ဟာ နဂိုထက် အရောင်ရင့်သည်။ အနွေးဓာတ်မပြယ်သေးသော နှုတ်ခမ်း များအား သိမ်းဆည်းစရာနေရာ ရှားပါးလွန်းစွာနှင့် ကြင်ယာတော်





က နှုတ်ခမ်းနှစ်လွှာအား ဖိပိတ်ထားရင်း…

"ရာဇာ့ကို ပုန်းဖို့နေရာရှာရင်းက တို့ ဒီထဲရောက်သွား တာ"

"ရှင်းပြစရာမလိုပါဘူး မမရယ်၊ မမက ပန်းရဲ့မမပဲဟာ"

အဓိပ္ပာယ် သက်ရောက်ခြင်းအမျိုးမျိုး ရှိပေမဲ့ ကြင်ယာ တော် ကောက်နုတ်ချက် မထုတ်ချင်တော့။ ဒေါသကြောင့် လှုပ်ရှား ခဲ့ရသော ရင်ဟာ သင်းရဲ့ နှုတ်ခမ်းနီမြန်းမြန်းကြောင့် ရင်အခုန်မရပ် ချင်တော့ဘူးဆိုလျှင်။

"မေမေက မရှိဘူးပြောလိုက်လို့ သွားပြီ မမရဲ့၊ လာ ပန်းတို့ အပြင်က မမမာန်ကို အကဲခတ်ရအောင်"

ပန်းက ကြင်ယာခါးကို ဖက်ပြီး ဧည့်ခန်းဆီ ဆွဲထုတ်လာ တော့ ဧည့်ခန်းထဲမှာ မမမာန်နှင့် ဘုရင်။ မမမာန်အကြည့်က သာမန်ပေမယ့် ဘုရင်ကတော့ အခဲမကျေခြင်း။ အောင်နိုင်ခြင်းများ စွာနှင့် ပြုံးလို့။ ကြင်ယာ နှုတ်ခမ်းကိုကိုက်ကာ မျက်နှာကို ဖျတ်ခနဲ လွှဲလိုက်သည်။ သွားစမ်းပါ ဘာမှမဆိုင်ဘဲ တိုက်ပွဲခေါ်သံကို ရင်ခုန်နေစရာမလိုဘူး။ သူကြင်မှ ကိုယ်ကြင်ဆိုသည့် စကားက အလကားထားတာမှ မဟုတ်တာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"စောင့်နေရတာ ကြာသွားလား မမ၊ ဆောရီး ကျွန်တော် အဝတ်အစားလဲနေလို့၊ ကားထွက်တော့မှာဆိုတော့လေ"

ဘုရင်က ဆက်တီမှာ ဝင်ထိုင်ရင်း မမမာန်ကို မေးသည်။ လည်ပင်းပိတ်မှစ၍ ရင်ဘတ်တစ်လျှောက် အလိပ်အနွယ် ဖော်ထားသော အောက်ခံအင်္ကျီက ချောကလက်ရောင်အနုပေါ် ကုတ်က အညိုရင့်။ စကတ်ကလည်း ညိုမှောင်မှောင်ပဲဖြစ်ကာ ခါးပတ်ကျ တော့ အဖြူရောင်သေးသေးလေး ပတ်ထားသည်။ ထုံးစံအတိုင်း မျက်နှာရဲ့ တခြားအစိတ်အပိုင်းတွေက ရှင်းလင်းနေပြီး နှုတ်ခမ်းများ၌ ရွှေညိုရောင်ဆိုးဆေးက ထူထူအိအိ။





"မကြာသေးဘူး၊ တို့က ဘုရင်ရှိမဲ့အချိန်ကို တစ်ခါတည်း လာခဲ့တာ၊ ကိစ္စက ဘုရင်နဲ့တွေ့မှ အဆင်ပြေမှာဆိုတော့လေ"

"ဟုတ်ကဲ့ ပြောပါမမ၊ ကျွန်တော် ဘာကူညီရမလဲ"

ဘုရင်က မေးပေမဲ့ မမမာန်ရဲ့ မျက်ဝန်းတွေက ဘုရင့်ပခုံးပေါ် ကျော်ရောက်သွားသည်။ သူ လည်ပင်းလိမ်ကာ ခေါင်းငဲ့ကြည့်တော့ ပန်းနှင့်အတူ ထွက်လာသော ကြင်ယာတော်။ ဘုရင်နှင့် မျက်လုံးချင်းဆုံတာနှင့် ပေါက်ကျော်မက ချက်ချင်း မျက်လုံးပြူးကာ နှုတ်ခမ်းကိုက်ပြသည်။ လက်သီးပြန်ပြရန် လက်ကမြောက်သွားပေမဲ့

"သူက"

မမမာန်ထံမှ မေးခွန်းထွက်လာမှ သတိပြန်ဝင်သည်။ ရှေ့ဘက်ပြန်လှည့်ကာ…

"အိမ်လာလည်နေတဲ့သူပါ"

"ဪ…ကြင်ယာတော်ဆိုတာလား"

ကြင်ယာတော်ဆိုသည့် အမည်ကို မမမာန်နှုတ်ဖျားမှ ကြားရ၍ အံ့ဩစိတ်ကြောင့် မမကို ဖျတ်ခနဲ မော့ကြည့်သည်။

"ကြင်ယာတော်ကို သိလို့လား"

"ဟင့်အင်း…မသိပါဘူး"

လှုပ်ရှားမှုတွေ ရပ်တန့်သွားသော ဟိုနှစ်ယောက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးထောင့်မှ မြင်လိုက်ရ၏။ မမကတော့ နှုတ်ခမ်းတွေကို လှပစွာ ကွေးညွတ်ပြုံးရင်း…

"အဟွန်း…တိုက်ဆိုင်မှုပါ၊ တို့ဝင်လာတော့ ရှေ့မှာ ကောင်လေးတစ်သိုက်က မေးနေတာလေ၊ ကြင်ယာတော် ပုန်းနေရင် ခေါ်ပေးပါဆိုပြီး"

အခုမှ အကြောင်းစုံ သိသွားသော ဘုရင့်အကြည့်က ကြင်ယာတော်ထံ ဒိုင်းခနဲ။ မဆီမဆိုင် ဝင်ပါချင်နေသော မမမာန်အား ကြင်ယာက တုံ့ပြန်ရန် နှုတ်ခမ်းပြင်ချိန်မှာ ဘုရင်က ဟိုဘက် ပြန်လှည့်သွားပြီး…

"မမပြောချင်တဲ့ ကိစ္စက"

ဘုရင်က တမင်တကာ လမ်းကြောင်းလွှဲမှန်း သိသာလွန်းသည်။ ကြင်ယာတော် မချေပလိုက်ရသော အဖြစ်အတွက် မကျေမချမ်း ဖြစ်နေတာကိုသိသော ပန်းက ကြင်ယာလက်ကို ညှစ်၍ သတိပေး ၏။

"ကိစ္စက ဘုရင့်ကို အကူအညီတောင်းမလို့လေ တို့ကာစင်ပေါ့၊ သူ့ဖန်မလီနဲ့အတူ ဒီကိုရောက်နေတယ်၊ အဲဒါ ရောက်တုန်းရောက်ခိုက် ပုဂံဘုရားတွေ အစုံဖူးချင်တယ်တဲ့၊ အမျိုးသမီးကလည်း အနောက်တိုင်းသူဆိုတော့ တို့မြန်မာနိုင်ငံရဲ့ အထင်ကရနေရာတွေ





ကြွားချင်တာနေမှာပေါ့"

"အဲဒီအတွက် ဘုရင်က"

မမက ချစ်စဖွယ်ကောင်းအောင် ပြုံးရင်း…

"တို့ကားတစ်စီးစီးနဲ့ လိုက်မောင်းပို့ရမယ်၊ ဟိုင်းဝေးဆိုတော့ ဘုရင်နဲ့တို့ တစ်လှည့်စီပေါ့"

"ဩော်…မမပါ လိုက်မှာလား"

တလိုက်တလှဲ မေးတဲ့ ဘုရင့်အသံကြောင့် ကြင့်ယာတော်က မမြင်နိုင်မှန်း သိရက်နှင့် နှာခေါင်းရှုံ့သည်။

ဒါပေမဲ့ ကြင်ယာတော်မှာ နားလည်းမစွင့်ဘဲ မနေနိုင်တဲ့ အဖြစ်။

"ဆိုပါတော့၊ တို့တစ်ယောက်တည်းဆို ပျင်းပျင်းခြောက်ခြောက်ဖြစ်နေမှာလေ၊ ဘုရင်နဲ့ဆိုတော့ အဖော်ရတာပေါ့၊ ဘုရင် ကားမောင်းပျက်တဲ့ရက်အတွက် လုပ်အားခရော၊ အုံနာခပါ တို့တာဝန်ယူမှာပါ၊ ဟိုမှာ နေစရိတ်၊ စားစရိတ် အပြီးအစီး"

"ဟား…အားနာစရာကောင်းနေပြီ မမရဲ့၊ ဒါဆို ကျွန်တော်က ကားမောင်းပေးရုံ သက်သက်ပေါ့"

"အင်း…ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးရင်းဆိုတာ ဒါမျိုးပေါ့ ပန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကထွက်လာတဲ့ စကားသံကြောင့် ဘုရင့်နားထင်နှစ်ဖက်မှာ အုံးခနဲ မြည်သွားသည်။ ရှက်စိတ်ကြောင့် လူကဖျိုးဖျိုးဖျစ်ဖျစ်မြည်ကာ ဒေါသနှင့် ဖျတ်ခနဲ လှည့်ကြည့်တော့ကြင်ယာတော်။ ကြမ်းပြင်ပေါ် တင်ပလ္လင်ခွေထိုင်ကာ သူ့ကိုကျောခိုင်းထားရက်က…

"အဲဒါနဲ့ မမလည်း ပြန်ပြောပစ်တာ၊ ဒီခေတ်က အိုင်တီခေတ်လို့၊ ဘုရားဖူးရင်း လိပ်ဥမတူးတော့ဘူး၊ ကလပ်တက်ရင်း အပြတ်ကပ်တာလို့"

"ကြင်ယာတော်"

"ဘာဖြစ်လဲ သား"

ဒေါသကြောင့် ဘုရင့်အော်သံအဆုံးမှာ မေမေ့မေးသံက နောက်နားက ကပ်ငြိပါလာ၏။ အငွေ့ထောင်းထောင်းထနေသော ဟင်းချိုနှင့် ဆီချက်ပန်းကန်အား မမရှေ့ စားပွဲပေါ် ချပေးရင်း…

"ညှော်သည်ရှေ့ထားပြီး ရန်ဖြစ်ဦးမလို့လား၊ အလကားမကြီးမငယ်နဲ့၊ ဒီမှာ အရေးကြီးကိစ္စရှိလို့တဲ့၊ ညှော်သည်က တကူးတက လာတွေ့ရတဲ့ဥစ္စာ"

"အဲဒီအစ်မက ကိုကို့ကို ပုဂံခေါ်သွားမှာတဲ့ မေမေရဲ့"

"ဩော်…ဟုတ်လား သား၊ ပန်း ပြောတာ"





မေမေက မေးရင်း ဝင်ထိုင်တာမို့ ဒေါသတွေ ဆက်ဖြစ်ပြလို့မရတော့။ ဘုရင်က ခေါင်းညိတ်ပြရင်း…

"ကားမောင်းပေးရမှာပါ မေမေ၊ မမအမျိုးတွေ ရောက်တုန်းရောက်ခိုက် ဘုရားဖူးချင်လို့တဲ့"

"ဩော်…အန်တီက သမီးကို ဗုဒ္ဓဘာသာလို့ ထင်မထားဘူး"

"အာ…မေမေကလဲ"

အားနာစိတ်နှင့် မမကို ဘုရင် ဖျတ်ခနဲ လှမ်းကြည့်သည်။ မမကတော့ ငြိမ်းချမ်းစွာပဲ ပြုံးကာ…

"ခရစ်ယာန်ဘာသာဝင်ပေမဲ့ ဗုဒ္ဓဘာသာကိုလည်း သက်ဝင်ယုံကြည်ပါတယ် အန်တီ၊ ပြီးတော့ မာန့်မေမေက ဗုဒ္ဓဘာသာပါ"

"အေး…အေး အန်တီ့အထင် ရိုင်းသွားရင် ဆောရီးနော်၊ အန်တီက စိတ်ထဲရှိတာပြောတတ်လို့၊ တစ်ဆက်တည်း ပြောရဦးမယ်၊ သားကို အန်တီက ခရီးဝေး ဘယ်မှလွှတ်ဖူးတာမဟုတ်တော့လေ"

"ခရီးစဉ်ကို ဘုရင်က လက်ခံပြီးသွားပြီ အန်တီ"

မာန်က အပြုံးနှင့်ပြောပေမယ့် မေမေက မပြုံးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး…

“သားက မေမေ့ကို မတိုင်ပင်ဘူးကိုး၊ အေးလေ ပြောပြီး ဆိုပြီး ဖြစ်နေတော့လည်း ထားလိုက်ပါတော့”

“ဒါဆိုလည်း ခွင့်ပြုဦး အန်တီ၊ ကျွန်မ ရုံးပြန်ဝင်ရမှာမို့ လို့ပါ”

“အင်း…အင်း ကောင်းပါပြီ”

မမက မတ်တပ်ထရပ်ရင်း ဘုရင့်ကိုပါ အပြုံးနှင့် နှုတ်ဆက်ရင်း…

“တို့သွားပြီ ဘုရင်၊ ဘယ်နေ့ဘယ်ရက်ဆိုတာ တို့ အကြောင်းကြားမယ်”

“ဟုတ်…ကျွန်တော် လိုက်ပို့”

“နေ…နေ ရတယ်၊ ဘုရင့်မေမေနဲ့ ဆွေးနွေးလိုက်ပါဦး”

မမက ဖုန်းနှင့်ကားသော့ကို ကောက်ယူပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ နို့နှစ်ရောင် မာစီးဒီးကြီးအား အဝေးထိန်းစနစ်ဖြင့် လှမ်းဖွင့်ရင်း ရွှေညိုရောင် ဒက်ဘယ်ကပ်(ပ်)ကြီးအား သမင်လည် ပြန် ငေးသွားတာလည်း တွေ့ရသည်။ မေမေကတော့ မမကား ထွက်သွားပြီးမှ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး…





“အကြောင်းပြချက်တော့ မရှိလှဘူး၊ ဒါပေမဲ့ မေမေ သူ့မျက်လုံးတွေကို မကြိုက်ဝ ဘာအမှန်ပဲ သား၊ မိန်းမတစ်ယောက် ထက်ပိုတဲ့ ပွင့်လင်းမှုတွေနဲ့ မာန်တွေရှိနေသလိုပဲ၊ ပြီးတော့ ဒီအသက် အရွယ်ထိ တစ်ယောက်တည်းဖြစ်နေတာက သဘာဝမဆန်သလို ပဲ”

“အဟင်း…အန်တီဝါကလည်း ဒီခေတ်ရဲ့ စနစ်ကို မသိ လို့၊ အပိုင်ယူရင် တစ်ယောက်ပဲ၊ မယူဘဲနေတော့ အများကြီးတွဲလို့ ရတာပေါ့”

“ကြင်ယာတော်…မင်း”

ဘုရင်က ရှူးရှူးရှဲရှဲ ထဖြစ်တော့ ကြင်ယာကလည်း ဆတ်ခနဲ မျက်စောင်းထိုးသည်။

“ဘာဖြစ်လဲ၊ အန်တီဝါ မသိတာ သိအောင် ကြင်ယာ ပြောပြတာ”

“ဒါ မိန်းကလေးပါးစပ်က ထွက်ရမယ့်စကားလား”

“ပြောပါဦး၊ ဘယ်လိုဟာ ထွက်ရမလဲဆိုတာ၊ ဟွန်း… ခရီးရှည်သွားဖို့ အကြောင်းပြချက်ကောင်းကောင်းနဲ့ ခေါ်ရမှာလား”

“ဟ…ဒါက”

“မပြေရှင်းနဲ့၊ မကြားချင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာက နားနှစ်ဖက်ပိတ်ပြီး ဆံပင်တွေ ဝဲသွားတဲ့အထိ ခါသည်။ ဘုရင်က မထိတရိပြုံးရင်း…

"မရှင်းပါဘူး၊ အရေးလုပ်လို့"

"အောင်မာ"

ချက်ချင်း ဒေါသဖြစ်သွားသည့် မျက်နှာကို ဘုရင် မမြင်ချင်ယောင်ဆောင်ပြီး ဧည့်ခန်းထဲက ထွက်သည်။ ဒါတောင် မေမေ့အသံက သူ့နောက်ပါးမှ ခုန်ပေါက်ပြေးလိုက်လာသေးတာ။

"ဒါပဲနော် သား၊ မမမာန် တွဲခဲ့တဲ့ အများကြီးထဲ မင်းမပါစေနဲ့"

ခက်ပါလား။ မေမေတို့ဆိုတာလည်း ကြင်ယာတော်ပြောတိုင်း ခေါင်းညိတ်ယုံပစ်ဖို့အသင့်။ ကြင်ယာတော်နှင့်ယှဉ်လျှင် သားအရင်းတောင် အပြင်လူဖြစ်သွားတဲ့ အဖြစ်က အကြိမ်ကြိမ်မို့ စိတ်ထဲက ကြင်ယာတော်ကို ဒေါပွလာ၏။

ကြင်ယာတော်…မင်းကွာ။

◆ ◆ ◆



## အခန်း (၁၆)

"ချပါကွ…ငါတို့ အောင်မြင်မှု အထိမ်းအမှတ်အတွက်"

"ကျွန်တော် မသောက်တတ်လို့ပါ ကိုအာကာ"

"ဟော့ကောင်…အပိုတွေပြောမနေနဲ့၊ ဒီခွက်လေး ဒီလိုကိုင်ပြီး ဒီအတိုင်း မော့ချရတာ၊ ဘာမှ မတတ်စရာမရှိဘူး၊ ဘီယာပါကွ၊ အရက်မှမဟုတ်တာ၊ မမူးဘူး"

"ကိုရဲပြောတာ မှန်တယ်ကွ ဘုရင်၊ ဒီတစ်ခွက်ထဲပါ"

သူများတွေပြောတာထားတော့ ဘုရင့်အကြောင်းသိနေတဲ့ မျိုးကျော်ကပါ ခပ်တွေတွေအရှိန်လေးနှင့် ဆွယ်တရားဟောရန် လာပြီ။ ဘုရင်က မကျေမနပ်နှင့် လှမ်းကြည့်ပေမဲ့ မျိုးကျော်က ရဲဆေးတင်ထားပြီးသားမို့…



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်…ငြိုဟ်ကြည့် လာကြည့်မနေနဲ့၊ မင်းမသိသေးတဲ့ ကျန်းမာရေးရှုထောင့်က ပြောပြမလို့၊ ဘီယာသောက်ခြင်း အကျိုးကျေးဇူး"

"လုပ်စမ်းပါ၊ ငါတောင် မသိသေးဘူး"

ဝေယံက မီးအားကောင်းအောင် လေပင့်ပေးသည်။ ငါးယောက်ဝိုင်းမှာ ဘုရင်ကလွဲ၍ အားလုံးအရှိန်တက်ရုံ အဆင့်ကို ကျော်ပြီး ကောင်းနေတာမျိုး။

"အေ့"

မျိုးကျော်က လေအရင်တက်ပြီး ဘီယာတစ်ဗူးဖောက်ကာ ဘုရင့်ရှေ့ ချပေးသည်။

"မျိုးကျော်…ငါက"

"မငြင်းနဲ့ ညီလေး၊ ဒီတစ်ဗူးတော့ ချလိုက်၊ ငါ့ညီက လပ်(န်)ရှိတော့ ဒီနေ့ပွဲဖြစ်သွားတာ မင်းမျက်မြင်ပဲ၊ ဂုဏ်ပြုတာပါကွ"

"ချီးယား(စ်)"

သူတို့ဟာသူတို့အော်ပြီး ဗူးတွေတိုက်တော့လည်း ဘုရင့်လက်ကိုပါ ဆွဲသည်။ ပြီးတော့ မမော့မော့အောင် ဗူးကို နှုတ်ခမ်းနားတေ့ပေးတော့လည်း သူတို့ပင်။ လည်ချောင်းတစ်လျှောက်





အေးစိမ့်သွားတဲ့ ဘီယာအရသာ ပျောက်သွားစေရန် အသားတစ်ဖတ်ကောက်ဝါးတော့ ဝမ်းသာအားရနဲ့ လက်ခုပ်တွေဘာတွေ ထတီးကြတော့ ဘုရင်မှာ ကြောင်တောင်တောင်ဖြစ်သွားသည်။

"ကွန်ကရက်ကျူးလေးရှင်း အစ်ကို၊ လာ ချစ်ညီအစ်ကိုနှစ်ယောက် အတူတူ ကျောက်ကပ်သွားဆေးမယ်"

ပခုံးချင်းဖက်ပြီး ဒယိမ်းဒယိုင် ထွက်သွားသော အဲဒီနှစ်ယောက်ကိုကြည့်ပြီး ဘုရင့်မျက်လုံးတွေက ဘီယာဆိုင်ရဲ့ရှေ့မြင်ကွင်းဆီ ရောက်သွားသည်။ တအံ့တဩနှင့် ဟင်ခနဲ အော်သံက ရင်ထဲမှာ အကျယ်ကြီး။ သူမှုးနေလားဆိုပြီး မျက်လုံးကိုပွတ်သည်။ ဟင့်အင်း…ဘုရင် မမူးပါ။ အရှေ့ပလက်ဖောင်း၌ လျှောက်သွားတာ ကြင်ယာတော် အစစ်။ နက်ပြာရောင် ဂျင်း(န်)ကဘောင်းဘီသပ်သပ်မဟုတ်တဲ့ ကြိုးသိုင်းရင်ရှေ့ကာကာ နောက်ကျော၌ ကြက်ခြေခတ် ကြိုးနှစ်ချောင်း ဆက်ထားသည့် ပခုံးထိ တိုက်ရိုက်ဘောင်းဘီ။ အောက်က တီရှပ်အဖြူခံ ဝတ်ထားသည်။ ဖိနပ်ကျတော့ ငွေမှင်ရောင် ဖနောင့်ပိတ်ကို ရှေ့ခြေခုံမှာ ကြိုးမျှင်တွေသိုင်းထားသည့် စလစ်ပါအပါး။ ဘောင်းဘီအနားစကို အလိပ်ပြားလိပ်ပြီး ခြေသလုံးတစ်ဝက်ထိ ခေါက်ထားသည်။ အမြဲတမ်း ရှုပ်ပွသည့် ဆံပင်လိမ်တို့က ခေါင်းရဲ့ ဘေးထိပ်များမှာ စုစည်းထားသည်



www.burmeseclassic.com

www.burmeseclassic.com



မို့ ဒီတစ်ခါတော့ ရှင်းလင်းစွာ။

"ကြင်ယာတော်"

ရင်ထဲကခေါ်သံက အကြားအာရုံဆီ ပီသစွာ ရိုက်ခတ်သည်။ မာကျူရီမီးရောင်အောက်မှာ ကြင်ယာတော် ခြေလှမ်းတွေက လိုတာထက်ပိုပြီး အလျင်အမြန်။ ဘုရင် ကြည့်နေရင်းမှာပင် သူမက တစ်ဖက်လမ်းကို ဖြတ်ကူးပြီး မျက်နှာချင်းဆိုင်ရှိ စူပါမားကက်ထဲ ပြေးဝင်သွား၏။

"ဟိုဘက်မှာကွ"

"လိုက်...လိုက်"

နောက်က အုပ်စုတစ်စု။ ကောင်လေးတွေချည်းလေးယောက်။ ကြင်ယာတော်ရှိရာဘက်ခြမ်းဆီ ပြေးလိုက်သည်။ ဘုရင့်ကိုယ်က မတ်ခနဲဖြစ်သွားသည်။ မသိစိတ်ထဲ ကြင်ယာတော်ကို စိုးရိမ်စိတ်ကြောင့် နားထဲ အချက်ပေးခေါင်းလောင်းသံတွေ ဆူညံသွားသလို။

"ဟိုမှာပြေးသွားတဲ့ ကောင်လေးထဲက တစ်ယောက်က ကိုယ့်ညီဝမ်းကွဲလေ"

"ဟင်"

အေးစက်စက်ထွက်လာသော ကိုအာကာ့အသံကြောင့်





ဘုရင် ဖျတ်ခနဲ ငဲ့ကြည့်မိသည်။ ဝေယံကတော့ သူတို့ဘာပြောနေတာကို မသိ။ ဆိုင်တွင်ဖွင့်ပြထားသော တီဗီမှ ဘောလုံးပွဲ ပါးစပ်နှင့် ဝင်ကန်ပေးနေ၏။ ကိုအာကာကတော့ ဘုရင့်အကြည့်ကို ဘယ်လိုသရုပ်ခွဲသလဲမသိ။ ဘီယာတစ်ငုံမြို့ရင်း...

"ရာဇာတဲ့၊ ရှေ့ကပြေးသွားတဲ့ ကောင်မလေးကိုလည်း သိတယ်၊ သူ အသည်းအသန်ကြွေခဲ့တာပေါ့၊ အခုတော့ ကောင်မလေးက သူ့ကိုခေါက်ပြီး ခပ်ထုံထုံတပွေနဲ့ တွဲနေတယ်ဆိုလားပဲ"

ပိုင်စိုးပိုင်နင်း အပြောခံရပုံက ဒေါသထွက်ဖို့တောင် မေ့သွားသည်။ ရုက်စိတ်က လှိုက်တက်လာသဖြင့် ဘုရင့်နားရွက်များတွေ ထူပူအမ်းလာတာ သတိထားမိ၏။ ခင်ဗျားပြောတဲ့ ခပ်ထုံထုံဆိုတာ ဒီမှာလို့ ကိုအာကာ့ကော်လံစကိုဆွဲပြီး ဘုရင်ပြောချင်ပေမဲ့ သူ့မှာ အခွင့်မသာခဲ့။ ဘုရင် ကြင်ယာတော်နှင့် တွဲခဲ့တာမဟုတ်။ ကွဲထွက်ရန် ကြိုးစားနေတဲ့သူ့ကျမှ။ သောက်လက်စ ဘီယာတွေ အမြည်းတွေက မီးပွားစတွေအဖြစ် ဘုရင့်ရင်ဝမှ ဆန့်တက်ကာ လည်ချောင်းတစ်လျှောက် ပူတက်လာသလို ခံစားရသည်။

တကယ်ဆို ဒီနေ့ ဒီပွဲရဲ့ဒကာက ကိုအာကာ။

"ကားတစ်စီး ဆိုင်ထားတာရှိတယ်၊ ဒီနေ့ အရောင်းအဝယ်ဖြစ်ဖို့ ကျိန်းသေတယ်၊ ဝယ်လက်ဆီ အသွားရော ဝယ်လက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီခေါ်လာတာရော မင်းကားပဲငှားမယ်၊ ကံစပ်ရင် ပွဲဖြစ်မှာပေါ့၊ ကံမစပ်လည်း မပူနဲ့၊ မင်းကားခ မရှုံးဘူး''

ဘုရင့်ကား ငှားခဲ့တာ ကိုအာကာပါ။ မျိုးကျော်တို့နဲ့ ကားဝင်းထဲမှာ နဂိုကတည်းက ရင်းနှီးသူဆိုပေမဲ့ ဘုရင့်ကားငှား၍ ပွဲဖြစ်တယ်ဆိုပြီး စွဲလမ်းသွားခဲ့သူ။

''ကိုအာကာ့ဒီဇိုင်းကသာ ခေတ်နဲ့အမီ ပြေးနေတာနော်၊ သူက အယူသီးတာကွ၊ ကားဝင်းလာရင်းနဲ့ လမ်းမှာ သူများရန်ဖြစ်တာမြင်ရင်တောင် အိမ်ပြန်ခြေဦးလှည့်တာ''

မျိုးကျော်တို့ ပြောပြတုန်းက ဘုရင် နားမလည်။

''ဘာဖြစ်လို့လဲ''

''သူ့အတွက် နိမိတ်မကောင်းလို့''

ထိုအယူသည်းသူက ဘုရင့်ကားငှားပြီးမှ ပွဲခတွေ မွဲညှန့်တွေ ရသွားတာကိုပင် ကျေးဇူးရှင်ကြီးဝမာ ပြုစုတဲ့ဝိုင်း။ ဒီဝိုင်းမှာပဲ ဘုရင့်ကို ထိပါးစော်ကားသော စကားတွေ ထပ်ကြားရလျှင် ဘုရင် အပြုံးမပျက်နေတတ်မည့်သူ မဟုတ်ရာ။

''ကျွန်တော် လစ်တော့မယ်''

ဒါပဲပြောပြီး ဘုရင် နေရာက ထတော့ ကိုအာကာရော ဝေယံကပါ တအံ့တသြကြီး မော့ကြည့်သည်။





''နေပါဦး ဘုရင်ရ''

''အေးလေ...အစောကြီးရှိသေးတာကို၊ မျိုးကျော်ကို စောင့်ပြီးမှ အတူတူပြန်မယ်လေ''

''မရဘူးကွ၊ မေမေ ဆေးမှာထားတာ ဝယ်ရဦးမယ်၊ ကိုအာကာ ဒီညဝိုင်းအတွက် ကျေးဇူးပဲ''

ချာခနဲ လှည့်ထွက်တာက ဆက်နေလျှင် ဒေါသမထိန်းနိုင်ဘဲ ဆွဲထိုးမိမှာစိုး၍ပါ။ ရိုင်းတယ်ပဲပြောပြော ဘုရင်က ဟန်မဆောင်တတ်၍ ရှေ့ဆက်ငြိကြဖို့ဆို မကောင်း။ ဒါတောင် နောက်ပါးမှ 'ဒီကောင် ချက်ချင်းကြီး' ဆိုတဲ့စကားတွေ ကြားနေရသေးသည်။ ကားရပ်ထားရာ နေရာမှာရပ်ရင်း စူပါမားကတ်ဆီ လှမ်းကြည့်မိသည်။ မီးလင်းနေသော ဆိုင်တွင်းမြင်ကွင်းအား မှန်ချပ်တွေကျော်ပြီး မြင်ရပေမဲ့ ကြင်ယာတော်နဲ့တူတာ မတွေ့။

''နေပလေ့စေ...အရှုပ်မ''

အားတင်းပြီး ကားထဲဝင်ထိုင်မိတဲ့အထိ ဘုရင့်စိတ်က မပြတ်။ စက်နှိုးပြီးသားကားကို မမောင်းနိုင်သေး။ တော်ကြာ စေတနာရှေ့ထားတာကို အသပြာစကားတွေပြောလာလျှင် ဘုရင် သည်းခံနိုင်မှာမဟုတ်။ ရှိစေတော့။ ခင်းထိုက်နဲ့ ခင်းကံ။ စိတ်ဖြတ်ပြီး မောင်းထွက်လာတာတောင် ရင်ထဲမှာ တစ်ခါက နှုတ်ခမ်းမွှေး



www.burmeseclassic.com

www.burmeseclassic.com



ကို သတိတရဖြစ်သွားတော့ ဘုရင့်ရင်ထဲ ထူးဆန်းစွာ နွေးထွေး လှုပ်ခတ်သွားသည့်အဖြစ်က အလွန်ဆန်းကြယ်သည်။

◆ ◆ ◆



## အခန်း (၁၇)

"လွှတ်...လွှတ်စမ်း ရာဇာ"

"မလွှတ်ဘူး"

ရာဇာက ကြင်ယာတော်လက်ကောက်ဝတ်ကို အကြမ်းပတမ်း ဆွဲချုပ်၍ ဆောင့်တွန်းပစ်တော့ ကြင်ယာကိုယ်လေးက ပရာဒိုကားနက်ကြီးမှာ ယော်ရှမ်းလျှက်သား ဖြစ်သွား၏။ ရာဇာ့မျက်နှာကို ရှုံ့ရှာစွာကြည့်ရင်း ကြင်ယာ၏ ရင်ထဲမှာ ကြောက်စိတ်က စိုးမိုးနေပေမဲ့ မကြောက်ဟန်ဆောင်၍ မျက်နှာထားကို တင်းထားသည်။ ဒင်းနောက်က ပါလာကတည်းက ပြေးမိပြေးရာ စွတ်ပြေးရင်း သီရိတို့နဲ့လည်း လူချင်းကွဲကုန်ပြီ။ ဒီနေရာက ဘယ်နေရာမှန်းလည်း ကြင်ယာတော်မသိ။ လူသူကင်းရှင်းသည့်ကြားမှာ ရာဇာ့



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါင်းပါတစ်ယောက်နှင့် ကြင်ယာတော်ကို ဒီနားမှာ ဝိတ်ဖမ်းတာက ကြောင်က ကြွက်ကို ကစားနေတဲ့အတိုင်း။

"မင်း…ငါ့ကို ခပ်ထူထူကောင်တွေလို့ထင်ပြီး လှည့်ကွက်တွေနဲ့ ထားခဲ့လို့ရမလား ကြင်ယာ၊ မရဘူး၊ မင်းကို ချဉ်းကပ်ကတည်းက မင်းရာဇဝင်ကို ကျေညက်အောင် ငါဖတ်ခဲ့တာ၊ လိုချင်တာ ရအောင်ယူဖို့ထဲမှာ မိန်းမယူနည်းက အလွယ်ဆုံးပဲ"

"သွားစမ်းပါ၊ အရည်မရ အဖတ်မရ လာမကြွားနဲ့၊ အထင်မကြီးဘူး၊ လွှတ်စမ်း ငါ့ကို"

"မလွှတ်ဘူး၊ ဒီနေ့ကစပြီး နောက် ငါ့အသက်သေတဲ့အထိ မလွှတ်တော့ဘူး၊ မင်းကိုငါ သိမ်းလိုက်ပြီ"

"နင် မယုတ်မာနဲ့နော် ရာဇာ"

"ယုတ်မာတာ မဟုတ်ဘူး၊ ချစ်တာ၊ လာစမ်း"

"အို"

ကြင်ယာတော်ကို ဆွဲခေါ်ကာ ကားတံခါးဖွင့်ပြီး နောက်ခန်းထဲသို့ တွန်းထည့်သည်။ အရှိန်နှင့်မို့ ကြင်ယာတော်ကိုယ်လေးက ကားကူရှင်ပေါ် ပစ်စလက်ခတ် ကျသွားရာမှ လက်နောက်ပြန် စမ်းသောအခါ တံခါးလက်ကိုင်သော့က ပွင့်သွား





၏။ ကြင်ယာတော်က လေရဲ့လျင်မြန်ခြင်းမျိုးနှင့် တံခါးတွန်းဖွင့်ကာ ဟိုတစ်ဖက်မှ ဆင်းပြေးသည်။ မပြေးလို့မဖြစ်။ ဒီကားပေါ်ပါသွားလျှင် သူပြုသမျှနုရတော့မည်။

"ဟာ…ဆင်းပြေးပြီ"

"လိုက်…လိုက် ရာဇာ၊ မိုးအောင်၊ ဒီဘက်ကိုကွေ့လာတဲ့ ကားမီးရောင် ငါတွေ့တယ်"

"မင်း စက်နိုးထားလိုက် ဇော်ကြီး"

ရာဇာက အမိန့်ပေးပြီး ကြင်ယာတော်နောက် တလွှားလွှားပြေးလိုက်သည်။ ကြင်ယာတော်ကလည်း နောက်ကို တစ်ချက်လှည့်မကြည့်။ ရှေ့သို့ အားသွန်ပြေးရင်း တစ်စတစ်စ နီးကပ်လာသော ကားမီးရောင်ကို အားကိုးတကြီး လက်မြှောက်ခါယမ်းပြသည်။ ခြေထောက်ကလည်း ပြေးနှုန်းကို တစ်စက်ကလေးမှ မလျှော့ဘဲ…

"ကယ်ကြပါ၊ ကြင်ယာတော်ကို ကားတင်ပြေးနေလို့ ကယ်ပါ"

ကားဆီတည့်တည့် တိုးဝင်လာတဲ့ အရိပ်တစ်ရိပ်။ ဘုရင်က အရှိန်ကို တမင်နှေးချပစ်သည်။ မသောက်စဖူး ကိုယ်က ဘီယာတွေသောက်လာတာ မဟုတ်လား။ မတော် တိုက်မိမှာစိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ကြင်ယာတော်"

"ကားရပ်ပါ၊ ကြင်ယာကို လူဆိုးတွေ လိုက်ဖမ်းနေလို့ပါ"

ကားနှင့်လူ မကွာတော့သောအခါ ကားရှေ့မှလူက ကြင်ယာတော်မှန်း ဘုရင် သိသွားသည်။ သေချာသည်။ သူ မမှားနိုင်။ ကြင်ယာတော်နောက်မှ ကုတ်အင်္ကျီတဖားဖားနဲ့ ပြေးလိုက်လာသူက ရာဇာ။ မြင်ကွင်းက အခုမှ ပိုရှင်းလင်းသွားတာမျိုးပါ။ ရာဇာနှင့် ကြင်ယာတော်နားနီးအောင် တဖြည်းဖြည်း ဘက်(ခ်)ဆုတ်လာတဲ့ ပရာဒိုကားကြီးကို လှမ်းမြင်နေရသည်။

"ကြင်ယာ့ကို ကားတင်ပြေးနေလို့ပါ ကားဆရာရယ်၊ ဟို…ဟို"

ဘုရင် ဒီအတိုင်း ရပ်ကြည့်မနေနိုင်တော့။ အော်လည်းအော်၊ သူ့ကားဆီ ပြေးဝင်လာသည့် ကြင်ယာတော်ကို နောက်မှလူငယ်က အမီလိုက်လာကာ ခါးနားဆီမှ သိမ်းကျုံးပွေ့ဖက်လိုက်တာကြောင့် ကြင်ယာတော်မှာ အော်ဟစ်ရင်း လက်လွတ်ခြေလွတ်ဖြင့် ဗွေ့ခနဲပါသွားသည်။ ဒါတောင် သူမကို ချုပ်ကိုင်ထားသောလက်နှစ်ဖက်ကို အားရှိသမျှ ထုရိုက်ရုန်းကန်ရင်း…

"ကယ်ကြပါ၊ ဒီမှာ ကားဘင်ပြေးနေလို့ပါ"





ကြင်ယာတော် အာခေါင်ခြစ်အော်တာတောင် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်က တုတ်တုတ်လှုပ်မလာ။ ထိုအခိုက်မှာပဲ

"အဲဒီလောက်အထိ လိုလို့လား ရာဇာ"

ကိုယ့်နာမည် အခေါ်ခံရသည်။ ပြီးတော့ အမေးခံရပုံက လှောင်ရိပ်တွေ စွန်းနေတာမို့ ကြင်ယာတော်ကို ဖမ်းယူပွေ့ချုပ်ထားသည့် ရာဇာ ခြေလှမ်းတုံ့သွားသည်။ ရာဇာခြေလှမ်းရပ်တာနှင့် ကြင်ယာတော် ရုန်းကန်မှုတွေက ရပ်သွားပြီး…

"ငါ့ကို အောက်ချပေးစမ်း ရာဇာ"

"မင်း ငြိမ်ငြိမ်နေ"

ခပ်ကျိတ်ကျိတ်ပြောက်ရင်း ကြင်ယာတော်ကို အောက်ချပေးပေမဲ့ လက်ကောက်ဝတ်ကို တင်းတင်းဆုပ်ကိုင်ကာ ဒီဘက်လှည့်သည်။ လှည့်လှည့်ချင်း သူရင်ဆိုင်ရတာက ဘုရင်။

ရာဇာက မျက်ခုံးပင့်ပြီး တအံ့တသြဟန်ကြီးနှင့် ဘုရင့်နာမည်ကို ရေရွတ်သည်။ ရာဇာ့နောက်ကွယ်၌ ရပ်နေသော ကြင်ယာတော်ကတော့ ဘုရင်ဆိုတာနဲ့တင် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး…

"ဖယ်စမ်း ရာဇာ၊ အဲဒါ ငါနဲ့လက်ထပ်မယ့် ငါ့ခင်ပွန်းလောင်း၊ ငါ့ချစ်သူဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ"

ရာဇာက အသံနက်ကြီးနှင့် ပိတ်အော်သည်။

"ငါ့ကို ရှပ်ရှင်တွေ လာရိုက်ပြမနေနဲ့ ကြင်ယာ၊ ဒီနည်းက ခပ်တုံးတုံးကောင်တွေကိုပဲ လှည့်စားလို့ရမှာ၊ မင်းနဲ့သူ ဘာမှ မဆိုင်ဘူးဆိုတာ သိပြီးသား၊ ဒီမှာ ဟော့ကောင် မင်းလည်း ဟန်ဆောင်ပြမနေနဲ့၊ ပင်ပန်းတယ်၊ ဘာလုပ်မှာလဲ၊ မိန်းမတစ်ယောက် အကွက်ရွှေ့တဲ့အတိုင်း လိုက်နေတာ အဲဒါ ယောကျ်ားမဟုတ်ဘူး၊ အခြောက်"

ရာဇာက ခပ်ရှင့်ရှင့်ပြောပြီး ဘုရင့်မျက်နှာကို စေ့စေ့ကြည့်ပြီး ခေါင်းမော့ကာ တဟားဟားရယ်သည်။ ခံပြင်းဒေါသကြောင့် ဖြစ်သည့်စိတ်နှင့် ဘုရင့်မေးရိုးတွေ ကားထွက်သွားအောင် အံကြိတ်သည်။

"နေခဲ့တော့…မင်းနဲ့မှ မဆိုင်တာ"

"ဘုရင်…ရှင် ကြင်ယာ့ကို ဒီအတိုင်းပဲ ရပ်ကြည့်နေတော့မှာလား၊ ရှင့်ချစ်သူတစ်ယောက်လုံးကို"

ရာဇာက ခြေဦးလှည့်တာ ပရာဒိုဆီ။ ကြင်ယာတော်ကို ဆွဲခေါ်သွားတာ အကြမ်းပတမ်း။ ဒေါသဆောင်နေတာကြောင့် တွေ့ရတဲ့မြင်ကွင်းတိုင်းဟာ မသဲကွဲ။ စိမ်းသွားလိုက်၊ နီသွားလိုက်





နှင့် အရောင်မျိုးစုံကြားထဲမှာ သူ ထင်းလင်းစွာ တွေ့နေရတာက ရာဇာ။

"နေဦး"

ဒေါသနှင့် တားမြစ်သံနှင့်အတူ ရာဇာ့အင်္ကျီကုတ်ပိုးကို နောက်ကျောမှ ဆောင့်ဆွဲသည်။ လှည့်ကြည့်လာသော အဆီးအတားမဲ့ မျက်နှာပေါ် ဘုရင် ပစ်သွင်းပစ်တာက ဒေါသမိုးမွှန်နေသည့် လက်သီးများ။ ရာဇာ လည်ထွက်ကာ ကတ္တရာလမ်းပေါ် မှောက်ခုံကျသည်။ ဘုရင်က နံရိုးကြား ခြေကန်ချက်သွင်း၍ ဆွဲလှန်တော့ ရာဇာက နှာခေါင်းမှ သွေးချင်းချင်းနီကာ သူ့ကိုမော့ကြည့်ရင်း…

"မင်း…က"

"အေး…ကြင်ယာတော်နဲ့ငါက မဆိုင်ဘူး၊ မင်းပြောတာ မှန်တယ်၊ ဒါပေမဲ့ ငါက မင်းထင်ထားတဲ့ အခြောက်မဟုတ်ဘူး ဆိုတာ ပြတာပဲ"

"ဟား…ဟား လုပ်စမ်းပါ၊ ဒီထက်ပြင်းပြင်းလေး"

သွေးကို ထွေးထုတ်ပြီး မျက်နှာကို ပင့်ပေးသည်။ ဘုရင်က တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး နောက်တစ်ချီထိုးချရန် အပြင်…



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်"

"နောက်မှာ"

ကြင်ယာတော်ထံမှ စူးခနဲအော်သံကြောင့် ဘုရင် နောက်လှည့်အကြည့် လေထုကို ထွင်းဖောက်၍ ဝင်လာသော သစ်သားချောင်းကြီးမှ ဗိုးခနဲအသံပေးကာ ဘုရင်နားထင်ဆီ။ ပူနွေးသောသွေးတို့ရဲ့ အထိအတွေ့က နားထင်ဘေး စီးကျလာတာကိုသိသည်။ ခွေလုဆဲဆဲ ခြေလှမ်းတို့ကို အသိနှင့်ထိန်းသည်။ ဘုရင်မြင်နေရသော အရာတိုင်း ချာချာလည်ထွက်သွားသည်။ နားတွေအူထွက်လာ၏။ ထိုအခိုက် ဘုရင့်အား နောက်တစ်ချက်ရိုက်ရန်ရှေ့မှလူက တုတ်ကြီးကိုလွှဲတာ သိပေမယ့် ဘုရင်မှာ ခုခံရန်အင်အားမရှိ။

"မလုပ်ပါနဲ့၊ မလုပ်နဲ့"

အင်အားမဲ့သူအား ထပ်ရိုက်လျှင် သေရုံပဲရှိတော့မည်။ ကြင်ယာတော်က ရာဇာ့အပေါင်းအသင်းရဲ့ ကျောပြင်အားဆောင့်တွန်းသည်။ ဟန်ချက်ပျက်သွားသူ၏ အမျက်ဒေါသသည် ကြင်ယာတော်ထံ လှည့်လာကာ…

"ဟာ…ဒီကောင်မက"

"ဖြန်း"





"အ"

ပြင်းထန်သော လက်ဖြန့်ရိုက်ချက်ကြောင့် ကြင်ယာတော်ကိုယ်လေး ခွေကျသွားသည်။ ရာဇာက လဲနေရာမှ ကျုံးထကာ…

"ဒင်းက ပြဿနာရှာတာ၊ ဒီကောင်က နေရာတကာပါချင်တာ၊ ပေး ဝဏ္ဏ ငါ့အလှည့်၊ ပြီးရင် မင်းအလှည့်ကြင်ယာတော်"

ရာဇာက တုတ်ချောင်းကြီးကို လက်လွှဲပြောင်းယူသည်။ အေးစက်အရောင်လက်သော အပြုံးတစ်ရပ်က ရာဇာ့နှုတ်ခမ်းဖျား၌မားသွားလို အရောင်ထွက်ပြီးမှ သစ်သားချောင်းကို အားပါးတရချိန်ရွယ်တာက ဘုရင့်ရဲ့ ဦးခေါင်းတည့်တည့်။ ကြင်ယာတော်သည်မှူးမိုက်ခြင်းမှ အားကုန်ကျုံးထကာ…

"ဟင့်အင်း…မလုပ်နဲ့"

စိုးရိမ်ချောက်ချားစွာ အော်ရင်း ရာဇာတို့နှစ်ယောက်ကြားဖြတ်ပြေးဝင်ကာ ဘုရင့်ရင်ခွင်ဆီ ဝင်ပြေးလိုက်သူက ကြင်ယာတော်။

"ဒုတ်"

"အား"

"ဟာ"

ကြင်ယာတော် လက်ပြင်ဆီ ကျရောက်လာသည့် အရှိန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းသော ရိုက်ချက်။ ကြင်ယာတော်က အော်သံသဲ့သဲ့ပဲ ပေးနိုင်ပြီး ဘုရင့်ရင်ခွင်ထဲ ပျော့အိကျသွားပေမဲ့ ဘုရင့်ကျောပြင်အား ဖက်ထားသည့်လက်တို့က အင်အားမလျော့သွားဘဲ…

"ကြင်ယာတော်"

ဘုရင်က သွေးတွေကြားထဲ နာကျင်ခြင်းကြားထဲ သူ့မအမည်ကို တိုးတိုးလေးခေါ်ရင်း နောက်ဆုံးအသိထဲမှာ ရူးခဲ့ ကားမီး ရောင်တန်းတစ်ခုကို တွေ့ရပြီး…

"အားတင်းထား"

မပီမသ အားပေးသော ဘုရင်ကိုယ်တိုင်လည်း အားလျော့ကာ ကြင်ယာတော်ကိုယ်လေးကို တင်းကြပ်စွာ ပွေ့ဖက်ထားရင်းက လောကကြီးတစ်ခုလုံး အမှောင်အတိ ကျသွားသည်။

◆ ◆ ◆



## အခန်း (၁၈)

"အား…အင်း…အင်း"

နာကျင်လွန်း၍ ဘုရင့်နှုတ်ဖျားမှ ညည်းညူသံသဲ့သဲ့ ထွက်သွားသည်။

"ဟော…သတိရလာပြီ"

ဒီအသံက ဘုရင်နှင့် စိမ်းသက်နေသောအသံ။ ဘုရင့်ရဲ့ အသိစိတ်က ခန္ဓာကိုယ်၌ ပူးကပ်လာလိုက်၊ တဖန် လွင့်ကွာသွားလိုက်နှင့် ပြေးချင်တိုင်းပြေးနေသည်။ သတိမဲ့သော ဘုရင့်ခန္ဓာသည် ရွက်ကြွေတစ်စလို အမှောင်တိုက်ထဲ မျောလွင့်နေပြီးမှ အာရုံက ဖျတ်ခနဲ တစ်ချက်လင်းသည်။ ဘုရင့်ရင်ခွင်ထဲ တအိအိပြိုကျသွားတဲ့ ကြင်ယာတော်။ သူမကိုထိန်းရင်း သူ့ခန္ဓာကိုယ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခွေညွတ်သွားတာ အမှတ်ရတော့ ရင်၌ စိုးရိမ်ခြင်းက ဒီဂရီအမြင့်ဆုံးအထိ တက်ခေါင့်သည်။ ဒဏ်ရာတွေနှင့် ဘုရင် မေ့မျောသွားတုန်း ကြင်ယာတော်ကို ခေါ်သွားကြပြီလား။ နောက်ဆုံးလက်ကျန် အင်အားဖြင့် ကြင်ယာတော်အမည်ကို အကျယ်ကြီး လှမ်းခေါ်လိုက်မိ၏။

"ကြင်ယာတော်"

"အို...မထနဲ့လေ"

"ပြန်လှဲနေ...ဘုရင်၊ မင်းဒဏ်ရာက ကြီးတယ်၊ ပြီးတော့ သွေးသွင်းထားရတာ"

နွေးထွေးသော လက်အစုံက သူ့ရင်ဘတ်ကို အသာထိန်း၍ ပြန်လှဲစေသည်။

"မမ"

ဘုရင့် မျက်ခွံတို့ကို ဖွင့်ကြည့်တော့ အစိမ်းဖျော့မျက်နှာကျက်နှင့် သူ့ကို စိုးမိုးကြည့်နေသော မျက်နှာထားထဲမှ မမမာန်။ ဘုရင် တအံ့တဩနှင့် ခေါ်တော့ မမက ပြုံးပြရင်း...

"ဟုတ်တယ်၊ မင်းသက်သာရဲ့လား ဘုရင်"

"ခေါင်းထဲမူးနောက်နောက် ဖြစ်နေတာကလွဲလို့"

"မူးမှာပေါ့၊ ရှင် သွေးထွက်လွန်ထားတာ၊ ခေါင်းက





ဒဏ်ရာကလည်း ခြောက်ချက်တောင် ချုပ်ထားရတာလေ"

"ဩော်"

ဘုရင်က သူ့ခေါင်းကို ယောင်ယမ်းပြီး စမ်းကြည့်တော့ ပတ်တီးစထူထူသာ တွေ့ရသည်။ နာ့(စ်)မကတော့ ဘုရင့်ကို ဆေးတစ်လုံးထိုးရန် ပြင်ဆင်နေရင်းက...

"တော်သေးတာပေါ့၊ ရှင့်အတွက် သွေးလိုတာ ဒီအစ်မကပဲ လှူပေးလို့"

စကားစဖြတ်ရင်း အလုပ်ပါ လက်စသတ်သည်။

"ကဲ...ဟိုဘက်လူနာ သွားကြည့်လိုက်ဦးမယ်၊ ခဏနေရင် ဆရာဝန်ကြီး လာကြည့်ပါလိမ့်မယ်"

ဆရာမက ဆေးပစ္စည်းတွေထည့်ထားသော အလူမီနီယံလှည်းလေးကို တွန်းထွက်သွားမှ ဘုရင်က သူ့ပဟေဠိကို စတင်အဖြေရှာသည်။

"မမက"

"ထူးဆန်းနေလား ဘုရင်"

"ဟုတ်ကဲ့"

အပြုံးနှင့်မေးတော့ သူ ခေါင်းညိတ်ပြသည်။ မမကို ဒီတစ်ခါတွေ့ရတာ အရင်အကြိမ်များစွာနှင့် မူကွဲနေ၏။ ရင်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



အောက်ခံအင်္ကျီက အနီရောင်ပေါ် ကုတ်အနက်၊ စတိုင်ပင်(န်)အနက် နှင့် မမလည်တိုင်ကျော့မှ စိန်တစ်တန်းသွားလည်ဆွဲက ပြိုးပြက်စွာ။

"တို့ရဲ့ ဒီည ဒင်နာရှိတယ်လေ၊ အစ်ကိုမိသားစုနဲ့ ဒင်နာ ကအပြန်မှာ မင်းတို့နဲ့တွေ့တာ၊ တော်သေးတာပေါ့၊ ဒရိုင်ဘာပါလာလို့၊ အခါတိုင်းလို တို့တစ်ယောက်တည်းဆိုရင် မင်း ဒီထက်ပိုပြီး သွေးထွက်လွန်မှာ၊ နှစ်ယောက်ပူးကြီးကို တို့လည်း မနိုင်ဘူးလေ"

ပြုံးခြင်း၊ ရယ်ခြင်းမမည်ပေမယ့် မမနှုတ်ခမ်းပါးများ ရယ်ပြုံးရိပ်တို့ တွဲခိုနေသည်။

"ကြင်ယာတော်ရော"

ဘုရင့်နှုတ်ဖျားက စိုးရိမ်တကြီး ထွက်သွားပြီးမှ သွားပြီ ဆိုတာ သိသည်။ တကယ်ဆို ကြင်ယာတော်က စိုးရိမ်ရန်မသင့်သူ။ မမကတော့ ခါးဆန့်ကာ လက်ပိုက်ပြီး ဘုရင့်ကို ခပ်ပြုံးပြုံးကြည့်သည်။ မျက်ဝန်းက ရီတီတီ။ နှုတ်ခမ်းက ညို့သောအပြုံးတွေနှင့် ယောကျ်ားတန်မဲ့ ချောမောလွန်းသော ဒီမျက်နှာနှင့် ကောင်လေး။ မာန့်အပြုံးရဲ့ သက်ရောက်မှုကြောင့်လားမသိ ဖြူဝင်းသော အသား အရေပေါ် သွေးနီဖျန်းသလို ရဲခနဲဖြစ်သွားပြီးမှ…

"နောက်ဆုံးအခြေအနေကို မသိရတော့"

မာန့်အကြည့်ကြောင့် ကောင်လေး ရှက်သွားမှန်း မာန်





ရိပ်မိသည်။ ရင်ထဲလှိုက်တက်လာသော အလွမ်းစိတ်ကို မာန်က ခေါင်းတစ်ချက်ဆတ်ကာ မောင်းထုတ်ရင်း…

"သူက မင်းလောက် ဒဏ်ရာမပြင်းဘူး၊ ဒါပေမဲ့ လက်ပြင်ရိုးအက်သွားတယ်တဲ့၊ ဟိုဘက်ခန်းမှာ သူရှိတယ်"

"ကျေးဇူးပါပဲ မမ"

"ဟင်…ဘာအတွက်လဲ"

မျက်ခုံးပင့်ကာ မေးပုံက စတိုင်ကျသည်။ ဘုရင်က စနစ် တကျ ပြုံးတတ်သော မမမျက်နှာကို ငေးရင်း…

"ဆေးခန်းခေါ်လာတာရော၊ ပြီးတော့ ကျွန်တော့်အတွက် သွေးလှူပေးတာရောကြောင့်"

"မလိုပါဘူး ဘုရင်ရဲ့၊ မင်းလိုအပ်တဲ့အချိန်မှာ တို့ ဖြည့်ဆည်းပေးနိုင်တာကိုက တို့အတွက် ကျေနပ်စရာပါ"

သက်ရောက်ခြင်းစကားရဲ့ အဓိပ္ပာယ်ကို ဘုရင်မြင်တတ်ပေမဲ့ မသုံးသပ်ချင်ပါ။ သုံးသပ်ခြင်းကို တစ်ခါတစ်ရံ ရင်ထဲမှာ သိမ်းထားဖို့ပဲ သူက ဝါသနာပါခဲ့သူ။

"ကဲ…မင်းလည်း သက်သာပြီဆိုတော့ တို့ပြန်တော့မယ်၊ မင်းအိမ်ကိုတော့ အကြောင်းကြားပေးထားတယ်၊ မင်းကားကိုလည်း လူလွှတ်ပြီး အိမ်ကို ပို့ခိုင်းထားတယ်၊ ခဏနေ အန်တီတို့ လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်နဲ့တူတယ်၊ မနက်ဖြန်မှ တွေ့ကြတာပေါ့''

မာန်က ထရပ်ကာ ကောင်လေးအား စီးမိုးကြည့်ရင်း အပြုံးနှင့် နှုတ်ဆက်သည်။ ဘုရင်က ခေါင်းညိတ်ပြကာ…

''မမတစ်ယောက်တည်း ဖြစ်ရဲ့လား၊ ညဥ့်နက်နေပြီဆိုတော့''

''ဘာလဲ မဖြစ်ဘူးဆိုရင် ဒဏ်ရာကြီးနဲ့ လိုက်ပို့ဦးမလို့လား''

အခန်းပြင်ဆီ လျှံထွက်လာသော စကားသံတွေက အကြင်နာ ရာခိုင်နှုန်းအပြည့်နှင့်မို့ ကြင်ယာတော်က တွန်းဖွင့်ပြီး မဝင်ရသေးဘဲ တံခါးလက်ကိုင်ဘုလုံးလေးကို တင်းနေအောင် ဆုပ်ကိုင်လိုက်သည်။ ဟွန်း…ကြင်ယာကတော့ ဒဏ်ရာသက်သာတာနှင့် ဘုရင့်အတွက် စိုးရိမ်ပြီး ပြေးလာရတာ။ ဒင်းကတော့ လပ်(ဖ်)ဆင်း(န်)တွေ ရိုက်နေကာကိုး။ အတွေးမှ လက်စမသိမ်းရသေး…

''ကြင်ယာ့အိမ်ကိုရော အကြောင်းကြားပေးရမလားဘုရင်''

''မလိုပါဘူး''

အသံက ခုတင်ခြေရင်းက ထွက်လာတာမို့ ဘုရင်က





ခေါင်းထောင်ပြီး ကြည့်သည်။ ပါးတစ်ဖက်က အညိုရောင်သမ်းနေပြီး နှုတ်ခမ်းထောင့်နားမှာ သွေးစို့ရာနှင့်။ ကြင်ယာတော်၏ လက်ပြင်တစ်လျှောက် ပတ်တီးစည်းထားသည်။ အင်္ကျီဝတ်ထားတာတောင် ဖုဖုဖောင်းဖောင်းကို လည်ပင်းကြိုးသိုင်းနှင့် လက်ကိုပါ ပတ်တီးစည်းပေးထား၏။ ဘယ်လောက် ဒဏ်ရာတွေ ဗလပွဖြစ်ပါစေ ဂျစ်တစ်တစ်ရပ်ကတော့ မှတ်လောက်သားလောက် မရှိသေးသည့် အချိုးမပြေခြင်းများစွာနှင့် ဘုရင့်တို့ကို မျက်နှာထားခပ်တည်တည်လေး လှမ်းကြည့်သည်။

''အန်တီဝါတို့မလာခင် ဘုရင့်ကိုပဲ ဂရုစိုက်လိုက်ပါ၊ ကြင်ယာ့အတွက် မလိုဘူး''

ကြင်ယာတော်က သူမလက်ထဲ ကိုင်ထားတဲ့ ဟင်း(န်)ဖုန်းကို မြင်သာအောင် ထောင်ပြပြီး ဘုရင့်အခန်းဝက ချာခနဲ လှည့်ထွက်ခဲ့သည်။ ကဂျူးဟာတွေ၊ ပလီတာတွေ မမြင်ချင် မကြားချင်ပါ။ ဒါကြောင့် ရှေးလူကြီးတွေက စကားထားခဲ့တာ။

စေတနာသည် လူတိုင်းနှင့် မထိုက်တန်တဲ့။ ဟွန်း အဲဒီလူတိုင်းထဲမှာ ဘုရင်ဆိုတဲ့လူက ထိပ်ဆုံးမှာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဟာ…အဲဒါကိုက အဓိပ္ပာယ်မရှိတာ"

ကြင်ယာတော် ပါးစပ်ကအော်သည်။ လက်သီးဆုပ်နှင့် စားပွဲကို ထုချတာလည်း တစ်ပြိုင်တည်းမို့ ဒီပါးစပ်နှင့် ဒီလက် ဓာတ်တိုက်ထားသလား ထင်ရသည်။

"ဖြည်းဖြည်းထုပါ ကြင်ယာရယ်၊ လက်တစ်ဖက်ကောင်း နေရာက ထပ်ကျိုးသွားဦးမယ်"

အနားမှာရှိသော သီရိက ကြင်ယာတော်လက်ကို ဆွဲချ၍ ဖျောင်းဖျသည်။ သူတို့အကြောင်း သိထားသည့် မျိုးကျော်က ကြင်ယာတော်နှင့် ဘုရင့်မျက်နှာကိုကြည့်ပြီး မျက်နှာက မကြည်။

"သူကျိုးတာ အကြောင်းမဟုတ်ဘူး"





"အကြောင်းက သက်သာစပြုနေတဲ့ ငါတို့သူငယ်ချင်း လိပ်ပြာလွင့်သွားဦးမယ်"

ဝေယံက အမြင်ကတ်ကတ်နှင့် ဝင်ဖွဲ့တော့ အနီးရှိ ငယ်ငယ်က မျက်စောင်းလှည့်ထိုးသည်။ သူတို့တွေက ဘုရင့်ရဲ့ လူနာခန်းထဲ၌ ချထားသော ဧည့်သည်ထိုင် ဆိုဖာတွေပေါ်ထိုင်ရင်း အချင်းများနေခြင်းဖြစ်သည်။ နဂိုကတော့ ကြင်ယာတော်အပေါ် အမြင်မဆိုးခဲ့ပေမယ့် အခု ကိုယ့်သူငယ်ချင်း အရင်းအချာကြီး သွေးထွက်သံယို ဖြစ်သွားသောအခါ မကြည်ဖြူချင်တော့။

"အေးလေ…ဘာဖြစ်လဲ၊ အခန်းခနဲ့ ဆေးဝါးကုန်ကျစရိတ်တွေအားလုံး မမက အကုန်ခံသွားတာပဲ၊ ဒါ ဒေါသထွက်စရာလား၊ ဟွန်း…နင် အကုန်အကျတောင် သက်သာတာပေါ့ ကြင်ယာရဲ့"

"ဒီကိစ္စ သူနဲ့ဘာမှမဆိုင်ဘူး သီရိ၊ ကြင်ယာ့ကိစ္စကို ကြင်ယာ ရှင်းနိုင်တယ်"

"အလကားပါဟာ၊ ဒီမိန်းမ ဒါ သက်သက်ပဏာယူတာ"

"ငွေရှင်းတဲ့ကိစ္စကို ငါမပြောဘူး၊ ဒါပေမဲ့ မမမာန်က နင်တို့ကျေးဇူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဘာဖြစ်လဲ၊ အခုကိစ္စမှာ ကြင်ယာ မကျေနပ်လို့ ပြောတာ၊ ကျေးဇူးကန်းနေတာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ်ဟာ သူ့ခေါ်လာလို့ နှင်ပဲ ဟိုကောင်တွေ လက်က လွတ်တာလေ၊ ပြီးတော့ ဘုရင့်အတွက် သွေးပါလှူသွားသေးတာ"

"အဲဒီလောက်အထိ ကြည်ညိုနေလည်း မမမာန်ရောက်လာရင် နှင် ဦးသုံးကြိမ်ချလိုက်"

"နှင် ရိုင်းလှချည်လား"

"ဟဲ့…ငါပြောဖို့က ဒါပဲရှိတော့တယ်လေ"

ကြင်ယာတော်ကလည်း ကဲကဲဆတ်မခံ ပြန်အော်သည်။ တင်းမာတော့မည့် အခြေအနေကြောင့် ဝေယံကပဲ ကြားဝင်က…

"နှင်စကားပြောတာ ဆင်ခြင်ပြော ကြင်ယာတော်၊ တကယ်ဆို ဘုရင် ဖြစ်ရတဲ့ကိစ္စမှာ မမက အနေသာကြီး၊ ပြီးတော့ ဘုရင်ကလည်း ကြားထဲက မဆီမဆိုင်"

"ဪ…ဟော် ဒါဆို ပြဿနာအရင်းစစ်က ကြင်ယာကြောင့်လို့ ပြောချင်တာလား"

"ဒါ့အပြင် ဘာရှိသေးလဲ"

ဝေယံစကားကြောင့် ကြင်ယာ့ကိုယ်လေး ဆတ်ခနဲ





မတ်တပ်ထရပ်သည်။ လွတ်လပ်နေသော လက်တစ်ဖက်က ခါးပေါ်ရောက်သွားကာ ထုံးစံအတိုင်း ရန့်စွာသော နှုတ်ခမ်းတို့က သခင့်အလိုကျ လှုပ်ရှားရန်အသင့်။

"ဒီမှာ နှင်သိထားဖို့ကလေ အဲဒီညက လာနေတဲ့ကားဟာ နှင်တို့သူငယ်ချင်းကားမှန်းသိရင် ကြင်ယာ အကူအညီ မတောင်းတော့ဘူး၊ ဟိုကောင်လူယုတ်မာ လုပ်သမျှ လည်စင်းခံပစ်မှာ၊ နှင်တို့သူငယ်ချင်းရဲ့ စကားက ဓားလိုထက်ပြီး အကြည့်က မြှားလိုစူးတယ်၊ အဲဒါ သဘောပေါက်"

"နှင်ပြောမှပဲ ဘုရင် အဲဒီလောက် အစွမ်းရှိမှန်းသိတော့တယ်၊ ဒါပေမဲ့ လက်တွေ့မှာတော့ ဘုရင်ချည်းခံရတာပဲလေ၊ အခုတောင် ခြောက်ချက်"

"ဘာဖြစ်လဲ ခြောက်ချက်"

"အေး…နှင်က မထိတဲ့လူဆိုတော့ ဘယ်သိမလဲ"

"ထိလည်း ဂရုမစိုက်ဘူး"

"ဟဲ့…ဟဲ့ ဒါက ဘာဖြစ်နေကြတာလဲ"

ဒေါ်နှင်းဆီက အခန်းထဲအဝင် တွေ့တွေ့ချင်းမြင်ကွင်းကြောင့် အဲဒီလိုအော်ပစ်မှ တစ်ယောက်နှင့်တစ်ယောက် ရန်စောင်နေကြသော မျိုးကျော်နှင့် ကြင်ယာတော်တို့ အရှိန်သတ်သွားတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဆီက လက်ကိုင်အိတ်ကို တံတောင်ဆစ်ကွေးမှာ ဒီအတိုင်း ချိတ်ထားရင်း တူမဖြစ်သူအနား ရောက်တာနှင့်…

"ဒါက ဘာကို ရန်စွာနေရပြန်တာတုန်း ကြင်ယာ"

မေးလည်းမေး လက်ကပါ ကြင်ယာတော် နားရွက်ကို လှမ်းဆွဲတော့…

"အ…အား နာတယ်နော် အန်တီနှင်း၊ ကိုယ့်တူမဘက်က မပါဘဲနဲ့"

"ဘာကိစ္စ ပါရမှာလဲ၊ ညည်းလုပ်ပုံက ဟုတ်လို့လား၊ ငါ ကြိုတင်သတိမပေးထားဘူးလား၊ စိတ်ထဲက မပါဘဲ ဘယ်ယောကျ်ားလေးကိုမှ မတွဲပါနဲ့ဆိုတာ၊ ငါဆိုရင်…"

"အန်တီနှင်းက စွံမှမစွံတာ"

"ဟဲ့"

အန်တီနှင်းက မျက်လုံးကြီးပြူးပြီး အော်သည်။ ကြင်ယာတော်က အန်တီနှင်းအနားမှ ခွာကာ ထုံးစံအတိုင်း နှုတ်ခမ်းတွေ လုံးနေအောင် ပွစိစိပြောဆဲ။

"ကဲပါ အနှင်းရယ်၊ ဖြစ်ပြီးတာတွေ ထားခဲ့ပါ၊ သားနဲ့ တွေ့တာ သမီးအတွက် ကံကောင်းလို့၊ ဒီလိုပဲ သတ်မှတ်ရမှာပေါ့"

နောက်မှဝင်လာသော အန်တီဝါက ထိုသို့ပြောမှ ကြင်ယာ





တော်ရဲ့ ချွန်နေသော နှုတ်ခမ်းက ရှေ့ကို ပိုထော်ထွက်လာကာ…

"တွေ့လား…ကာယကံရှင်အမေကတောင် ဘာမှမဖြစ်ဘူး"

အန်တီနှင်းတင်မက မျိုးကျော်နှင့် ဝေယံပါ မျက်စောင်းအဖျားခတ်ရင်း ပြောသည်။ ဒေါ်နှင်းဆီကတော့ တူမဖြစ်သူကို စိတ်ပျက်စွာ စိုက်ကြည့်ရင်း…

"သူ့ အဲဒီလိုမျိုး အမြဲကံကောင်းနိုင်ပါ့မလား မဝါရယ်၊ ကြည့်ပါလား ရုပ်ကိုက၊ အခုချိန်အထိ ကာယကံရှင်ဆီသွားပြီး သက်သာလား တစ်ချက်မမေးဘူး"

"မေးပြီးပြီ"

ကြင်ယာတော်က မကျေမနပ်နှင့် ထအော်သည်။ ခုတင်ပေါ်က လူနာဆီလည်း မျက်စောင်းခဲထားသေး၏။

"ဘယ်တုန်းကလဲ"

"ညက"

"ဟုတ်လား သား"

ဒေါ်နှင်းဆီက လှမ်းမေးတော့ ဘုရင်က ခေါင်းညိတ်ပြသည်။ တကယ်ဆို ညက အဖြစ်အပျက်ထဲမှာ 'သက်သာလား' လို့ မေးသွားတာ တစ်ခွန်းမှမပါ။ သို့ပေမဲ့ ဒါမေးဖို့ သူမရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ ဘုရင် ရိပ်မိပါသည်။ မမကိုတွေ့မှ ဘုဘောက်ပြောရင်း မကျေမနပ်နှင့် ပြန်သွားတာလည်း ဘုရင် သိ၏။ ဝေယံကပော့ ဘုရင့်အနား ဇွေ့ခနဲရောက်လာကာ…

"ဟော့ကောင်…ဒါ ငွင်ပဲ၊ လူကြီးစုံရာရှေ့မှာ တစ်ခါတည်း တောင်းပန်ခိုင်း ဟော့ကောင်"

"အေးလေ…သူ့ကြောင့် ကိုယ်ထိထားတာ နည်းတဲ့ဒဏ်ရာမှ မဟုတ်တာ"

မျိုးကျော်ကပါ တိုက်တွန်းတော့ ဘုရင်က ခေါင်းယမ်းပြကာ…

"နေပါစေတော့"

"ဟင်…မင်းက"

"ဘာလဲ…မင်းတို့ ငြိမ်းချမ်းရေး ရသွားတာလား"

နှစ်ယောက်စလုံး ခုတင်နားမှာ ကိုယ်ကြီးတွေ ကိုင်းချရင်းမေးကြတာ တိုးတိုးကျိတ်ကျိတ်။

"မဟုတ်ပါဘူး၊ ဘာငြိမ်းချမ်းရေးမှ မယူဘူး"

"ဒါဆို"

"သူ့ကို အပြစ်မတင်ချင်တော့တာ"

"ခွင့်လွှတ်တယ်ပေါ့"





"ဟင့်အင်း…ဥပေက္ခာထားလိုက်တာ"

ဘုရင်ဖြေမှ နှစ်ကောင်သား ပါးစပ်တွေ ပိတ်သွား၏။ တကယ်ဆို ထိုညက ကြင်ယာတော်သာ ဘုရင့်ရှေ့မှာ ဝင်မကာခဲ့လျှင် သူ့ရသောဒဏ်ရာက ဒီထက်ပိုကြီးသွားနိုင်ဖွယ်ရာရှိသည်။ ဒီဆေးခန်းပို့ပေးခဲ့သည့် မမကို ကျေးဇူးတင်လျှင် ဒဏ်ရာမကြီးအောင် ကာကွယ်ခဲ့သည့် ကြင်ယာတော်ရင်ထဲက သူ့အပေါ်ထားသည့် မေတ္တာ၊ စေတနာကို အသိအမှတ် မပြုချင်လို့မရတော့။

"ကဲ…နည်းနည်းဖယ်"

"ဟင်"

အသံက နောက်နားမှ ထွက်လာတာမို့ မျိုးကျော်ရောဝေယံပါ ကြောင်သွား၏။ လှည့်ကြည့်တော့ ကြင်ယာတော်။

"ကြင်ယာ အလွန်ဖြစ်မှာစိုးလို့၊ ပြီးတော့ အန်တီဝါကို အားနာလို့ နင့်ကို သတင်းမေးမှာ"

ဘုရင် ဘာမှမပြော။ လှပသော ကြင်ယာတော်မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး အကြည့်ကို လွှဲလိုက်သည်။

"ဩော်…ဖြစ်ရလေ၊ နင် သတင်းမေးပုံကလဲ"

"အေးလေ…အကြောင်းပြချက်တွေ တသီကြီးနဲ့"

မျိုးကျော်တို့က မဲ့ကာရွဲ့ကာ ဝင်နှက်တော့…



www.burmeseclassic.com

www.burmeseclassic.com



"ပိတ်ထားစမ်းပါ၊ နင်တို့ပါးစပ်တွေ၊ ကြင်ယာ့အသံ လူကြားတယ်"

ပြောပြောဆိုဆို ကြင်ယာတော် ဘုရင့်နား ရောက်လာ၏။

"ဘုရင်"

ခေါ်သံက မာဆတ်ဆတ်။ မျက်နှာကြည့်တော့လည်း မှုန်ကုတ်ကုတ်။

လူနာမေးတဲ့လေသံက တရားခံ စစ်မေးတော့မယ့် ရှေ့နေရဲ့အသံမို့ ဘုရင့်ရင်ထဲက ကျိတ်ပြုံးဖြစ်ပေမယ့် အပြင်မှာတော့ မျက်နှာကို ခပ်တည်တည်လုပ်ထားလိုက်သည်။ ဘုရင့်နှလုံးသားရဲ့ တစ်ခုသော တစ်နေရာမှာတော့ ကြင်ယာတော်ဆိုသည့် မိန်းမလှလေးတစ်ယောက်ကြောင့် နွေးထွေးစွာ လှုပ်ခတ်လျက်။

"ပြော...ဘာလဲ"

"နင် နေကောင်းတယ် မဟုတ်လား"

အကြည့်ချင်း ဖျတ်ခနဲဆုံသွားတော့ ဘုရင့်ရင်ထဲ သိမ့်ခနဲ ဖြစ်သွားတာ ဘာကြောင့်မှန်းမသိ။

ကမ္ဘာမှာ ရှားပါးသတင်းမေးခြင်းစကားပါ။ အခုထိ ဆေးသောက်ဆေးထိုး လုပ်နေရတဲ့လူကို မေးပုံက။ ဘုရင် စိတ်ပေါက်ပေါက်နှင့် မျက်ခုံးအတွန့်ချိုးကာ ကြင်ယာတော်မျက်နှာ





လေးကို စိုက်ကြည့်တော့ သူမကလည်း မခေ။ ဘုရင့်မျက်နှာကို ခပ်တည်တည်လေး ပြန်စိုက်ကြည့်နေပုံက ဘာမထီပုံနှင့်။ အလို လိုက်ခံထားရ၍ ဆိုးနေသော ကလေးဆိုးလေးတစ်ယောက်လို။ ဘုရင်က ဘာစကားမှ မဆိုဘဲ ကြင်ယာတော်မျက်နှာကိုသာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသလို အချိန်အကြာကြီး စိုက်ကြည့်နေတော့ ကြင်ယာတော် ပါးလေးတွေ ဖြန်းခနဲ ပူနွေးသွားကာ လှပသော မျက်နှာလေး နှင်းဆီခင်းဖြစ်သွားသည်။

"မေးတာမဖြေဘဲ လူကိုဘာကြည့်နေတာလဲ"

"မမှတ်မိတော့လို့"

"ဟင်"

ဘုရင်ထံမှ အဖြေစကားကို ကြင်ယာတော် နားမလည်။

"မမှတ်မိဘူး ဟုတ်လား၊ ခေါင်းထိသွားတော့ အတိတ်တွေ ဘာတွေ မေ့သွားလို့လား"

"မင်းကလွဲရင် အားလုံးသတိရတယ်၊ မှတ်မိတယ်"

ဘုရင်က တစ်ခွန်းချင်း ပြန်ပြောတော့ မျိုးကျော်တို့မှာ အတော်ကြီး ကျေနပ်အားရဟန်နှင့် ဘရာဗိုလို့အော်သည်။ အခုမှ သူမကို တမင်ဒေါသဖြစ်အောင် ပြောမှန်းသိ၍ ကြင်ယာတော်က တော့ မျက်စောင်းတွေ တလှေကြီးအား မျက်ဝန်းတွေ မှိတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



အောင် နားဆွဲတွေ ခါယမ်းသွားအောင် ဘုရင့်ထံ ပစ်လွှတ်ရင်း…

"ကော်စမ်းပါ၊ လူကြားကောင်းအောင် လာမပြောနဲ့၊ နဂိုကတည်းက ချောင်နေတဲ့ ဦးနှောက်၊ ကြင်ယာကြောင့် သွက်သွက်ခါတယ်လို့ ခေါင်းစဉ်မတပ်နဲ့၊ ဟိုတစ်ယောက်ကြောင့် နေမြင့်လေ အရှူးရင့်လေဖြစ်နေတာများ မသိရင်ခက်မယ်"

"မင်းနော်…မဆိုင်တာတွေမပြောနဲ့"

"သိပ်မလှုပ်ရှားနဲ့၊ ဒီထက် ရောဂါရင့်ရင် ကြည့်မကောင်းဘူး"

ကြင်ယာတော်က ဘုရင့်ကို အနိုင်ပြောပြီး ပြန်လှည့်သွားချိန်မှာ ဘုရင့်ရင်ထဲ နွေးခနဲဖြစ်သွားကာ ဘယ်သူမှ မမြင်အောင် တစ်ဖက်လှည့်ပြီး ပြုံးလိုက်သည်။ ဟိုတုန်းက ဘုရင် ကြည့်မရအောင် မုန်းခဲ့သည့် ကလေးမက အခုတော့ ဘယ်အချိန်က ဘုရင့်နှလုံးသားထဲကို အကြင်နာတွေ အလုံးအရင်းနှင့် ဝင်ရောက်သွားမှန်းမသိ။

သေချာတာကတော့ တစ်ခုပဲရှိသည်။

ကြင်ယာတော်ဆိုသည့် ဤကလေးမကို ဘုရင့်ကြင်ယာတော်အဖြစ် ရာသက်ပန် တော်ကောက်သိမ်းပိုက်လိုခြင်းပင် ဖြစ်သည်။

◆ ◆ ◆



## အခန်း (၂၀)

"လိုက်သွားပါ သားရယ်၊ အိမ်ကို ဘာမှ နောက်ဆံတင်းမနေနဲ့၊ မင်းညီမလည်း စာမေးပွဲပြီးနေပြီ၊ ဒီရက်အတွင်း ဆိုင်ကို မေမေတစ်ယောက်တည်း ထိန်းထားနိုင်တယ်"

"ဟုတ်သားပဲ၊ ကိုကိုရှိတော့လည်း ဆိုင်ကူနိုင်တာမဟုတ်ဘဲနဲ့၊ သူ့ဟာသူ ကားမောင်းနေပြီးတော့"

ပန်းက အစ်ကိုဖြစ်သူ ဘုရင့်လက်မောင်းကို ပါးအပ်ပြောရင်း မေမေ့ထံ မျက်လွှာပင့်ကြည့်ကာ…

"ဒါပဲနော် မေမေ၊ ကိုကိုလည်း ခရီးထွက်တယ်၊ ပန်းကိုလည်း ရှေ့နှစ်ကစပြီး သူငယ်ချင်းတွေနဲ့ ခရီးထွက်ခွင့်ပေးရမယ် ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ညီမလေးက ဒီအခွင့်အရေးရချင်လို့ ကိုကို့ကို တွန်းလွှတ်နေတာပေါ့ ဟုတ်လား"

ဘုရင်က ညီမဖြစ်သူရဲ့ နဖူးကို မနာအောင်ထုတော့ ပန်းက မျက်လုံးစုံမှိတ်ကာ တခစ်ခစ်ရယ်သည်။ မျိုးကျော်နှင့် ဝေယံက တော့ မေမေညွှန်ခံသော ရှမ်းခေါက်ဆွဲကို ပလုတ်ပလောင်းစားရင်း

"ခေါင်းညိတ်လိုက်စမ်းပါကွ…မင်းကလဲ၊ အမေရော ညီမရော လွှတ်နေတဲ့ဥစ္စာ၊ ပြီးတော့ ငါတို့မေဂျာက လူတွေချည်း စုသွားကြမှာ"

"အေး…အဲဒီလို မေဂျာတူတွေ စုတာကိုက ပြဿနာ မျိုးကျော်"

"ဘာလဲ…ကြင်ယာတော်ကြောင့်လား"

ဝေယံက မျက်လုံးကြီးပြူးပြီး မေးသည်။ ဘုရင်က တို့ဟူး ကြော်အား အချဉ်ရည်အားရအောင် နှစ်ပြီးမှ…

"အဲဒါလည်းတစ်ကြောင်းပေါ့၊ မမ သိသွားလည်း မကောင်းဘူးကွ၊ သူနဲ့ကျတော့ ငါက ဒဏ်ရာကြီးနဲ့မို့ မလိုက်ဘဲနဲ့ နေခဲ့ပြီးတော့ အခု သူငယ်ချင်းတွေနဲ့ အပျော်ခရီးထွက်တယ်ဆို တော့"

"အေးနော်…မမခေါ်တုန်းက မင်းဒဏ်ရာက သက်သာ





နေပြီပဲ၊ မင်းလိုက်သွားမယ်လို့ ငါတို့က ထင်ထားတာ"

"အံမယ်…မလိုက်ရပါဘူး၊ မေမေကိုယ်တိုင်က မလွှတ် တာ၊ မေမေက အဲဒီမမရဲ့ အကြည့်ရော၊ ပုံစံရော မကြိုက်ဘူးတဲ့"

"အန်တီဝါက ထားတော့၊ ညည်းကရော"

"ပန်းလည်း မကြိုက်ပါဘူး၊ ပန်းတို့က မမကြင်ယာကိုပဲ ချစ်တာ"

"သွားပြီ"

သူ့နဖူး သူရိုက်ပြီး မျိုးကျော်က အော်သည်။ ဝေယံက ပြုံးစိစိနဲ့

"ထောက်ခံမဲက အပြည့်ပါလား"

"တကယ်ထောက်ခံတာ ဝေယံရ၊ အန်တီဝါက အဲဒီ ဒဏ်ရာရစေတဲ့ ကြင်ယာတော်တောင် ကျေးဇူးတင်နေတာ"

"ဗျာ…တကယ်"

"တကယ်ပေါ့၊ အဲဒါကြောင့် အန်တီဝါငြင်းဖို့ အကြောင်း ပြချက် ရသွားတာ၊ မင်းတို့သူငယ်ချင်းက လက်ခံပြီးပြီလေ၊ အခု တော့ ရှင်းသွားရော၊ သူသိလည်း အားနာစရာလိုတဲ့ ကိစ္စမှမဟုတ် တာ သားရယ်၊ ကိုယ့်သူငယ်ချင်းတွေနဲ့ သွားတဲ့ခရီးက အပန်းဖြေ ခရီး၊ သူက တာဝန်နဲ့ခရီးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…ကိုကိုကလဲ၊ အဲဒီမမကို သိပ်ဂရုစိုက်တာပဲ"

ပန်းကပါ အလိုမကျသလို ဝင်ပြောသည်။ ဘုရင့်အဖြစ်က ပြောစရာစကားမရှိတော့သလို ငြိမ်သက်ခြင်းအဖြစ်သို့ ရောက်သည်။ တကယ်ဆို ရင်ထဲ၌ သင့်တင့်ခြင်းမရှိသော စကားတွေက အပြည့်။ ဘုရင့်ရဲ့ မပြောပြစ်ခြင်းကို မေမေက ရိပ်မိ၍လားမသိ ပြတ်သွားသောစကားကို ပြန်ဆက်သည်။

"အဲဒါ ဂရုစိုက်တာမဟုတ်ဘူး သမီးရဲ့၊ လွမ်းမိုးခံရတာ၊ သူစိမ်းမိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး မေမေက သားအမိချင်း စိတ်ဝမ်းမကွဲချင်တာ အမှန်ပဲ"

"ကျွန်တော်လည်း အတိုက်အခံလုပ်တာ မဟုတ်ဘူး မေမေ၊ ဒါပေမဲ့ မမမာန်ကို ဘာလို့ သဘောမကျလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရဘူး"

"မစဉ်းစားနဲ့၊ မေမေပြောမယ်၊ သူက လျှို့ဝှက်ချက်တွေ တသီကြီးနဲ့၊ ဒါပေမဲ့ အောင်မြင်မှုတွေ တလှေကြီးရထားတဲ့ မိန်းမတစ်ယောက်၊ အရွယ်က ရင့်ကျက်သလို ဘဝအသိလည်း တည်ငြိမ်နေတဲ့ မိန်းမမျိုးဟာ ဘယ်သူ့ကိုမှ စိတ်ရင်းအမှန်နဲ့ မဆက်ဆံတတ်ဘူး သား၊ မေမေ စိုးရိမ်တာ အဲဒါပဲ၊ သားကို သူ လွှမ်းမိုးသွား





ခဲ့ရင်"

မေမေက စကားကိုဖြတ်ပြီး ထရပ်သည်။

"ကျောင်းက သူငယ်ချင်းတွေနဲ့ ခရီးသွားတာပဲ၊ လိုက်သွား ကြင်ယာနဲ့ ရန်မဖြစ်နဲ့"

ဘုရင်ကတော့ ပဟေဠိများစွာနှင့်။ တစ်ခါတစ်ရံ မမမာန်ရဲ့ မျက်ဝန်းတွေကို ဘာသာပြန်တတ်အောင် သူကြိုးစားရတာတော့ ခဲယဉ်းလွန်းသည်။ ထို့ကြောင့် မမမာန်မှာ လျှို့ဝှက်ချက်တွေ ရှိမည်ဆိုတာ ဘုရင် ရိပ်မိပါသည်။ မမမာန်ရဲ့ လျှို့ဝှက်ချက်တိုင်းဟာ သူ့ကို ထိရှစေမည့်အရာတွေလား။ ဘုရင်က တိတ်တဆိတ်ငြင်းဆန်ရင်း လမ်းမပေါ် အကြည့်ရောက်တော့ နို့နှစ်ရောင် ဒက်ဘယ်(လ်)ကပ်ကြီးက အရှိန်ပြင်းပြင်းနှင့် မောင်းသွားတာ တွေ့ရသည်။ ထိုအခါ ဘုရင့်အာရုံထဲ မဖိတ်ဘဲ ရောက်လာသူက ကြင်ယာတော်။ ရွှေသို့ရောင် ဒက်ဘယ်(လ်)ကပ်စီးသော အဝတ်အစားမှစ၍ အပြောအဆို အနေအထိုင်၌ စိတ်ထင်တိုင်း ထိန်းချုပ်ခြင်းမရှိသော သူမကျတော့။ အတွေးနှင့် သူ့ရင်ထဲ သိမ့်ခနဲ နွေးထွေးလှုပ်ခတ်သွားသည်။

ဘုရင်က အေးစက်စက် ရေနွေးကို ကောက်မော့သည်။ ကြင်ယာတော်အကြောင်း တွေးမိတာတောင် ဘုရင့်ရင်တစ်ခွင်လုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းမြလှုပ်ခတ်သွားတာကိုပဲ မြတ်နိုးနှစ်သိမ့်စွာ တိတ်တခိုး ရင်မော နေရသည့်အဖြစ်။

ချစ်မိပြီ ကြင်ယာတော်ရယ်။

◆ ◆ ◆



အခန်း (၂၁)

"အဟမ်း...မင်္ဂလာပါ၊ ကျွန်တော်က ဒီနေ့ခရီးစဉ်ကို ဦးဆောင်စီစဉ်တဲ့"

"ကြော်ငြာမနေနဲ့"

"ဘယ်သူမှ မမေးဘူး"

"မင်းနာမည် လူတိုင်းသိတယ်၊ ပွကြီးတဲ့ မှတ်ထား"

တစ်ယောက်တစ်ခွန်း ဝိုင်းသြဘာပေးတဲ့အတွက်ကြောင့် မိုက်(ခ်)ကိုင်ပြီး MRTV-4 ကို အားကျ၍ ပရိစင်တာလုပ်မည်ကြံသော ကျော်ဇော်က ကြောင်အမ်းအမ်းဖြစ်သွားသည်။ အရေးထဲ ဘယ်ကောင်က ထဖောက်သည်မသိ။ သူ၏ နာမည်ပြောင် ပွကြီးအား လက်သီးလက်မောင်းတန်းပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ပွကြီး…ပွကြီး…ပွကြီး"

အော်ဟစ် အားပေးနေတာကြောင့်…

"ဟာ…ဟော့ကောင်တွေ ရှူး တိုးတိုး၊ ဒီမှာ အရေးကြီးတဲ့ အစီအစဉ်လေးတစ်ခု ကြေညာမလို့"

ဒီဘက်ခုံတန်းတစ်လျှောက် အသံတိတ်သွားပြီး…

"ပွကြီး…ပွကြီး…ပွကြီး'

ဟိုတစ်ဖက် ခုံတန်းက အသံထွက်လာပြန်သည်။ ခရီးထွက်မယ်ဆိုပြီး ခေါင်းစွပ်ဂျာကင်အဝါ၊ တီရှပ်အနီ၊ ဂျင်းဘောင်းဘီ၊ ဦးထုပ်၊ မျက်မှန်တွေနှင့် စတိုင်ထုတ်ထားသော ပွကြီး ခေါ်ကျော်ဇောမှာ အားလုံးရှေ့၌ အခက်တွေ့လေပြီ။ ငိုမလိုမျက်နှာကြီးနှင့် ချွေးသီးချွေးပေါက်တွေ တဒီးဒီးကျကာ ခေါင်းကုတ်တာက ထုတ်ထားသောစတိုင် ပျက်လုနီးပါး။ ပွကြီးဖြစ်အင်ကို ကြည့်နေသူတွေက ရယ်လည်းရယ်၊ နာမည်အော်တာလည်း မရပ်တာမို့ ပွကြီးမှာ ဒီအတိုင်းရပ်မနေတော့ဘဲ…

"မျိုးကျော်…လာ၊ မင်းဟာမင်း ပြော"

စစ်ကူတောင်းရတဲ့အထိ။ ဒီတော့မှ မျိုးကျော်က ထိုင်ရာမှ ထပြီး ပွကြီးထံမှ မိုက်(ခ်)ကို လွှဲယူကာ…

"အဟမ်း…အဟမ်း၊ အဟွတ်…ဟွတ်"





"ဟယ်…ပဲများတဲ့ ဘဲပြား၊ တကယ် ချောင်းဆိုးပြီ"

"မထင်နဲ့၊ အဲဒီကောင်က ဗရုတ်၊ ချောင်းဆိုးပျောက်ဆေး ကြော်ငြာချင်လို့လားမှ မသိတာ"

အသံတွေက မျိုးကျော် အလှည့်လည်း တိတ်မသွား။ ထပ်မံ ကျွတ်စီစီ ထွက်လာစမြဲ။ သို့ပေမဲ့ မျိုးကျော်တို့ကလည်း နဂိုကတည်းက အပိုးမသေ။ အမျိုးမကျတဲ့ ကျောက်ကျောရေစိမ်မို့

"ချောင်းဆိုးပျောက်ဆေးမဟုတ်ဘူး ပုတ်သင်ညိုကြော်ငြာမလို့၊ အသံထွက်တဲ့လူကို ဝေပြီးသားပဲ"

ခပ်ရွှတ်ရွှတ်ပြောတော့ မိန်းကလေးတွေဘက်မှ အရင်အသံတိတ်ကျသွား၏။ ဒါတောင် အင်မတန် မျက်နှာပြောင်တဲ့ ကောင်တွေက…

"ဝေရုံမကဘူး၊ အသုံးပြုပုံပါ လက်တွေ့"

မျိုးကျော်ကလည်း မခေ။

"အေး…ရမယ်"

"နှာဘူး၊ တဏှာရူး"

"ငါပြောချင်တာ ခရီးမရောက်တော့ဘူး၊ ဒီမှာ အခု ငါပြောမှာက ကြင်ယာတော်နဲ့ ဘုရင်အကြောင်း"

"အံမယ်…မတည့်အတူနေတွေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပါရင် အပျင်းပြေမှာ၊ ရန်ပွဲချည်း ကြည့်ရမှာ"

"ဒီတစ်ခါ ရန်ပွဲထက် ဆန်းပြားတဲ့ အစီအစဉ်"

မျိုးကျော်က အဲဒီလို ကြော်ငြာသောအခါ တစ်ကားလုံးပေါ်က လူတွေက လက်ခုပ်တီးသူတီး၊ ရွှီးခဲ့ လက်ခေါက်မှုတ်သူတွေနှင့် ဆူဆူညံသွားသည်။

"ဒီအစီအစဉ်မှာ သူတို့နှစ်ယောက်ရဲ့ အပြောင်းအလဲတွေကို မျှော်လင့်ချင်တာလည်း ပါပါတယ်"

"ဟုတ်ပါတယ်၊ လူသားအချင်းချင်း အမြဲတမ်း အမုန်းပွားနေမဲ့အစား တစ်ခါတစ်ရံမှာ တစ်ယောက်ကိုတစ်ယောက် ခင်မင်စိတ်လေးနဲ့ ကြည့်ကြရင် ဒီခရီး ပိုပြီး ပျော်စရာကောင်းတဲ့ ခရီးစဉ်ဖြစ်မယ်လို့ မျှော်လင့်ကြည့်တာပါ"

ကြင်ယာတော်နှင့် အတွဲဆုံး သီရိကပါ အဲဒီလိုဝင်ပြောသောအခါ တစ်ကားလုံးထံမှ…

"ဘာအစီအစဉ်လဲ"

စိတ်ဝင်တစား မေးမြန်းသံတွေ ထွက်လာခဲ့ပြီ။ သီရိနှင့်မျိုးကျော်က နဂိုကတည်းက စီစဉ်ထားခဲ့သည့်အတိုင်း သူတို့စိတ်ကူးများကို ပြောပြသည့်အခါ တစ်ကားလုံး နေရာကျပြီးသားလူတွေက တဟေးဟေး တဟားဟားနှင့် ဝရုန်းသုန်းကား ဖြစ်ကုန်၏။





ထိုအခိုက်မှာပဲ သူတို့ရဲ့ အိတ်စပတ်ကားဘေးနားသို့ ကြင်ယာတော်စီးနေကျ ဒက်ဘယ်(လ်)ကပ် ရွှေညိုရောင်နှင့် တက္ကစီတစ်စီးတို့က ရှေ့ဆင့်နောက်ဆင့် ထိုးဆိုက်လာ၏။ ကားပေါ်ကလူတွေအားလုံး ပြုံးစိစိဖြစ်သွားသည်။ ချိန်းထားရင်တောင် လွဲဦးမည်။ သူတို့နှစ်ယောက်က မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် အမြဲအတူတူမို့။ အင်း…ပြောပြန်ရင်လည်း နှစ်ယောက်က ဒေါသထွက်ဦးမည်။ တကယ်ဆို မတည့်အတူနေဆိုတာ သူတို့နဲ့မှ ကွက်တိဖြစ်နေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟွန်း"

ကြင်ယာတော် မျက်နှာလှလှလေးကို ချစ်စရာကောင်းအောင် မဲ့ရွဲ့ပြီး နှာခေါင်းရှုံ့ကာ သူ့ကိုကြည့်တော့ ဘုရင်ကလည်း အကျောမခံ။

"ဟမ်း"

အသံပြန်ပြုရင်း ကြင်ယာတော်မျက်နှာလှလှလေးကို မျက်တောင်မခတ် စိုက်ကြည့်လိုက်ပုံက ဝံ့ဝံ့စားစား။ ဘယ်တုန်းကမှ ဒီလိုမျိုး တစ်ခါမှ အကြည့်မခံရဘူးတာမို့ ဘုရင်ထံမှ အကြည့်တစ်မျိုးကြောင့် ကြင်ယာတော်ရင်ထဲ ဒုတ်ခနဲ ဖြစ်သွားကာ မျက်နှာတစ်ခုလုံး ဖြန်းခနဲ ထူပူနီမြန်းသွားကာ ချက်ချင်း မျက်လွှာချ





အကြည့်လွှဲလိုက်ရသည်။

ဒီလူ ဘယ်တုန်းက ဒီလိုကြည့်ဖူးလို့လဲ။ ကြင်ယာနဲ့ ဘုရင်ဆိုတာ မတည့်အတူနေ ရန်သူတွေဆိုတာ သိရက်နဲ့။ အခုမှ အကြည့်တွေက တစ်မျိုးပြောင်းလာတာကို အမှတ်တမဲ့နေသည့်ကြားက ကြင်ယာ သတိထားမိလာခြင်းဖြစ်သည်။ ပါးစပ်က ရန်ဖြစ်နေပေမယ့် ဘုရင်က လူအလစ်မှာ ကြင်ယာ့မျက်နှာလေးကို ခိုးခိုးကြည့်နေတာ ကြင်ယာဆုံတာ နှစ်ကြိမ်သုံးကြိမ်မက။ ကြင်ယာက မျက်စောင်းထိုးပြီး တစ်ဖက်ကို မျက်နှာလွှဲပစ်လိုက်ရတာချည်း။ အခုလည်း ဘယ်လိုပုံစံနှင့် ကြင်ယာကို ကြည့်မှန်းမသိ။

"ဟွန်း...အရှက်ကိုမရှိဘူး"

"မင်း ဘာကိုပြောတာလဲ"

"ဘာပြောပြော ရှင့်အပူလား"

တံခါးပေါက်နားထိ ခြေတစ်လှမ်းမှ မတိုးနိုင်သေးဘဲ တစ်ယောက်နှင့်တစ်ယောက် ဗိတ်ကာ ရန်စောင်နေမိကြသည်။ ဘုရင်က သူ့အကြည့်ကြောင့် ကြင်ယာတော် မျက်နှာလှလှလေး ပန်းရင့်ရောင် ပြောင်းသွားသည်အထိ အရှက်သည်းသွားတာကို ကြည့်ပြီး ချစ်စနိုး ပြုံးလိုက်သည်။ အချစ်မဝင်ခင်တုန်းက ကြင်ယာတော် ဘာလုပ်လုပ် အပြစ်ချည်းမြင်နေသူက အချစ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ကြင်ယာတော် ဘာလုပ်လုပ် ဘုရင့်အတွက် ချစ်စရာ၊ မြတ်နိုးစရာချည်း ဖြစ်နေသည်။ ဒါကို ဘုရင်ပဲ သိသည်။ အခု လည်း ကြင်ယာကို သတိလက်လွတ် ငေးနေမိ၍ ကြင်ယာက သူ့ကိုယ်ကြီးကို တိုးတိုက်ပြီး...

"ကဲ...ဖယ်ပါ၊ ဒီမှာ ကားပေါ်တက်မလို့"

ဆောင့်အတွန်းခံလိုက်ရပြီး ဘုရင့်ကိုယ်ကြီး ဘေးသို့ယိုင် ထွက်သွားချိန် ကြင်ယာတော် ကားပေါ် ဦးအောင်တက်သွား၍ ချိုအီမွှေးပျံ့သော ရနံ့က သင်းပျံ့စွာ ကျန်ခဲ့သည်။

"မင်းသိပ်ဆိုးပါလား ကြင်ယာရယ်"

ကြင်ယာနောက်မှ ချစ်စနိုး ရေရွတ်ရင်း ကားပေါ်တက် ခဲ့သည်။

ကားပေါ်မှာက အားလုံးလူပြည့်နေပြီ။ ကျန်တဲ့လူဆိုလို့ ကြင်ယာတော်နဲ့ဘုရင် နှစ်ယောက်ထဲ။

ကြင်ယာတော်က သူမထိုင်ရမည့်ခုံနားမှာ ရပ်ပြီး မျက်လုံး လေး ဝေ့ဝဲပြီး နေရာအနှံ့ လိုက်ကြည့်သည်။ သူမနောက်မှာက ဘုရင်။

"ကဲ...ဘယ်လိုလဲ အမိ၊ ထိုင်မှာလား ရပ်နေမှာလား"

"ရှင်နဲ့ဘာဆိုင်လဲ"





"မင်းရပ်နေတဲ့နေရာက ကိုယ့်နေရာ"

"ဟင်"

ကြင်ယာတော် မျက်ခုံးလေးတွန့်ပြီး ကိုယ်ထိုင်ရမည့်ခုံကို ငုံ့ကြည့်သည်။ ဒါဆို ကြင်ယာတော်နဲ့ အတူထိုင်ရမယ့်လူက ဘုရင် ပေါ့။

"ရှင့်ခုံက"

"ဟိုမှာလေ၊ ပြတင်းပေါက်နားက ခုံ"

"သိရီကိုယ်တိုင် မဲနှိုက်ပြီး ရွေးထားတဲ့ခုံပါ ကြင်ယာရဲ့ ထိုင်လေ"

သိရီက ပြောပေမယ့် ကြင်ယာက မကျေနပ်။ ထိုင်ဆို တိုင်းလည်း မထိုင်။ သူမနားမှာ ရပ်နေသည့် ဘုရင့်ဘက်ကို တစ်ချက် စွေစောင်းပြီး ကြည့်လိုက်ကာ...

"ဒီမှာ ကြင်ယာ၊ ပြတင်းပေါက်နားမှာ ထိုင်မယ်"

ပါးစပ်က ပြောလည်းပြော ပြတင်းနားကခုံကို ကြင်ယာ က အရင်ဦးအောင် ဝင်ထိုင်လိုက်တာမို့ ဘုရင် ဘာမှမပြောသာဘဲ ကြင်ယာ့အလိုကျ သူမ မထိုင်ချင်သည့်ခုံမှာ ဝင်ထိုင်လိုက်ရသည်။

သူတို့နေရာယူပြီးတာနှင့် ကားက စထွက်သည်။ စကား ပြောသံ၊ ရယ်မောသံတွေ ဆူညံနေပေမယ့် ထိုသူတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာတော်နှင့် ဘုရင် မပါ။

ကြင်ယာတော်က ဘုရင်ထိုင်ရမည့်နေရာမှာ ခပ်တည်တည် ဝင်ထိုင်ပြီးထဲက ဘုရင့်ကို တစ်ချက်ပင် လှည့်မကြည့်။ ဒါကိုပဲ ဘုရင့်အသည်းထဲက ယားကျိကျိနှင့် သူမကို စိတ်ဆိုးဒေါသဖြစ်အောင် စချင်မိသည်။ ထို့ကြောင့် ကြင်ယာတော်ဘက် မျက်နှာမူလိုက်ပြီး…

"ဒီမှာ အမိ၊ ပိုင်ရှင်ခွင့်မပြုဘဲ ကိုယ့်နေရာကို အပိုင်စီးတာ ဘာသဘောလဲ"

"ပြတင်းပေါက်နား ထိုင်ချင်တဲ့သဘောပဲ၊ ကဲ ရှင်းပြီလား"

"မရှင်းဘူး၊ ကိုယ်လည်း မင်းလိုပဲ ပြတင်းပေါက်နား ထိုင်ချင်တယ်ကွ"

"ယောကျ်ားကြီးဖြစ်ပြီး မိန်းကလေးတစ်ယောက်နဲ့ လိုက်ပြိုင်စရာလား"

"မင်းလိုပဲ၊ ငါလည်း အကောင်းကြိုက်တာလို့ ပြောတာကွ"

"အဲဒီနေရာမှာ မထိုင်ချင် ဘီးဖက်လိုက်ခဲ့ဖော့"

ဘုရင့်နားနားကပ်ပြီး ကြင်ယာတော်က ပြောတော့ ဘုရင့်





ရင်ထဲ နွေးခနဲ သိမ့်လှုပ်သွားကာ ကြင်ယာတော်မျက်နှာလေးကို စိုက်ကြည့်လိုက်ပြီး…

"ဟင့်အင်း…ဘီးတော့ ဖက်မလိုက်ဘူး၊ လူကိုပဲ"

"ရှင် ရန်မစနဲ့ ဘုရင်"

"ရန်စတာမဟုတ်ဘူးကွ၊ ဖြစ်ချင်တာကို ပြောတာ"

"ရှီး…ဖြောင်း…ဖြောင်း"

ရုတ်တရက် လက်ခုပ်သံတွေ ထွက်လာတော့ ကြင်ယာတော်နှင့်ဘုရင် တအံ့တဩနှင့် ကားနောက်ပိုင်းဆီ လှည့်ပင်းလိမ်ကြည့်၏။

"ဘုရင်ကွ"

ယောကျ်ားလေးအုပ်စုထဲမှ အော်သံအဆုံးမှာ မိန်းကလေးတွေဘက်ကလည်း အားပေးသံထွက်လာ၏။

"ကြိုးစားထား ကြင်ယာရေ၊ လုံးဝ အညံ့မခံနဲ့"

အရေးထဲ သူ့ဘက်ကိုယ့်ဘက် အားပေးနေသည့်ပုံနှင့်။

"ဟုတ်ကဲ့…အခုချိန်ကစပြီး မဟာရန်ပွဲခရီးစဉ်ကြီးခေါ် အီကိုနောက်ဆုံးနှစ် ကျောင်းသားများရဲ့ အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်ကြီး စတင်ပါတော့မယ်ခင်ဗျာ"

မျိုးကျော်က အဲဒီလိုကြေညာတော့ လက်ခုပ်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



သောင်းသောင်းဖြဖြ ထပ်ထွက်လာပြန်သည်။ ဘုရင်က ခပ်တည်တည်မျက်နှာနှင့် ကြင်ယာတော်ရှိရာဘက် လှည့်အကြည့် ဒိုင်းခနဲရောက်လာသော ကြင်ယာတော်ထံမှ မျက်စောင်းကြောင့် ဘုရင့်အသည်းထဲမှာ စူးခနဲ ဖြစ်သွားကာ နှလုံးသားတစ်ခုလုံး ထုတ်ချင်းပေါက်သွားသလို ခံစားလိုက်ရသည်။

"သူတို့က မတည့်သာမတည့်တာ ခင်ဗျ"

မိုးကျော်က မိုက်ကရိုဖုန်းကိုင်ကာ သူ့ကိုယ်သူ ဂိုက်(ဒ်) အမှတ်နှင့် ပဲများကောင်းတုန်း။

"ဖက်ရှင်ကျတော့ ဆင်တူ"

"ဟင်"

မိုးကျော်စကားကြောင့် ကြင်ယာတော်က ကိုယ့်ကိုယ်ကို အရင်ငုံ့ကြည့်သည်။ ရင်ပြတ်အဖြူပေါ် ဂျက်ကက်ခါးတိုအနက်၊ ဂျင်းအနက်နှင့် လည်ပင်းမှာ အဖြူနှင့်အနက် ကျားကွက်ဖော်ထားသော မာဖလာနှင့်။

"မှားပါတယ်၊ မတူချင်တဲ့သူနဲ့မှ"

ဘုရင့်ထံမှလည်း မကြားတကြား စကားသံထွက်လာ၏။ သူကလည်း အဖြူရောင်တီရှပ်ပေါ် အနက်ရောင်ဂျာကင်နှင့် ဂျင်းပင်(န်)အနက် တွဲဝတ်လာတာကို။





"အမလေး...ကြင်ယာကလည်း ရှင်နဲ့မတူချင်လွန်းလို့"

"ဘယ်သူက တူချင်တယ်ပြောလို့လဲ"

"ပြောကြည့်ပါလား၊ ပြောတဲ့ပါးစပ်ကို တစ်ခါတည်းပိတ်သွားအောင် လုပ်ပစ်မှာ"

"ဘာနဲ့ပိတ်မှာလဲ၊ နှုတ်ခမ်းအချင်းချင်းလား"

"ဘုရင်...ရှင်နော်"

ဒေါသကြောင့် ကြင်ယာတော်မျက်နှာက မီးပွားစတွေ လွင့်စင်ထွက်လာသလို။ ဒါကိုပဲ ဘုရင်က ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း ခပ်တိုးတိုး ရယ်မောကာ...

"လက်တွေ့ကွင်းဆင်းမယ်ဆိုလည်း ကိုယ်ပဲ အနစ်နာခံပြီး"

"သေလိုက်၊ ရှင့်ထက်စာရင် ခွေးကို အမြီးဖြတ်ပြီး အတူတွဲထိုင်ချင်သေးတာ"

"အေးပေါ့...ဒါမျိုးက အမျိုးချင်းအတူ ခရီးသွားရင် ပိုကောင်းတာကိုး"

"တောက်...ရှင်"

ကြင်ယာတော်က ကျိတ်မနိုင်ခဲမရ ကြိမ်းဝါးရင်း ဒင်းကို ကျောခိုင်းပြီး ဟိုဘက်လှည့်ထိုင်သည်။ ဒါတောင် နောက်နားက



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်ရဲ့ရယ်သံ ခပ်ကျိတ်ကျိတ်ကို ကြားနေရပြီး···

“မဆိုးဘူးပဲ၊ ဒီတစ်ခါတော့ ငါက နိုင်သွားသား”

ကျေနပ်စွာ ရေရွတ်သံကို ကြားရတဲ့အခါ ကြင်ယာတော်က မဲ့ပြုံးနှင့် ခပ်တိုးတိုးရေရွတ်သည်။

“ဟွန်း···မဆုံးဖြတ်ပါနဲ့ဦး၊ ပွဲမပြီးသေးဘူး”

◆ ◆ ◆



## အခန်း (၂၃)

“ကဲ···အခုတော့ ဝိတ်လျှော့ရန်နေရာ ဖြစ်ပါတယ် ခင်ဗျား”

ပွဲကြီးရဲ့ ငှက်ဆိုးထိုးသံကြီးကြောင့် အိပ်ပျော်ခါစ ကြင်ယာတော် ဖျတ်ခနဲ လန့်နိုးလာသည်။ ခရီးစဉ်တစ်လျှောက်လုံး ဒေါသတွေနှင့် နပန်းလုံးရ၊ အေးက ဘုရင်နှင့် ရန်ဖြစ်ရနှင့် လူက အတော်ကြီး ပင်ပန်းသွားသည်။ ကိုယ့်ကိုယ်ကို ဘယ်ကဘယ်လို အိပ်ပျော်သွားမှန်းတောင် မသိလိုက်ရတဲ့အဖြစ်။ ကြင်ယာတော် ခေါင်းထောင်ပြီး အေးဘီဝဲယာကြည့်တော့ သစ်ကြီးဝါးကြီးတွေ အုံ့ဆိုင်းမှိုင်းညို့နေသည့်ကြားထဲ မြူထူထူတွေ ကျဆင်းနေတာကိုက စိတ်ထဲရှင်သွားသော ခံစားမှုမျိုး ပေးစွမ်းသည်။ ကြင်ယာ ဂျာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ရင်ဘတ်နှစ်စဆွဲစေ့ပြီး အသင့်ယူလာသော ဗီဒီယိုကင်မရာ အသေးစားလေးကို ကောက်လွယ်သည်။

"ဝိတ်လျှော့မဲ့သူတွေ၊ ဒေသန္တရဇာဟုသုတ ရှာဖွေမဲ့သူတွေ နာရီဝက်တိတိ အချိန်ပေးမယ်၊ နာရီဝက်စေ့တာနဲ့ ကားထွက်မယ်၊ အိုခေ…ဆင်းလို့ရပါပြီဗျာ"

အခါအခွင့်သင့်တိုင်း ဆရာကြီးလုပ်ချင်သည့် ပွကြီး စကား အဆုံးမှာ…

"နင်ခွင့်ပြုမှ ဆင်းရမှာကျနေတာပဲ"

"ကားရပ်တာနဲ့ ငါတို့က ဆင်းမှာ"

"ကဲ…ရှေ့က ကောင်မလေးတွေ မြန်မြန်ဆင်း၊ ငါ ဒီမှာအောင့်ထားရတာ ကြာပြီ"

"ဒီမယ်…ရှင့်ကိုယ်ကြီးကို ဖယ်ဦး"

ကြင်ယာတော်အသံ ခပ်စွာစွာကြောင့် ဘုရင် မျက်လုံးကို ဖွင့်၏။

ဝရုန်းသုန်းကား ခြေသံတွေ။ တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကြားမှ ဘုရင်လည်း နိုးလာခြင်းပါ။ နိုးနိုးချင်း ဆောက ကြင်ယာတော်ကို လှမ်းအကဲခတ်တော့ မချောက ကင်မရာ တွေ ဘာတွေတောင် လွယ်ပြီးပြီ။ သူနေရာက ထရပ်လိုက်တော့





ကြင်ယာတော်က သူ့အရင်ဦးအောင် တရွေ့ရွေ့ဖြတ်တက်လာသည့် လူတန်းကြီးကို စောင့်နေဟန်တူသည်။

"ဟော့ကောင်…ဘုရင်"

"ကြင်ယာ"

ခေါ်သံတွေက တစ်ပြိုင်တည်းမို့ နှစ်ယောက်စလုံး နောက် သို့ လှည့်ပင်းလိမ်ကြည့်သည်။ မျိုးကျော်နှင့် ဝေယံနောက်မှာ ငယ်ငယ်နဲ့ သီရိ။ ဝေယံက သူ့ကို ပြုံးဖြဲဖြဲနဲ့ ကြည့်ရင်း…

"အဆင်ပြေလား"

"ဘာကိုလဲ"

ဘုရင်က မှုန်ကုပ်ကုပ်နဲ့ ပြန်မေးမှ မျိုးကျော်က ဝေယံကို တံတောင်နှင့်တွက်ရင်း…

"မင်း အိပ်ရတာကို မေးတာ"

"အင်း..အဆင်ပြေပါတယ်"

"ကြင်ယာ နင်ရော အဆင်ပြေလား"

ဆောနားက ဒင်းမှာ ခေါင်းဘယ်ညာချိုးပြီး ကြင်ယာတော် သူ့ကိုကျော်ကာ ထွက်ရန်ပြင်သည်။ ဒါကိုသိရက်နှင့် ဘုရင်က တမင်မထသေးဘဲ ပေထိုင်နေရင်း…

"ဒီလိုပါပဲ၊ မျောက်နဲ့ တွဲထိုင်ရတော့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ဘာစကားပြောတာလဲ"

ကျောပိုးအိတ် ပြင်လွယ်ရင်း ခုံအပြင်ထွက်ဟန်ပြင်သော ဘုရင်က ခေါင်းငဲ့ပြီး ပေစောင်းစောင်းနှင့် မေးသည်။ ကြင်ယာက ပခုံးတွန့်ပြရင်း မချိုမချဉ် မျက်နှာဖြင့်…

"လူဆိုတာ မျောက်က ဆင်းသက်လာတာပဲမဟုတ်လား၊ အဟွန်း…အဲဒါပြောတာပါ"

"မင်းနော်…စကားပြောတာ လူကို ကြည့်ပြော၊ နောက်တစ်ခါဆိုရင် မလွယ်ဘူး"

"မလွယ်တော့ ရှင်က ဘာလုပ်မလို့လဲ"

"သိချင်ရင် စမ်းကြည့်"

မညီညွတ်ခြင်း မျက်နှာက ပြတ်ရွေ့ကြောင်းများစွာနှင့် ကြင်ယာတော် သူ့ရှေ့ကအထွက်…

"ဟာ…ဟော့"

"ဝုန်း"

"အမလေး"

အော်သံတွေ ဆူညံသွားသည်။

ကြင်ယာတော်ဘာသာ ခလုတ်တိုက်မိပြီး အရှိန်နှင့်အလဲ အနားမှာရှိနေသည့် ဘုရင်က ကြင်ယာ့ကိုယ်လေးကို အချိန်မှီ ဖမ်းယူ





ဆွဲပွေ့လိုက်၍ ကြင်ယာ့တစ်ကိုယ်လုံး ဘုရင့်ရင်ခွင်ထဲ အိခနဲ နစ်ဝင်သွားသည်။ ရင်ချင်းအပ်လျက် အနေအထားမှာ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားသည့် လက်တွေက နိုင်နိုင်မြဲမြဲ။ အကြည့်ချင်းအဆုံမှာ နှစ်ယောက်စလုံးရင်ထဲ ရင်ခုန်သံတွေ မြန်ဆန်သွားတာ ကိုယ်စီသိလိုက်ကြသည်။ ပထမဆုံး အသိဝင်လာသူက ကြင်ယာ။

"ဖယ်ပါ…လွှတ်"

"ဘယ်သူကရော မင်းကို ဖွတ်ဖက်ထားလို့လဲ၊ ကိုယ့်ဘာသာ အရှိန်မထိန်းနိုင်ဘဲ ပစ်လဲပြီးတော့"

ဒီတစ်ခါတော့ ကြင်ယာတော်ကိုယ်တိုင် ဘုရင့်ကို ပြန်ရန်မစွာနိုင်ဘဲ သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ဘုရင့်ရှေ့က အမြန်နှုန်းနှင့် ထွက်ခဲ့သည်။

"နေရာတကာ ရှုပ်ပြာနေတာပဲ"

နောက်ပါးက ဘုရင့်အသံကြားပေမယ့် ကြင်ယာ လှည့်မကြည့်။ ရန်လည်းမစွာ။

"မဟုတ်မှလွဲရော တမင်သက်သက် ချော်လဲချင်ယောင်ဆောင်တာဆိုရင်"

"ရှင့်ပါးစပ်ကို အခုပိတ်လိုက်နော် ဘုရင်၊ ဒါထက်ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ နောက်ထပ် ပြဿနာမဖြစ်ချင်ဘူး"

"ဖြစ်ချင်လို့ရော ရမလားကွ၊ ငါက ဘုရင်ပဲ"

"ဒီကလည်း ကြင်ယာတော်၊ ဘာဖြစ်လဲ"

"ဘုရင့်ကြင်ယာတော်ပေါ့"

"ဘာပြောတယ်"

ဒေါသနှင့် ဇွေ့ဇွေ့ခုန်ပြီး ကြင်ယာတော် ကျန်ခဲ့ချိန်မှာ ဘုရင်က ခြေလှမ်းကျဲကြီးတွေနှင့် သူမကို ကျောခိုင်းသွားသည်မှာ နောက်ကိုပင် တစ်ချက် လှည့်မကြည့်တော့။

"ဘာ…ဘုရင့်ကြင်ယာတော်လဲ ဟွန်း"

"စိတ်ကူးတွေ သိပ်ယဉ်မနေနဲ့သိလား၊ ရှင့်လိုလူမျိုး ကြင်ယာတော် စိတ်ကူးထဲမှာကို မရှိဘူး"

ဘုရင် မကြားနိုင်မှန်းသိရက်နှင့် စကားကို အနိုင်နှင့်ပိုင်း ပြောပြီးချိန်မှာပဲ ထူးဆန်းစွာ ကြင်ယာတော် ရင်ခုန်သံတွေ သိမ့်ခနဲ လှုပ်ခတ်သွားသည်။

◆ ◆ ◆



## အခန်း (၂၄)

"ကြင်ယာ"

"ဘာလဲ"

"တစ်ယောက်တည်း လျှောက်မသွားနဲ့နော်၊ လူကြဲမှာစိုးလို့"

"အင်းပါ"

ကြင်ယာကို သီရိက သတိပေးသည်။ ကားရပ်ထားသော နေရာ၌ တောတောင်ရှုခင်း စိမ်းစိုစိုများအား နောက်ခံထား၍ ဓာတ်ပုံရိုက်နေသူတွေကြားထဲမှာ ငယ်ငယ်တို့က မိုးကျော်တို့နှစ်ယောက်နဲ့ တစ်ဖွဲ့။ အားလုံး ကိုယ့်အဖွဲ့နှင့်ကိုယ်။ ကြင်ယာတော်ကလည်း ဂရုမစိုက်။ ကင်မရာတစ်လုံးနှင့် စိတ်ကြိုက်ဓာတ်ပုံရဖို့လောက်သာ



www.burmeseclassic.com

www.burmeseclassic.com



အာရုံစိုက်နေရတာမို့ ဘယ်သူ့ကိုမှလည်း သတိမထားမိ။ သီရိ သတိပေးတာကို ခေါင်းညိတ်ပြပေမယ့် ခြေလှမ်းတွေကတော့ တရွေ့ရွေ့သွားတုန်း။ ဓာတ်ပုံရိုက်ကောင်းတုန်း။

သီရိကလည်း ကြင်ယာကို သတိပေးပြီး သူ့အုပ်စုနဲ့သူ ဓာတ်ပုံအရိုက်ခံနေသည်။

ကြင်ယာကို သတိမထားမိ။ ကြင်ယာကလည်း ကင်မရာမှာ ထင်လာသည့် ပုံရိပ်ကို သဘာဝအတိုင်း ပွင့်နေသော တောပန်းပွင့်တွေအား သဘောတကျ ဗီဒီယို လိုက်ရိုက်ရင်းက…

"အယ်…လှလိုက်တာ"

ရင်တွင်းခံစားချက် ပြင်းထန်လာသည့်အခါ နှုတ်မှ မနေနိုင်မထိုင်နိုင် ထွက်ကျသွားသည်။ လက်တဝါးစာ လိပ်ပြာအရောင်က အဝါရောင်တောက်တောက်ကို တောင်ပံဖြန့်ကားသော အနားသတ်ဟာ အနက်ရောင်မျဉ်းတွေနဲ့။ လိပ်ပြာရဲ့ တောင်ပံထဲမှာ အညိုရောင်အကွက်ဖောက်ထားတာမို့ လိပ်ပြာလေး လေထဲပျံဝဲတိုင်း လှပုံက ရက်ရက်စက်စက်။ ကြင်ယာတော်က ဗီဒီယိုကင်မရာကို ချိန်ရင်း တဖြည်းဖြည်း အနားတိုးကပ်သွားသည်။ ဒီလိပ်ပြာလေးရဲ့ အလှတရားကြောင့် အနီးအနားရှိ ပန်းပွင့်လေးတွေ အလှမှိန်သွားရတဲ့အထိ။ ကြင်ယာ ခြေသံလုံလုံနှင့် အနားတိုးသွားတာတောင်





လိပ်ပြာလေးက ဖျတ်ခနဲ ထပျံသွားသည်။ ဒါပေမဲ့ အဝေးကြီးလည်းမဟုတ်။ နီးနီးလေး။ ကြင်ယာက ထပ်တိုးသည်။ လိပ်ပြာလေးက မနီးမဝေးပျံပြီး တစ်ခါနားနေပြန်သည်။

ကြင်ယာတော်စိတ်ထဲ မချင့်မရဲဖြစ်လာပြီး…

"လိပ်ပြာလေးရယ် မင်းကို ကြင်ယာ ရန်ပြုဖို့မဟုတ်ပါဘူး၊ မင်းက သိပ်လှတော့ မင်းအလှကို မှတ်တမ်းတင်ချင်လို့ပါ၊ ဟာ…ကျစ် ပျံသွားပြန်ပြီကွာ"

ကြင်ယာက တစ်ယောက်တည်း ခြေတွေဘာတွေဆောင့်ပြီး စိတ်အလိုမကျဖြစ်စွာနှင့်ပင် ဒီလိပ်ပြာလေးကိုလည်း သံယောဇဉ်မဖြတ်နိုင်။

"ပျံမယ်ဆိုလည်း ဝေးဝေးပျံပေါ့၊ အခု မင်းက ကြင်ယာ့နားမှာ တရစ်ဝဲဝဲနဲ့ တမင်အသည်းယားအောင် လုပ်ပြသလိုဖြစ်နေပြီ"

ပါးစပ်မှ တတွတ်တွတ်ရွတ်ရင်း ရှေ့မှလိပ်ပြာကို မဲနေချိန် ရုတ်တရက် ကြင်ယာ့နောက်ကျောသို့ လေအေးတစ်ချက် ဝှေ့သွားပြီး ပခုံးပေါ် ပြီးစလွယ်တင်ထားသော မာဖလာကို တစ်စုံတစ်ယောက်က ဆွဲယူလိုက်သည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ကြင်ယာ နောက်သို့လှည့်ကြည့်တော့…

"ခွိး"

"အမလေး"

"မျောက်…မျောက်၊ လုပ်ပါဦး"

အနီးကပ်မြင်ရသော အမွေးအမှျင် ထူထဲသော မျက်နှာကြားထဲက သွားတွေနှင့် သွားဖုံးနီနီကို မြင်လိုက်ရ၍ ကြောက်စိတ်ဖြင့် ပါးစပ်က အော်လည်းအော်၊ လူကလည်း ခြေဦးတည့်ရာ စွတ်အပြေး…

"အမေ့"

သစ်မြစ်ကို ခလုတ်တိုက်ပြီး ကြင်ယာ အရှိန်နှင့် ပစ်အလဲမှာ စောစောက မျောက်က ကြင်ယာနား ပြန်ရောက်လာ၏။

"ခွိး….ခီး…ခီး"

"အမလေး"

ကြင်ယာ တွေ့ရတဲ့သတ္တဝါက မျောက်အကြီးစား။ ဒါပေမဲ့ တစ်ကောင်တည်းမဟုတ်။ သုံးလေးကောင် ဝိုင်း၍ ကြင်ယာ့မာဖလာအား ဆွဲခြင်းဖြစ်သည်။ ကြင်ယာ့မျက်နှာနားကပ်၍ မာန်ဖီတာကြောင့် ကြင်ယာက ကြောက်အားလန့်အားနှင့် နေရာက ကမူးရှူးထိုး ထပြေးသည်။ ကြောက်လွန်း၍ လူကတုန်နေပြီး မျက်လုံးထဲ





မှာလည်း ဘာကိုမှ သည်းသည်းကွဲကွဲ မမြင်နိုင်တော့။ ကြင်ယာ နောက်ဆုံးသိလိုက်တာက လူတစ်ယောက်ကို အရှိန်ပြင်းပြင်း ဝင်တိုက်မိတော့တာဖြစ်သည်။

"အင့်"

"ဟာ…ဟော့"

လူကိုဝင်တိုက်ရုံမက အရှိန်ပြင်းပြင်းနှင့် ဘုရင့်ရင်ခွင်ကို ထွေးခနဲ တစ်ကိုယ်လုံးရောက်လာပြီး ကြောက်ကြောက်လန့်လန့်နှင့် တင်းတင်းကျုပ်ကျုပ်။ သူ့ကို ဝင်တိုက်သူကို ဘုရင် ငုံ့ကြည့်လိုက်တော့…

"ဟင်…ကြင်ယာတော်"

"ဟိုမှာ…မျောက်…မျောက်၊ ကြင်ယာ့ပဝါကို ယူပြေးရုံမကဘူး၊ ကြင်ယာနောက်ကိုပါ လိုက်လာလို့ ဘုရင်"

တုန်ရီသောအသံ၊ ကြောက်ရွံ့ဖြူဖျော့နေသော မျက်နှာနှင့် ကြင်ယာတော်အသွင်က မျောက်သတ္တဝါကို ဘယ်မျှကြောက်လန့်လာသည်ဆိုတာ ပြောနေစရာပင်မလို။ ကြောက်ရိပ်ဖြင့် ဝိုင်းနေသော မျက်ဝန်းကြီးတွေက သူ့ကိုမကြည့်ဘဲ နောက်ကိုလှည့်အကြည့်

"ဟော…ဟိုမှာ မျောက်တွေလိုက်လာပြီ၊ အမလေး"

ကြင်ယာမှာ နာကျင်ခြင်းတွေ သတိမရ။ ဘုရင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှန်မတွေ့နိုင်။ ကြောက်စိတ်တစ်ခုတည်းနှင့် နေရာက ထပြေးသည်မှာ ဘုရင့်ကိုပင် သတိမရနိုင်တော့။

"ပဒိတ်…မပြေးနဲ့လေ"

"ကြင်ယာတော်"

ဘုရင်က ကြင်ယာ အမည်ကို ခေါ်ပြီး ကသောကမျောတားပေမဲ့ မမီတော့။ ဘုရင်က ဒဏ်ရာတွေကို မေ့ထားပြီး စိုးရိမ်စိတ်နှင့် ကြင်ယာတော်နောက် ပြေးလိုက်ခဲ့သည်။

"ဟော့…နေဦး၊ ဖွတ်မပြေးနဲ့"

ဘုရင့်အော်သံကြောင့် ကြင်ယာ ခြေလှမ်းရပ်သွားပေမဲ့

"ခွီး…ခီး…ခီး"

သစ်ပင်တွေပေါ်က မာန်ဖီနေသော မျောက်တွေကြောင့်

"ဟင့်အင်း"

ခေါင်းခါငြင်းပြီး ဆက်အပြေး…

"ဟော့…ရှေ့မှာ ချောက်ကြီး"

"အမေ့"

"အား…ဘုရင်"

"ကြင်ယာတော်"

ဘုရင် အော်ဟစ်သတိပေးလိုက်ပေမယ့် မမှီတော့။





သူ့မျက်စိရှေ့မှာပင် မြေသွားမွပွသည် ဖွာခနဲ လွင့်စင်ထွက်သွားကာ ကြင်ယာကိုယ်လေး ချောက်ကမ်းပါးထိပ်မှာ ရိပ်ခနဲ ပြုတ်ကျသွားသဖြင့် ဘုရင့်ရင်ထဲ စိုးရိမ်ပူလောင်သွားကာ သူ့ကိုယ်သူဘာလုပ်လို့ လုပ်လိုက်မိမှန်း မသိခင်မှာ ကြင်ယာတော် ကျသွားသည့် ချောက်ကမ်းပါးအတွင်းသို့ သူ့ကိုယ်တိုင် ခုန်ချလျက်သား ဖြစ်သွား၏။

"ဘုရင်…ဘုရင်"

"မကြောက်နဲ့ ကြင့်ယာတော်"

ကြင်ယာရင်ထဲ လှပ်ခနဲ အေးသွားသည်။ ဆင်ခြေလျှောအတိုင်း ကြင်ယာ့ခန္ဓာကိုယ်က တရွတ်တိုက်ကြီး လျှောကျသွားချိန်မှာပဲ သူမနားကို ရောက်လာသူက…

"ဘု…ရင်"

ဘုရင့်အမည်ကို ကြင်ယာ့နှုတ်ဖျားက အားကိုးတကြီး ခေါ်မိသည်။

"ကြင်ယာတော်"

အော်သံနှင့် ရယ်သံက ကြင်ယာကိုယ်လေးကို လှမ်းအဆွဲမှာ နှစ်ယောက်အတူ လုံးထွေးပြီး ကျသွားသည့်နေရာက သိပ်ပြီးမနက်ရှိုင်းတာကိုပဲ ကျေးဇူးတင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း...ဝုန်း"

"အင့်"

အရှိန်နှင့် သစ်ပင်အုပ်အုပ်တွေကြားထဲ ကျသွားပြီးနောက် ထိတ်လန့်ခြင်း၊ နာကျင်ခြင်းတွေက နှစ်ဦးစလုံးအား ခဏချင်း ကြီးစိုးသွားပြီး အာရုံထဲ နောက်ဆုံးကြားမိတာက ကားထွက်ရန် အချက်ပေးဟွန်းသံဖြစ်သည်။

◆ ◆ ◆



## အခန်း (၂၅)

ပြေးသောခြေလှမ်းတွေက တော်တော်နှင့် အရှိန်သတ်၍ မရ။ မပြေးနဲ့လို့ တစ်ယောက်ယောက်က အော်ပြီး ကြင်ယာကို တားသည်။ ဒါပေမဲ့ ကြင်ယာစိတ်ထဲ မနာခံချင်။ စိတ်က ကြောက်ရွံ့စွာ ခြေလှမ်းကို ရပ်ချင်ပေမဲ့ ကြင်ယာဆက်ပြေးနေပြန်သည်။ ထိုအခိုက် ရှေ့မှာ ရုတ်တရက်ပေါ်လာသည့် ရေအရှိန်ပြင်းစွာ စီးဆင်းနေသည့် မြစ်ချောင်းကြီး။ စိတ်ထင်တိုင်း ရပ်တန့်မရသော ကြင်ယာ ခြေလှမ်းတို့သည် ခန္ဓာကိုယ်အား ဆွဲခေါ်သွားပြီးနောက် အေးစိမ့်သော အထိအတွေ့ကြားထဲမှာ ကြောက်လန့်တကြားဖြင့် ပြုတ်အကျ...

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ကြင်ယာတော်"

ခေါ်သံ။ အဝေးတစ်နေရာမှ အော်ခေါ်နေသလို။

"ကြင်ယာ…ကိုယ်ခေါ်နေတာ ကြားလား"

"အင်း…ဟင်"

သတိဝင်လာသောအခါ အစောက အေးစိမ့်ခြင်းတွေက ကြင်ယာထံပါးမှ အငွေ့ပျံပျောက်ကုန်၏။ ကြင်ယာတော် အာခေါင်နှင့် လည်ချောင်းတစ်လျှောက် ခြောက်ကပ်စွာ ပူလောင်နေပြီး လက်တွေ၊ မျက်ခွံတွေက ဖွင့်မရ။ လှုပ်ရှားမရအောင် လေးလံခြင်း တစ်မျိုးက ဖိစီးလျက် ရှိနေရာမှ…

"ကြင်ယာတော်…ယော့ ကြင်ယာ"

"အင်း…ရေ…ရေ ပေးပါ"

ကြင်ယာ တောင်းဆိုမှုအဆုံးမှာ နှုတ်ခမ်းဖျားမှတစ်ဆင့် စီးကျလာသော ရေစက်ကလေးများ အာသာငမ်းငမ်းနှင့် အေးမြခြင်း ကို သိမ်းပိုက်အပြီးမှ ကြင်ယာ တစ်ကိုယ်လုံး လန်းဆန်းလာသလို ထင်ရသည်။ လေးလံခြင်းအစား နာကျင်ခြင်းတွေက ဝင်ရောက်လာ ပေမဲ့ ဖျတ်ခနဲ မျက်ခွံတို့ကို ကြင်ယာတော် ဖွင့်ကြည့်သောအခါ သူမအပေါ် စီးမိုးကြည့်နေသည့် မျက်နှာတစ်ခု။

"ဘုရင်"





"အင်း…ကြင်ယာ သတိရပြီနော်"

"အင်း"

ဘုရင် မေးတော့ ကြင်ယာ ခေါင်းညိတ်ပြပြီးမှ ဘုရင့် နားထင်သားတစ်လျှောက် စီးကျနေသော နီရဲရဲသွေးစက်များကြောင့်

"ဘုရင်…ရှင့်ခေါင်းမှာ သွေးတွေအများကြီး"

ကြင်ယာတော် အလန့်တကြား လက်ညှိုးထိုးပြီး ပြောရုံ မက စိတ်လိုက်မာန်ပါ လူက ဆတ်ခနဲ ထထိုင်တော့ ကျောနဲ့ရင် ကြား မျက်ခနဲ အောင့်တက်သွားသည်။

"အ"

"ဘာလို့ စွတ်ထတာလဲ ကြင်ယာရယ်၊ မင်းမှာ ဒဏ်ရာ တွေနဲ့ဆိုတာ သတိထားဦးမှပေါ့၊ ကျထားတဲ့အရှိန်က နည်းမှမနည်း တာ၊ ဒါပေမဲ့ ကြီးကြီးမားမားတော့ ထိထားတာမရှိဘူး"

"ကြင်ယာတော့်ကို ထားပါ၊ ရှင့်နဖူးကွဲသွားပြီလားမသိ ဘူး၊ ခေါင်းမှာ သွေးတွေ အရင်လုပ်ဦး"

"အဲဒါက စီးကျတာတွေခြောက်နေတာ၊ ခေါင်းပေါက် သွားတယ်နဲ့တူတယ်"

ဘုရင် ဆံပင်ကပ်ကပ်တွေကြား လက်သွင်းစမ်းရင်း ပြော သည်။ ကြင်ယာက အခုမှ ငုတ်တုတ်ထိုင်ရင်း မှောင်စပျိုးသော



www.burmeseclassic.com

www.burmeseclassic.com



ဘောပတ်ဝန်းကျင်ကို အကဲခတ်သည်။

တိတ်ဆိတ်သော ဝန်းကျင်မှာ ကြင်ယာနဲ့ဘုရင် နှစ်ယောက်ထဲ။ ချောက်ကမ်းပါးအောက်မှာ ဒီအတိုင်း ကူညီမယ့်သူ ရှာမတွေ့။

"ဘယ်လိုလုပ်ကြမလဲ ဘုရင်၊ ကြင်ယာတို့ ပျောက်နေတာသိရင် သူတို့လာရှာကြမှာပါနော်"

"ကားရှိတော့မှာမဟုတ်ဘူး ကြင်ယာ"

"ဟင်"

အေးစက်စက် ထွက်လာသော ဘုရင့်စကားကြောင့် ကြင်ယာ အကြည့်က ဆင်ခြေလျှောထိပ်မှ သူ့မျက်နှာဆီ ရောက်သွားသည်။

"ဘာပြောတယ်၊ ကားထွက်သွားပြီ ဟုတ်လား"

"ဟုတ်တယ်"

"ဟင်"

"ကားထွက်သွားသံ ကိုယ်ကြားလိုက်တယ်"

"အို"

တုန်ယင်အက်ကွဲစွာ မေးသော ကြင်ယာ့မေးခွန်းကို ဖြေပြီးမှ သက်ပြင်းချသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။





"ဒါဆို ကြင်ယာတို့ ကျန်ခဲ့ပြီပေါ့"

"အချိန်က ညနေလေးနာရီကျော်နေပြီ ကြင်ယာ၊ မိုးမချုပ်ခင် တစ်ခုခုလုပ်မှဖြစ်မယ်"

"ကြင်ယာတို့ ဘာလုပ်ကြမှာလဲ ဘုရင်"

အခုချိန်မှာ ကြင်ယာတော် အားကိုးရမည့်သူက ဘုရင်တစ်ယောက်ထဲ။ လူသူမရှိ တောကြီးထဲမှာ။ ကြင်ယာ အတွေးထဲမှာပင် ချောက်ချားဖွယ် အရိပ်တွေက တရစပ်ဖြတ်ပြေးသွားကာ မျက်ရည်က အလိုလိုဝဲတက်လာ၏။

"သူတို့သိပ်ရက်စက်တယ် သိလား၊ တကယ်ဆို ကြင်ယာတို့မပါဘဲ ပြန်မသွားသင့်ဘူး၊ အခုတော့"

"တမင်ထားခဲ့တာတော့ ဘယ်ဟုတ်မလဲ ကြင်ယာ၊ ဒီလိုပဲ ရှာမတွေ့လို့ ပြန်သွားတယ် ထင်ကြမှာပေါ့၊ ဘယ်သူက ဆတ်ဆော့ပြီး ဒီချောက်ကြီးထဲ ဆင်းကြည့်မလဲ၊ မင်းလို ဆတ်ဆတ်ဆော့ဆော့ကြောင့်သာ"

"ရှင်နော်...စကားကို ကြည့်ပြော၊ ကြင်ယာကရော ပျော်လွန်းလို့ ဒီထဲခုန်ဆင်းလာတယ် ထင်နေလား"

ကြောက်စိတ်နေရာမှာ ဒေါသစိတ်လေး ဝင်လာတော့ ငိုချင်စိတ်ပင် ပျောက်သွားကာ ဘုရင်ကိုပင် ပြန်ရန်တွေ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစောကြီးကတည်းက ကိုယ့်အန္တရာယ် ကိုယ်မကြည့်ဘူး၊ အခုတော့ မင်းကြောင့် ကိုယ်ပါ အဆစ်ပါရပြီကွ"

"ရှင့်အမျိုး မျောက်တွေက ကြင်ယာနောက် လိုက်တာကိုး"

ကြင်ယာ ဒေါသလည်းထွက်၊ ဂမ်းလည်းနည်းကာ အသံတွေဘာတွေ တုန်လာသည်။ အရေးအကြောင်းကြုံလို့ အားကိုးရလေး မှတ်တယ်။ ကြင်ယာကိုပဲ အပြစ်တင်နေသည်။ စိတ်ကိုထိန်းပြီး မငိုမိအောင် ကြိုးစားနေသည့်ကြားက မျက်ရည်ပေါက်ပေါက်ကျတော့ ဘုရင့်ရင်ထဲ ကျင်ခနဲဖြစ်သွားကာ ကြင်ယာကိုယ်လေးကို သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်ချင်သည့်စိတ်ကို မနည်းထိန်းလိုက်ရသည်။

"အခုမှ ငိုမနေနဲ့၊ မျောက်လိုက်ချင်အောင် ဘာသွားလုပ်လဲမှ မသိတာ"

"ကြင်ယာက ဘာလုပ်ပြရမှာလဲ၊ သွား သွား ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ သူများဒုက္ခရောက်နေတာကို အပြစ်ချည်းတင်နေတယ်"

ပြောရင်းက အသံတိမ်ဝင်သွားကာ ကြင်ယာ့ပါးပြင်ပေါ် မျက်ရည်တွေ ဝေါခနဲ စီးကျလာ၏။ တသိမ့်သိမ့်ရှိုက်ငိုနေသော





မျက်နှာလှလှလေးကို ကြည့်ကာ ရင်ထဲက အချစ်စိတ်တွေကို မျိုသိပ်လိုက်ရသူက ဘုရင်။ ဒီပုံအတိုင်းဆက်နေရင် သူ့ရင်ထဲက အချစ်စိတ်တွေ ပေါက်ကွဲမိတော့မည်။

မျက်တောင်နက်နက်တွေနှင့် ထိန်းချုပ်ထားရသဖြင့် တဆတ်ဆတ်တုန်ယင်နေသော သန္တာရောင်နှုတ်ခမ်း။ အားလုံးကို အမှတ်မထင် စေ့စေ့စပ်စပ် စိုက်ကြည့်ရင်း ရင်တစ်ခုလုံး နွေးခနဲ သိမ့်ခနဲ လှုပ်ခတ်လာတာကို ထိန်းချုပ်မရ။ ပါးလေး၊ နှုတ်ခမ်းလေးတွေ မနမ်းမိခင် အရင်အကြည့်လွှဲလိုက်ပြီးမှ လေသံမာမာနှင့်...

"အခုမှ ငိုမနေနဲ့ တိတ်၊ အချိန်ရှိတုန်း အပေါ်ကိုပြန်တက်ကြမယ်"

"ထ...သွားကြရအောင်"

ကမ်းပေးလာသော ဘုရင့်လက်ကို ကြင်ယာက ချက်ချင်းလှမ်းမဆွဲ။ မျက်လွှာပင့်ပြီး ဘုရင့်ကို မော့ကြည့်သည်။ ထို့နောက် မျက်တောင်တွေ ပိတ်ကျအောင် မျက်စောင်းထိုးတော့ ကြင်ယာ့မျက်လုံးထဲ ပြည့်နေသည့် မျက်ရည်တွေက ပါးပြင်ပေါ် လွတ်လပ်စွာ ခုန်ဆင်းခွင့်ရသွားသည်။ ဆောင့်အောင့်ပြီး ဘုရင့်လက်ထဲ ကြင်ယာ လက်ဖဝါးထည့်ကာ အားပြုထရပ်ချိန်မှာ ဘုရင့်ရင်ထဲက ချစ်ခြင်း၊ မြတ်နိုးခြင်းတွေကြောင့် ကြင်ယာ့လက် ဖြူဖြူနုနုလေးကို



www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်လိုက်သည်နှင့် ပြန်လွှတ်ချင်စိတ်ပင် မရှိ။ ဘဝတစ်ခုလုံးကို ချစ်သူလက်ကိုဆွဲပြီး ရဲရဲရင်ဆိုင်ဖြတ်သန်းခွင့်ရလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ ကြင်ယာရယ်။ ကိုယ် မင်းကိုချစ်တယ်။

"ခြေထောက်က နာနေတယ်"

ပြောပုံက စူပုပ်ပုပ်။ ဘုရင်က ချစ်သူမျက်နှာလှလှလေးကို မြတ်နိုးစွာငုံ့ကြည့်ရင်း နူးညံ့သိမ်မွေ့စွာ နှုတ်ခမ်းပါးတွေကို ထိန်းချုပ်ရင်း…

"သွေးအေးရင် ပိုနာမှာ၊ လမ်းနည်းနည်းလျှောက်လိုက်၊ ရှေ့မှာ စမ်းချောင်းတစ်ခုနဲ့ ကျောက်ဂူတစ်ခုရှိတယ်"

"ဒီထဲကို ရှင်က ရောက်ဖူးလို့လား"

လှပသော မျက်ဝန်းကြီးတွေ ပင့်မော့ပြီး ဘုရင်ကို အားကိုးတကြီး မေးပုံက ချစ်စရာအတိ။

"အင်း"

သူခေါင်းညိတ်ပြလိုက်တာကြောင့် ကြင်ယာက ဘုရင့်မျက်နှာကို မော့ကြည့်သည်။ ဘုရင်က သူ့လက်မောင်းတစ်ခုလုံးကို အားပြုတွဲလျှောက်နေသည့် ကြင်ယာမျက်နှာလှလှလေးကို ချစ်မြတ်နိုးစွာ ငုံ့ကြည့်ရင်း…





"မင်းသတိလစ်နေတုန်း ကိုယ်ကြည့်ထားတာ"

"ကြင်ယာကို ရှင်က တစ်ယောက်တည်း ပစ်ထားခဲ့တယ်ပေါ့"

"ဩော်…ပစ်မထားလို့ မင်းကို ရင်ခွင်ထဲပွေ့သွားရအောင်ကလည်း မလွယ်ဘူးလေ၊ ဖြစ်နိုင်ရင်တော့ အတူတူသွားချင်တာပေါ့"

အဲဒီလို ပြန်ပြောတော့လည်း ကြင်ယာထံမှ ဘာစကားမှ ထွက်မလာတော့။ ထူးခြားစွာ နူးညံ့သိမ်မွေ့နေသည့် သူ့စကားသံ၊ သူ့အကြည့်တွေထဲမှာ ကြင်ယာ့ရင်ထဲ တစ်မျိုးတော့ ဖြစ်သွားသည်။

ထိုခံစားချက်က ဘယ်လိုခံစားချက်မျိုးလဲဆိုတာ ကြင်ယာတော်ကိုယ်တိုင် မသိ။ တစ်ကြိမ်တစ်ခါမှလည်း ဒီလိုဝေဒနာမျိုး မခံစားဖူး။ ရင်တစ်ခုလုံး ရှိန်းနွေးလှုပ်ခတ်လျက် အလိုလိုနေရင်း ဘုရင့်မျက်နှာကို မကြည့်ရဲတော့သလို ဘာလိုလိုဖြစ်လာ၏။ ဘုရင့်လက်ထဲက သူမလက်လေးကို ကြင်ယာ အသာရုန်းဖယ်ကြည့်တော့ သူက ပေးမလွှတ်ဘဲ ပိုပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထား၍ ကြင်ယာ ဘုရင့်မျက်နှာကို အလန့်တကြားလေး မော့ကြည့်လိုက်သည်။ ဘုရင်က ကြင်ယာကို မကြည့်။ တင်းကြပ်စွာ ဆုပ်ကိုင်ထားသည့်လက်ကိုလည်း မလွှတ်ဘဲ ခပ်တည်တည် ဆက်လျှောက်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာမှာ ရင်တဒိတ်ဒိတ်ခုန်လျက်နှင့် သူ့မလက်လေးကို ဆက်မရုန်းဖြစ်ခဲ့တာ ဘာကြောင့်လဲ။

"ဟိုမှာမြင်လား၊ တို့ရှာထားတဲ့နေရာ"

သဘာဝလှိုဏ်ဂူငယ်လေးတစ်ခုကို မြင်ရသည်။

"ဒီည ဒီမှာနားရမယ်"

ဘုရင်က သူ့အစီအစဉ်ကိုပြောတော့ ကြင်ယာ ရေငုံနှုတ်ပိတ်နေလိုက်ရသည်။ တခြား သွားစရာ၊ နားစရာလည်းမရှိ။

"လက်ကို လွှတ်တော့လေ"

"ဆောရီး"

ဘုရင်က ဘာမှမဖြစ်သည့်ပုံစံနှင့် ကြင်ယာ့လက်ကို လွှတ်ပေးသည်။ ခါတိုင်းအချိန်တွေဆို ရန်စွာမိမှာဖြစ်ပေမယ့် ဒီတစ်ခါတော့ ကြင်ယာကိုယ်တိုင် ထူးဆန်းစွာ နူးညံ့နေတာက လည်း အံ့ဩစရာဖြစ်သည်။

"ရေချိုးချင်လိုက်တာ"

"မချိုးနဲ့၊ ဒီမှာက တောရိပ်တောင်ရိပ်က စိမ့်နေတာ၊ ငှက်ဖျားတွေဘာတွေ ကြောက်ရတယ်"

ဘုရင်ပြောတာ မှန်နေသဖြင့် ကြင်ယာ နောက်ထပ်ဘာမှ ထပ်မပြောမိဘဲ ငြိမ်သွားသည်။ သစ်ကြီးဝါးကြီး အရိပ်ကြောင့်





ညနေငါးနာရီမထိုးခင် တစ်တောလုံး မှောင်လာပြီ။ ဘုရင်က နီးစပ်ရာ သံစ်ကိုင်းခြောက်တွေ သစ်တုံးတွေစုသယ်ပြီး ဂူထဲသယ်ပို့တာကို ကြင်ယာ ငြိမ်ငြိမ်လေး ကြည့်ရင်းက…

"ဘာလုပ်တာလဲ အဲဒါ"

"ညဘက် မီးဖိုဖို့လေ၊ ဒါမှ တောကောင်တို့ ခြင်တို့ မလာမှာ၊ အလင်းရောင်လည်း ရတာပေါ့"

"မီးခြစ်ပါလို့လား"

"အင်း…ဓာတ်မီးနဲ့မီးခြစ် တွဲလျက်လေး ပါလာတယ်၊ အလှဝယ်ထားတာ အသုံးဝင်သွားတာပေါ့"

ဘုရင်က အလုပ်လုပ်ရင်းပြန်ဖြေသည်။ ကြင်ယာက ခြေထော့နင်းနှင့် သူ့အနားသို့ လျှောက်လာရင်း…

"ကြင်ယာ ကင်မရာလည်း ပျောက်သွားတယ်၊ ဟို မျောက်စုတ်တွေလုပ်လို့"

ကြင်ယာက ဘုရင် မီးဖိုရာဘေးမှာ ဝင်ထိုင်လိုက်တော့ တောက တိတ်ဆိတ်စွာ အမှောင်ကို ဖိတ်ခေါ်ထားခဲ့ပြီ။ ဘုရင်က သစ်ကိုင်းခြောက်လေးတွေ အရင်စီကာ မီးရှို့ရင်း…

"အခိုးထဲက အကောင်းကို ရွေးပြောရရင် ကိုယ်တို့ နှစ်ယောက်စလုံး အသက်အန္တရာယ်မရှိတာကိုပဲ ကျေးဇူးတင်ရမယ်"



www.burmeseclassic.com

ဘုရင့်စကားကြောင့် မျောက်တွေကို အပြစ်တင်စကား ဆက်မဆိုဖြစ်တော့ဘဲ ကြင်ယာ ငြိမ်သွားသည်။ နှစ်ယောက်စလုံး ပြောစရာစကား မရှိတော့သလို ငြိမ်သွားချိန်မှာ ညက ရင့်သထက် ရင့်လာ၏။

"အား…ကျွတ်…ကျွတ်"

ကိုယ့်ရှေ့တည့်တည့်မှာ မီးဖိုထားပေမယ့် အချမ်းဓာတ် မလုံ။ ဒီကြားထဲ ကြင်ယာ့ခြေထောက်ဒဏ်ရာက ည၏အအေးဓာတ်နှင့်အတူ သိသိသာသာ နာကျင်ကိုက်ခဲလာ၏။ ဘုရင်က ကြင်ယာထံမှ နာကျင်စွာ ညည်းညူလိုက်သံနှင့်အတူ မျက်နှာလှလှလေး ငိုတော့မယောင်ဖြစ်သွားတာကို စိုက်ခနဲ ကြည့်လိုက်မိသည်။ မျက်တောင်တွေ စင်းကျကာ ပါးပြင်ပေါ် အရိပ်ထင်သည်။ ဒေါသမာန်မာနတို့ မရှိသော မျက်နှာလှလှလေးက ဘယ်လိုကြည့်ကြည့် လှနေ၏။

ကလေးဆန်ဆန် မျက်နှာမှာ ဆံပင်အလိပ်ကွေးကွေးတွေက မျက်နှာကို အနားသတ်ထားပုံကို ကြည့်ရင်း ဘုရင့်ရင်မှာ ချစ်ခြင်းတွေ ပြည့်သိပ်လာ၏။

"ခြေထောက်ဒဏ်ရာက သိပ်နာနေလား"

"နာတယ်၊ ပြီးတော့ ကိုက်လည်းကိုက်တယ်"





"ကိုယ့်ကိုပြစမ်း"

ကြင်ယာက သူမခြေထောက်လေးကို ဘုရင်မြင်သာအောင် ခြေကလေးကို ဆန့်အထုတ်…

"အမလေး…နာလိုက်တာ၊ ကျွတ်…ကျွတ်"

ညည်းညူသံအဆုံးမှာ ကြင်ယာပါးပေါ် မျက်ရည်ပေါက်တွေ ဝေါခနဲ ပြိုဆင်းသည်။

"အဟင့်…ဟင့်…ဟင့်"

"ဟိတ်…မငိုနဲ့လေ၊ ငိုတော့ ပိုဆိုးမှာပေါ့ကွ"

ဘုရင်မှာ ကိုယ်လေး သိမ့်ခနဲဖြစ်သွားအောင် ရှိုက်ငိုနေသော ချစ်ရသူ၏မျက်နှာလှလှကိုလည်း မကြည့်ရဲ။ ကြည့်လည်း မကြည့်ရက်။ ကြင်ယာတော် ခြေထောက်လေးကို ကြည့်လိုက်တော့လည်း ဒဏ်ရာအရှိန်နှင့် ရဲရဲနီယောင်ကိုင်းနေတာဆိုတော့ ထိပင်မထိရဲ။ ကြင်ယာလို နုနုနယ်နယ် မိန်းမသားမှာမှ ဒီလိုဒဏ်ရာ အနာတရ ဖြစ်ရသည်ဆိုတော့လည်း သူမဒဏ်ရာနာ၍ ငိုတာကို အပြစ်တင်၍မဖြစ်။

"တိတ်ပါ ကြင်ယာရယ်၊ မင်းငိုနေတာ ကိုယ်မကြည့်ရက်ဘူး၊ ဖြစ်နိုင်ရင် မင်းဒဏ်ရာကို ကိုယ် လွှဲပြောင်းယူလို့ရရင် လွှဲယူပါတယ်၊ မငိုနဲ့ တိတ်နော်"

www.burmeseclassic.com



ဘုရင့်လေသံက နှလုံးသားထဲက ချစ်ခြင်း၊ မြတ်နိုးခြင်းတွေမှ ပေါက်ဖွားလာ၍ ချစ်မေတ္တာတို့ ပြည့်လျှမ်းနေရုံမက အကြည့်တွေမှာလည်း ချစ်ခြင်း၊ မြတ်နိုးခြင်းတွေက ဖုံးမရ ဖိမရ။

"ကြင်ယာ"

"ဟင်"

"တိတ်နော်"

တစ်ယောက်မျက်နှာ တစ်ယောက် အကြာကြီး ငေးစိုက်ကြည့်နေခိုက်မှာ ဘုရင်က ကြင်ယာ့ပါးပြင်ပေါ်က မျက်ရည်တွေကို ညင်သာစွာ ဖယ်ရှားပေးလိုက်သည်။

◆ ◆ ◆



## အခန်း (၂၆)

"အင်း…ဟင်း…ဟင်း"

သဲ့သဲ့ညည်းညူသံကို ကြားစက ဘုရင်မှာ အိပ်မက်လိုလို ဘာလိုလို။ နောက်မှ သေချာသတိထားမိတော့ နှစ်ခြိုက်စွာ အိပ်နေရာက ဖျတ်ခနဲ လန့်နိုးလာသူက ဘုရင်။

"ကြင်ယာတော်"

"အင်…ဟင်း"

ညည်းသံနှင့်အတူ မီးပုံဘေးရှိ သူ့နားမှာ တိုးဝှေ့ရောက်ရှိနေသည့် ကြင်ယာ့ကိုယ်လေးက ကျစ်ကျစ်တောက်ပူနွေးလျက်။ နှုတ်ကလည်း တအင်းအင်း ညည်းညူနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…တစ်ကိုယ်လုံး ကျစ်ကျစ်တောက်ပူပြီး ဖျားနေပါလား"

ကြင်ယာ့ကိုယ်ပေါ် မအိပ်ခင်က လွှမ်းခြုံပေးထားသော ဘုရင့် ဂျာကင်အင်္ကျီလေးက သူမဘေးမှာ ပုံကျလျက်။ လက်ကလေးနှစ်ဖက်ကို ခပ်တင်းတင်းပိုက်ရင်း ကြင်ယာတော်ခမျာ မျက်စိမှိတ်လျက် တအင်းအင်း ညည်းနေခြင်းဖြစ်သည်။ ဘုရင့်ရင်ထဲ စိုးရိမ်စိတ်ဖြင့် ထိတ်ခနဲ ပူလောင်သွားကာ ကြင်ယာတော်ဘေးမှာ ကျနေသည့် ဂျာကင်ကို သူမကိုယ်ပေါ် ပြန်လွှမ်းခြုံပေးလိုက်ပြီး ငြိမ်းစပြုနေပြီဖြစ်သော မီးကို တစ်ခါထပ်မွှေးရသည်။ မီးအပူရှိန် အနွေးဓာတ်ကြောင့် သူမက ပြန်အိပ်ပျော်ချိန်မှာ ဘုရင်သူမနား ပြန်ရောက်သွားသည်။

တွေ့စအချိန်ထဲက ကြည့်မရအောင် မုန်းလာသည့် ကြင်ယာတော်ကို အခုတော့လည်း ဘယ်သူမှ လိုက်လို့မမီသော အချစ်တွေ မြတ်မြတ်နိုးနိုး ချစ်ခဲ့မိသော သူ့အဖြစ်ကို သူလည်း အံ့သြမယုံနိုင် ဖြစ်မိသည်။

"အင်း"





ကြင်ယာထံမှ ညည်းသံကြောင့် ဘုရင့်စိတ်တွေက ဖြစ်ခဲ့ပြီးသမျှ ပြန်တွေးနေရာမှ ပစ္စုပ္ပန်ဆီ ပြန်ရောက်သည်။ ချစ်မိပြီ ကြင်ယာတော်ရယ်။ မင်းမျက်နှာလှလှလေးကို တခြားသူ တစ်ယောက်က စေ့စေ့ကြည့်လာမှာကိုတောင် ကိုယ့်နှလုံးသားက မခံနိုင်ဘူးဆိုရင် မင်း ယုံပါ့မလား။

"အင်း…ဟင်း ချမ်းတယ်"

"အင်း…ဟင်း"

ပထမဆုံး လှုပ်ရှားမှုနဲ့အတူ နံနက်ခင်း၏ အလင်းရောင်ကို သတိပြုမိသူက ဘုရင်။

"မိုးတောင်လင်းနေပြီပဲ"

သူ့ရင်ခွင်ထဲက ကြင်ယာတော်ကို ငုံ့ကြည့်လိုက်တော့ အဖျားက မကျ။ နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ။ သူ သက်ပြင်းတစ်ချက်ရှိုက်ပြီး ကြင်ယာတော်ကိုယ်လေးကို သူ့ရင်ခွင်ထဲက အသာဖယ်ထုတ်၍ ပတ်ဝန်းကျင်ကို အကဲခတ်သည်။ ဝင်းပသောနေခြည်၊ စိမ်းမြန့်နုံးစိုသော ပတ်ဝန်းကျင်မှာ ကျေးငှက်အော်မြည်သံမှတစ်ပါး တခြားလူရိပ်လူယောင်ပင် ရှာမရ။ ချောင်းစပ်ကိုဆင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်ပြီးချိန်မှာ ဟိုးအဝေးဆီက စကားပြောသံသဲ့သဲ့ကို ကြားရ၍ ဘုရင် ဝမ်းသာသွားသည်။ အကူအညီရဖို့ အရေးကြီးသည်။ ကြင်ယာမှာ ဒဏ်ရာရော၊ အဖျားရော၊ တောထဲမှာ ကြာရှည်နေလို့မဖြစ်။ အခုချိန်လောက်ဆို သူတို့ပျောက်လို့ အားလုံးလည်း စိတ်ပူနေလောက်ပြီ။ ဘုရင်က ယောကျ်ားလေးဖြစ်နေ၍ ထားဦး။ ကြင်ယာတော်က မိန်းကလေးဆိုတော့ သူ့အန်တီအပျိုကြီး ဧွေ့ဧွေ့ ခုန်နေမှာကို မတွေးဘဲ သိသည်။

"ညက မီးရောင်မြင်တာ ဒီဘက်ကကွ"

"ဟော…ဟိုမှာ"

ဘုရင်တို့နားကို ရောက်လာသူက နှစ်ယောက်။ ပုံစံတွေမြင်တာနှင့် မုဆိုးတွေမှန်း သိသာသည်။

"ကျွန်တော်တို့ တောထဲမှာ မျက်စိလည်ပြီး မပြန်တတ်တော့လို့၊ ဦးတို့ ကူညီနိုင်ရင် ကူညီပေးပါဗျာ၊ ပြီးတော့ ကျွန်တော့်အဖော်က ခြေထောက်မှာ ဒဏ်ရာရပြီး ဖျားနေတယ်"

လူကြီးနှစ်ယောက်က ဘုရင်ကိုတစ်လှည့်၊ ဂူဝနားမှာ ခွေခွေလေး လဲနေသည့် ကြင်ယာတော်ကိုတစ်လှည့် ကြည့်သည်။





"လူနာကိုတော့ ကျုပ်တို့မှာပါတဲ့ ခြုံစောင်ကို ပုခက်လုပ်ပြီး ထမ်းခဲ့ရမှဖြစ်မယ်"

"ကျုပ်တို့နဲ့အတူ ရွာကိုလိုက်ခဲ့၊ ကားလမ်းဆီသွားမယ့်လမ်း ညွှန်ပေးမယ်"

"ကျေးဇူးတင်ပါတယ် ဦးရယ်၊ ဦးတို့ကျေးဇူးကို မမေ့ပါဘူး"

"ရပါတယ်ကွာ၊ လူသားအချင်းချင်း ဒုက္ခရောက်နေချိန်မှာ ကူညီရမှာပေါ့"

လူကြီးနှစ်ယောက်က ဘုရင့်မျက်စိရှေ့နားမှာပင် သူတို့မှာပါလာသော ခြုံစောင်ကို ပုခက်လုပ်လိုက်ပုံက ကျွမ်းကျင်လျင်မြန်သည်။

"ကဲ…မင်းအဖော်ကို ဒီပုခက်ထဲထည့်လိုက်၊ တို့ပဲ ထမ်းခဲ့မယ်"

"မဟုတ်တာ ဦးရယ်၊ ကျွန်တော်ပဲ ထမ်းပါ့မယ်ဗျာ"

"လုပ်စမ်းပါကွာ၊ မင်းဘေးက လိုက်ခဲ့၊ ဒါမှ ခရီးမြန်မြန်တွင်မှာ"

ဘုရင် ဘာမှပြန်မပြောနိုင်တော့။ သူတို့ပြောသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာ့ကိုယ်လေးကို ပွေ့ပြီး စောင်ပုခက်ထဲ ထည့်လိုက်သည်။ သိပ်မကြာလိုက် တောလမ်းခရီးအတိုင်း အဖော်နှစ်ယောက်နှင့်အတူ သူတို့ဦးဆောင်ရာသို့ ဘုရင်နှင့် ကြင်ယာတို့ လိုက်ပါသွားကြသည်။

◆ ◆ ◆



## အခန်း (၂၇)

တစိမ့်စိမ့်ရွာနေသော မိုးကိုကြည့်ပြီး မကြာခဏ သက်ပြင်းကျိတ်ချနေမိသူက ဘုရင်။ ကူညီသူက ကူညီသည်ဆိုပေမယ့် လမ်းခရီးမှာ ဖြန်းဒိုင်းမိုးရွာချတော့ ခရီးကမတွင်။ ရှေ့ဆက်၍ မဖြစ်သည့်အတူ ဘုရင်တို့ကို ကူညီသည့် မုဆိုးနှစ်ယောက်နှင့်အတူ စခန်းတစ်ခုမှာ ရပ်နားမိုးခိုရသည်။

ဒီကြားထဲ ကြင်ယာတော်က လုံးဝအဖျားမကျ။ အနီးအနားက ရှာဖွေ၍ရသမျှ ဆေးရွက်ဆေးမြစ်တွေ ထုထောင်းပြီး ဦးဖဲထီးဆိုသည့် မုဆိုးကြီးက လူမမာကို တိုက်နိုင်းသည်။ ဆေးအရသာက ဆိုးသဖြင့် ကြင်ယာတော်က မသောက်။ ချော့မော့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖွတ်တိုက်တော့ ဖိတ်တစ်ဝက် စင်တစ်ဝက်။ ဘုရင်မှာ တစ်ချိန်လုံး ကြင်ယာတော် မျက်နှာလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်ရင်း ပါးလေးတွေစမ်းလိုက်၊ နဖူးလေးတွေ စမ်းလိုက်နှင့် တစ်ယောက်တည်း ဗျာများပြီး ရင်တွေပူနေသည်။

"ဘုရင်"

"ဟင်…ဘာလဲ ကြင်ယာ၊ ကိုယ်ဘာလုပ်ပေးရမလဲ"

အဖျားရှိန်ဖြင့် ရဲနီနေသည့် မျက်နှာလေးကို ချစ်ခြင်း၊ မြတ်နိုးခြင်းတွေနှင့် စူးစိုက်ကြည့်ရင်း အနူးညံ့၊ အသိမ်မွေ့ဆုံး အကြည့်၊ အပြုံးတွေနှင့် ကြင်ယာတော်လက်လေးတစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထား၍ ကြင်ယာတော်က မရုန်းသလို သူမကိုယ်တိုင် ဘုရင့်လက်ကိုပဲ အားကိုးတကြီး ဆုပ်ကိုင်ထားသည့် အဖြစ်ပါ။

"ကြင်ယာနားမှာပဲနေနော်၊ တခြား ဘယ်ကိုမှ ထွက်မသွားပါနဲ့"

"စိတ်ချပါ ကြင်ယာရယ်၊ ကြင်ယာ့နားက ကိုယ် ဘယ်မှ မသွားဘူးနော်၊ ကြင်ယာနားမှာ ကိုယ် အမြဲရှိနေမယ် ဟုတ်လား"

"ကျေးဇူးတင်ပါတယ်"





"ကြင်ယာရယ်"

အဖျားသက်သာချိန်မှာ ကြင်ယာတော်က သူမမှာချင်တာ ဘုရင့်ကိုမှာပြီး သိပ်မကြာခင်မှာပဲ တအင်းအင်းနှင့် အဖျားက ပြန်တက်သွား၍ ကြင်ယာကိုယ်လေးကို စိတ်ထိခိုက်စွာ သူ့ရင်ခွင်မှာ တင်းကြပ်စွာ ပွေ့ဖက်ထားမိသူက ဘုရင်။

အခုဆိုရင် တောထဲတစ်နေရာမှာ သူတို့ရောက်နေတာ သုံးရက်ရှိပြီ။ ညှိမှောင်နေသော ပတ်ဝန်းကျင်မှာ မိုးကမစဲ။ တသဲသဲ ရွာနေသည့် အဖြစ်ကြောင့် ဖျားနေသူကို မိုးရေထဲ အရဲစွန့်ခေါ်သွားနိုင်လောက်အောင် သတ္တိမရှိပါ။ မိုးရေထိ၍ မဖြစ်သည့်အတူ မိုးလုံရာမှာ နားခိုရင်း မုဆိုးတွေနှင့် အချိန်ကုန်နေရတာကိုပဲ ဘုရင့်ဘဝမှာ အဆိုးရွားဆုံး အရှည်ကြာဆုံး အချိန်များဟု ထင်မိသည်အထိ ကြင်ယာအတွက် စိုးရိမ်သောကတွေက ပြင်းထန်ပူလောင်မှုတွေနှင့် ပြည့်သိပ်နေ၏။

ကျေးဇူးပြုပြီး မိုးရွာနေတာ ခဏလောက်ရပ်ပေးပါလား မိုးမင်းကြီးရယ်။

ကျွန်တော့်ချစ်သူလေးကို ဆေးရုံကို အချိန်မီ ပို့ခွင့်ရချင်လို့ပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာအပေါ် ချစ်ခြင်း၊ မြတ်နိုးခြင်းများစွာဖြင့် အရိပ်တကြည့်ကြည့်။

“ဘုရင်”

“ဟင်”

“အခုချိန် ကြင်ယာ တစ်ခုခုဖြစ်သွားရင် ရှင်ကတော့ ဝမ်းသာမှာပဲနော်”

တိုးတိတ်အက်ကွဲသော ကြင်ယာ့အသံလေးကို နားထောင်ပြီး ဘုရင့်ရင်ထဲ နင့်ခနဲဖြစ်သွား၏။ တစ်ချိန်လုံး တစ်ယောက်နှင့်တစ်ယောက် မတည့်၊ အမြဲရန်လိုနေတာကို သူမ ရည်စူးပြောနေမှန်းသိ၍ ဘုရင့်နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသည်။

“ဘာဖြစ်လို့ ကိုယ်က ဝမ်းသာရမှာလဲ ကြင်ယာ၊ ကိုယ့်နှလုံးသားထဲမှာ အခု ဘာတွေဘယ်လိုဖြစ်နေလဲဆိုတာ ကြင်ယာသိလို့လား”

“သိတယ်”

“သိရင်ပြောပါဦး၊ အခု ကိုယ့်ရင်ထဲမှာ ဘာဖြစ်နေလဲ”

“မုန်းနေတယ်”

“ဘယ်သူ့ကိုလဲ”





“ကြင်ယာဆိုတဲ့ ကိုယ့်ကိုလေ”

တိုးသဲ့စွာပြောရင်း နာကျင်စွာ ပြုံးလိုက်သည့် ကြင်ယာအပြုံး၏ အဓိပ္ပာယ်ကို ဘုရင် နားလည်သည်။ ကြင်ယာစိတ်ထဲမှာ ဘုရင်ဆိုတာ ဟိုတုန်းကလို သူမကို ကြည့်မရအောင် မုန်းနေသူအဖြစ် မြင်နေတုန်းဆိုတာ သူသိသည်။

“ဘယ်လိုလဲ…ကြင်ယာပြောတာ မှန်နေလို့ ရှင်ဘာမှ မဖြေနိုင်တော့ဘူး မဟုတ်လား”

“ဖြေနိုင်ပါတယ်၊ ဒါပေမဲ့ ကြင်ယာထင်နေတာနဲ့ ဆန့်ကျင်ဘက် အဖြေမျိုးဆိုရင် ကြင်ယာ ကိုယ့်ကို စိတ်ဆိုးမလား”

ကြင်ယာတော်ထံမှ ဘာသံမှ ထွက်မလာဘဲ မျက်ဝန်းလေးမှိတ်ပြီး တိတ်ဆိတ်ငြိမ်သက်နေသဖြင့် လှပသော ချစ်သူမျက်နှာလေးကို သူစိုက်ကြည့်လိုက်သည်။

“ကြင်ယာ”

ချစ်သူအမည်ကို သူ ခပ်တိုးတိုးခေါ်ကြည့်သည်။ ကြင်ယာက မထူး။ ငြိမ်နေမြဲ။

“ကြင်ယာ…ကြင်ယာတော်”

ဘုရင့်ရင်ထဲ ထိတ်ခနဲ စိုးရိမ်ပူပန်သွားကာ ကြင်ယာ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို အသာဆွဲလှုပ်လိုက်တော့ ကြင်ယာ့ကိုယ်လေးက ဘုရင့်လက်ထဲမှာ ပျော့ခွေပါလာ၏။

"ကြင်ယာ"

ချစ်သူအမည်ကို သူ အကျယ်ကြီး အော်ပစ်လိုက်သည်။ သူစိုးရိမ်သည့်အတိုင်း ကြင်ယာတော်က အဖျားကြီးပြီး သတိလစ်သွားလေပြီ။ ဘုရင် ဘာမှမလုပ်တတ်။

"ကယ်ကြပါဦးဗျာ၊ လုပ်ကြပါဦး၊ ဒီမှာ ကျွန်တော့်ချစ်သူကို ခေါ်လို့မရတော့ဘူး၊ သူသတိလစ်သွားပြီ"

"ကြင်ယာ···ကြင်ယာ"

ရင်ကွဲမတတ် ဟစ်အော်လိုက်သည့် ဘုရင့်အသံကို မိုးရေစက်တို့ကို ထိုးဖောက်၍ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို ရိုက်ခတ်သွားသည်။

"မငိုပါနဲ့ ကောင်လေးရာ၊ မင်းချစ်သူ ဘာမှမဖြစ်ပါဘူးကွ၊ အဖျားကြီး သတိလစ်သွားတာဆိုတော့ မကြာခင် ပြန်ကောင်းလာမှာပါ"

"ဟုတ်ပါတယ်ကွ၊ မိုးတိတ်တာနဲ့ ဒီက ငါတို့သွားကြမယ်၊ အိုကွာ···မိုးရွာလည်း မင်းကောင်မလေး ဘာမှမဖြစ်စေရဘူး၊





ဆရာဝန်ရှိတဲ့နေရာအရောက် ငါတို့ပို့ပေးပါ့မယ်"

"ရော့···ဒီဆေးကို မင်းကောင်မလေးကို ဝင်အောင်ရအောင်တိုက်၊ ဒီဆေးပင်က တကယ်အစွမ်းထက်တယ်၊ မင်းတို့အတွက် ငါ အဝေးကြီးကို သွားရှာထားတာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ချစ်သူ အသက်ကို အမြန်ဆုံး ကယ်ပေးကြပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

ကိုယ်တိုင် မျက်ရည်ကျနေသည့်အဖြစ်ကို မသိသလို သတိလည်းမထားမိ။ ရင်ထဲမှာ ပူပင်ခြင်းတွေ လောင်မြိုက်လျက် ကြင်ယာ့ကိုယ်လေးကို တင်းကြပ်စွာ ပွေ့ဖက်ထားမိသူက ဘုရင်။

"အေးပါကွာ···မင်းကိုသနားလို့ ငါတို့လည်း အစွမ်းကုန်ကူညီနေတာပဲ၊ မိုးလည်း တိတ်သွားပြီဆိုတော့ ဒီနေရာက အခုပဲ သွားကြမယ်"

စေတနာမေတ္တာ အပြည့်အဝဖြင့် ကူညီသူများကြောင့် ကြင်ယာတော်ကို ဆရာဝန်ရှိသည့် ရွာလေးသို့ အချိန်မှီခေါ်လာနိုင်ခဲ့၍ အများကြီး ကံကောင်းသွားသည်။

"တော်သေးတယ်ဗျာ၊ လူနာက အချိန်မှီ ရောက်လာလို့၊ အခုချိန်ကစပြီး လူနာအခြေအနေက မစိုးရိမ်ရတော့ပါဘူး၊ ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ သိပ်ပင်ပန်းနေပြီ၊ အနားယူလိုက်ပါဦးဗျာ''

ဆရာဝန်က တစ်ချိန်လုံး ကြင်ယာတော်မျက်နှာလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသော ဘုရင့်အဖြစ်ကို စာနာစွာ အနားယူခိုင်းနေပေမယ့် ဘုရင်မှာ ကြင်ယာ သတိမရမချင်း စိတ်ချ လက်ချ အနားမယူနိုင်။

ကြင်ယာ လက်တစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလျက် သူမနားက တစ်ဖဝါးမှမခွာ။ ဘာကိုမှလည်း ဟုတ်တိပတ်တိမစား။ ကြင်ယာ့အနားမှာပဲ ခုတင်ပေါ်ခေါင်းတင်ပြီး မေ့ခနဲ အိပ်ပျော်သွားတာကို နောက်ဆုံးမှတ်မိလိုက်၏။

ဘုရင်က ကြင်ယာတော်အတွက် စိတ်မချနိုင်အောင် စိုးရိမ်ကြီးနေသည့် အဖြစ်ကို ကြင်ယာက မသိ။ ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာကမှ ညင်သာစွာ နိုးထလာသူက ကြင်ယာ။ အဖျားက သိသာစွာ ကျသွားသဖြင့် လူက ပေါ့ပါးနေ၏။

မျက်ဝန်းများကို ဖျတ်ခနဲ အဖွင့်မှာ သူမလက်တစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လျက် ခုတင်စွန်းမှာ ဖြစ်သလိုအိပ်နေသော ဘုရင့်မျက်နှာကို ငေးခနဲ ကြည့်ဖြစ်သွားသည်။ ဘယ်အချိန်ထဲက ကြင်ယာတော်နားမှာ ဒီလိုပုံစံနဲ့ သူရှိနေခဲ့တာလဲ။





သေချာတာကတော့ တောထဲမှာ ကြင်ယာတို့နှစ်ယောက် အတူကျွန်ရစ်ထဲက ဘုရင်ဘက်က အပြောအဆို၊ အပြုအမူ၊ အနေအထိုင်တွေပါ ပြောင်းလွဲသွားသလို ထင်မိသည်။ ဒါမှမဟုတ် ဒုက္ခရောက်နေသည့် အချိန်မို့ သူ့စိတ်သူ လျှော့ထားတာလည်း ဖြစ်နိုင်သည်။

ဘုရင်…ရှင်နဲ့ ကြင်ယာ ဘယ်တုန်းကမှ တည့်ကြတဲ့ လူတွေမှ မဟုတ်ပဲနော်။ ဒါကို ကြင်ယာ ဘယ်တော့မှ မမေ့ဘူး။ ကြင်ယာတော်ဆိုတဲ့ မိန်းမက ရှင့်အတွက် မုန်းစရာ။ အထင်အမြင်သေးစရာ။ ဒေါသဖြစ်စရာ အကောင်းဆုံးလူဖြစ်ခဲ့တာ ကြင်ယာ မသိဘူးထင်လို့လား။

ကြင်ယာ့အပေါ်ထားတဲ့ ရှင့်သဘောထား၊ ရှင့်အမြင်အတွေးတွေကို ကြင်ယာ သိတယ်။ နားလည်ခံစားနေတယ်ဆိုတာ ရှင် သိရင်။ အတွေးနှင့် ကြင်ယာမျက်ဝန်းထဲမှာ မမမာန်မျက်နှာကို ဖျတ်ခနဲ မြေးမြင်လိုက်သည်။ ဘုရင် အထင်ကြီးလေးစားတဲ့ မိန်းမက တစ်ယောက်တည်းရှိသည်။ ထိုတစ်ယောက်က ဘုရင် လိုချင်၊ ဖြစ်ချင်သည့် စံနှုန်းတွေနှင့် ပြည့်နေသည့် မမမာန်။

အတွေးနှင့် ကြင်ယာ့ရင်ထဲ နင့်ခနဲဖြစ်သွားကာ သူမလက်



www.burmeseclassic.com

www.burmeseclassic.com



ကို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ဘုရင့်လက်ထဲက သူမလက်လေးကို အညင်သာဆုံး ဖယ်ရှားထုတ်ယူလိုက်သည်။

ဘုရင်က နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ။

ကြင်ယာကို အခုလို ဂရုစိုက်ဖော်ရတဲ့အတွက် ရှင့်ကို ကျေးဇူးတင်နေမှာပါ ဘုရင်။ ရှင့်လို လူတစ်ယောက်ဆီက ဒါထက်ပိုပြီး ဘာမှမရနိုင်ဘူးဆိုတာ သိထားပြီးပြီဆိုမှတော့။ ထူးဆန်းစွာ ကြင်ယာ့ပါးပြင်ပေါ် မျက်ရည်ဥတွေ လိမ့်ဆင်းလျောကျလာ၏။

◆ ◆ ◆

ဝိုး:ဝိုး:၀၁၄၀

## အခန်း (၂၈)

"ဘာပြောတယ် ကြင်ယာ၊ ညည်း ခုနကပြောတဲ့စကားကို ငါ့ကို ပြန်ပြောစမ်း"

အန်တီလေးထံမှ မကျေမနပ် ဒေါသဖြင့် မချိမဆန့် ပေါက်ကွဲထွက်လာသည့် အသံက တစ်တိုက်လုံး ဟိန်းသွားသည်။ ဘုရင်နှင့်ကြင်ယာ နှစ်ယောက်တည်း တောထဲတောင်ထဲမှာ ဖျားနာပြီး အိမ်ကို ပြန်မရောက်။ ဒီကြားထဲ ဘာအဆက်အသွယ်မှ မလုပ်ဘဲ ပျောက်သွားတာက တစ်ပတ်တိတိ။

ယောက်ျားပျိုလေးနှင့် မိန်းမပျိုလေးနှစ်ယောက် အတူပျောက်သွားတယ်ဆိုထဲက အဖြေက ရှင်းနေပြီးသား။ ပတ်ဝန်းကျင်မှာလည်း ဒီသတင်းစကားတွေက ဖုံးမရ ဖိမရ ပျံ့ချင်တိုင်းပျံ့နေခဲ့

ဝိုး:ဝိုး:၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



တာကို သားရှင်ဘက်က တာဝန်ယူပါရစေ။ ခွင့်လွှတ်ပါ။ ဘာညာနဲ့ အန်တီလေးကို လာတောင်းပန် ပြောဆိုထားခဲ့ပြီးသား။

အန်တီလေးကိုယ်တိုင်ကလည်း ပေါက်တဲ့နဖူး မထူးတော့သည့်အတူတူဆိုပြီး လက်ခံခေါင်းညိတ်ပြီးမှ အကြောင်းမကြားဘာမကြား တူမတစ်ယောက်တည်း ပေရေစုတ်ပြတ်နေသည့် ဒုက္ခသည်ပုံစံနှင့် အိမ်ကိုပြန်ရောက်ချလာသည်။

ဒါကလည်း ထားဦး။ ဖြည့်စွက်ခွင့်လွှတ်ကြည့်လို့ ရသေးသည်။ အခုပြောပုံက ကြည့်။ ဘုရင်နှင့်သူမ ဘာမှမဖြစ်ကြပါ။ ဘာမှမပတ်သက်ကြပါဟု ဆိုလာတော့ ဘယ်လိုမှ ငြိမ်ထိုင်မနေနိုင်တော့။ ကြင်ယာတော်ကို ကြည့်ပြီး တစ်ကိုယ်လုံး ဟိန်းအောင်အော်ပစ်လိုက်သည်။

"စိတ်ညစ်လိုက်တာ အန်တီလေးရယ်"

"ကြင်ယာ တကယ်ပြောတာ၊ သူနဲ့ကြင်ယာ"

"တော်…ညည်းပါးစပ်ကို ဒီနေရာမှာ ပိတ်လိုက်ကြင်ယာ၊ ယောက်ျားပျိုလေးတစ်ယောက်နဲ့ သမီးပျိုလေးတစ်ယောက်အတူတူပျောက်သွား အတူတူပြန်ရောက်လာ၊ အတူတူရှိနေကြပြီးမှ ညည်းက ဘာမှမဖြစ်ပါဘူးဆိုတော့ ဘယ်သူတွေကို လိုက်ရှင်းပြမှာတုန်း"





ဒါကိုတော့ ကြင်ယာ မဖြေတတ်။ အားလုံးက ကြင်ယာနှင့်ဘုရင်ကို အထင်လွဲနေကြသည်။ ဘုရင်က ကြင်ယာကို ခိုးပြေးသွားပြီဟု နာမည်ကြီးနေမှတော့ အန်တီလေး ဒေါသဖြစ်တာ မဆန်း။ အခုချိန်ဆို ဘုရင်လည်း သူ့မိသားစုပြန်ပြော၍ သူနဲ့ကြင်ယာသတင်းကို သိလောက်ပြီထင်သည်။

"ကောင်လေးအမေကိုယ်တိုင်က သူတို့သားလေးအဖြစ်ကို ခွင့်လွှတ်ပါ၊ မင်္ဂလာကိစ္စကို သမီးရှင်ပြောတဲ့အတိုင်းဖြစ်အောင်လုပ်ပေးပါ့မယ်လို့ ပြောပြီးသား၊ ညည်းမိဘတွေကိုလည်း အကြောင်းကြားပြီးပြီ"

"ဒါဆို ကြင်ယာက ဘုရင့်ကို လက်ထပ်ရတော့မှာပေါ့ဟုတ်လား"

"လက်မထပ်လို့ ညည်းက ဘာလုပ်ချင်သေးလို့တုန်း၊ ယောကျ်ားနောက် လိုက်ပြေးပြီးသား မိန်းမတစ်ယောက်အဖြစ်တစ်သက်လုံး ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ဘဲ နေပြချင်သေးလို့လား"

"ဒါပေမဲ့"

"ဒါပေမဲ့မနေနဲ့ ကြင်ယာတော်၊ ညည်းမရှက်ချင်နေ၊ ငါတို့က အသက်နဲ့လူလုပ်တာ မဟုတ်ဘူး၊ အရှက်နဲ့လူလုပ်တာ၊ ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ထပ်ရမယ်၊ ဒါပဲ"

"တူ…တူ…တူ"

"ဟဲလို"

ကြင်ယာ ဘာမှမပြောနိုင်ခင် ဖုန်းမြည်လာ၍ အန်တီလေးက ဖုန်းတူးရင်း မကျေမချမ်း မျက်နှာနှင့် ကြင်ယာကို လှမ်းကြည့်သည်။

"ဟုတ်ပါတယ် ကြင်ယာ့အဒေါ်ပါ၊ ဟုတ်ပြီ ပြော ညီမ၊ ဒါတော့ ညီမတို့ပဲ စဉ်းစားကြည့်ပေါ့ကွယ်၊ ကိုယ့်မှာလည်း သမီးရှိတာပဲ၊ ကိုယ့်သမီးဆိုရင် ဘယ်လိုနေမလဲ"

တစ်ဖက်က ပြောသံကို မကြားရပေမယ့် စကားအသွားအလာကို ကြည့်၍ ဘုရင့်မေမေမှန်း သိလိုက်သည်။ အန်တီလေးဘက်က ခပ်တင်းတင်း ခပ်မာမာ။ လေသံကို နည်းနည်းမှ မလျှော့။ ကြင်ယာမှာသာ ဘုရင်နှင့် ဘာမဆိုင်ညာမဆိုင် ဖြစ်လာရသည့်ကိစ္စအတွက် ခေါင်းတွေထူပူပြီး စိတ်လှုပ်ရှား စိတ်ညစ်နေမိသည်။ သူမတို့ကိစ္စကို ဒီလိုဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။

အိမ်ထောင်တစ်ခုကိုလည်း ဒီလိုပုံစံမျိုးနှင့် ဖြစ်သလို မတည်ထောင်ချင်။

ဖြစ်လာသည့် အခြေအနေတွေအရ ဘုရင်နှင့် မဖြစ်မနေ

ဝိုး:ဝိုး:၈၁၆၀



လက်ထပ်ဖို့ သဘောတူရမည်ဆိုလျှင်တောင် ချစ်သူတွေမဟုတ်ကြသည့် ရှန်သူတော်အချင်းချင်း တစ်မိုးအောက်မှာ နှစ်ယောက်အတူနေဖို့ဆိုတာ။

ကျစ်…ဘယ်လိုမှ မဖြစ်နိုင်တာကြီးကိုမှ။

◆ ◆ ◆

ဝိုး:ဝိုး:၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ကဲ···အခု ဘယ်လိုလုပ်ကြမှာလဲ ပြောဦး"

ကြင်ယာက ပြောဦးဆိုပေမယ့် ဘုရင့်မှာ ပြောစရာစကား မရှိ။

ဆင်ဝင်အမြင့်ကြီးနှင့် အနီရောင်အုတ်များနှင့် အဖြူရောင် ပြတင်းပေါက်များ။ စတီးရောင်ထနေသည့် လခြမ်းပုံ ဝရန်တာနှင့် တစ်ခြံလုံးနီးပါး စိမ်းစိုနေသော မြက်ခင်းပြင်တွေ၊ အသည်းပုံ ပြာလဲ့ နေသည့် ရေကူးကန်တွေနှင့် တခမ်းတနားဖြစ်နေသော ကြင်ယာ တော် အိမ်ကြီးရဲ့ အလှမှာ မှောပါသွားသည်။ ကြင်ယာတော်ကို ချမ်းသာမှန်းတော့ သိသည်။ ထိုမျှအထိ ခန့်ညားထည်ဝါခြင်းတွေ





ရှိနေမည်လို့ ထင်မထားခဲ့။

"ဒီမှာ ကြင်ယာ ပြောနေတာကို ကြားရဲ့လား၊ အခုကိစ္စ က ကလေးကစားစရာမဟုတ်ဘူးနော်၊ ကြင်ယာကတော့ အပြတ် ပြောပြီးသား၊ ရှင့်ကို လုံးဝမယူနိုင်ဘူး"

အိမ်ကြီးထဲမှာ လူကြီးတွေ မင်္ဂလာစကား ပြောနေကြ သည့်အချိန် ဘုရင်နှင့်ကြင်ယာက အပြင်မှာ လက်မထပ်ဖို့ကိစ္စ တိုင်ပင်ပြောဆိုနေကြသည်။ ဘုရင်က ကြင်ယာပြောသမျှ နှုတ်ဆိတ် လျက် စိတ်ဆိုးဒေါသဖြစ်နေသော မျက်နှာလှလှလေးကို ချစ်မြတ်နိုး စွာ ရူးစိုက်ကြည့်လျက် ခေါင်းမညိတ်၊ ခေါင်းမခါ။

ကျောက်ရုပ်ကြီးလို ငုတ်တုတ်ထိုင်နေပုံကိုပဲ ကြင်ယာက စိတ်မရှည်။ ဒေါသပိုဖြစ်နေ၏။ ဒါကြောင့်လည်း သူမဘက်က သဘောထားကို ဘုရင်သိအောင် ကြေညာခြင်းဖြစ်သည်။

ကြင်ယာ နားလည်ထားတာက ဘုရင်မှာ မမမာန်ရှိသည်။ သူများချစ်ခြင်းကို မခွဲချင်သလို ကိုယ့်ကို မချစ်မနှစ်သက်သူရဲ့ မျက်နှာကို တစ်မိုးအောက်မှာ အလဲထူနေပြီး တစိမ့်စိမ့်ကြည့်နေဖို့ စိတ်မဝင်စား။

"ကြင်ယာ ပြောချင်တာ ဒါပဲလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က ဂျစ်ကန်ကန်မျက်နှာနှင့် စိတ်ရှုပ်ထွေးနေသော ကြင်ယာ့မျက်နှာလေးကို တစ်ချက် စူးစိုက်ကြည့်ပြီး သက်ပြင်းချသည်။

"ကိုယ်ကတော့ ကြင်ယာကို လက်ထပ်ရမှာပဲ"

"ဘာ"

"ဟုတ်တယ်လေ၊ တော်ကြာ ပတ်ဝန်းကျင်မှာ မိန်းကလေးတစ်ယောက်ကို နိုးပြေးပြီးမှ ကျောရှုံ့ကြီးပြီး လက်မထပ်တဲ့နေတဲ့ ယောကျ်ားမျိုး ကိုယ်အပြောမခံနိုင်ဘူး"

"အံ့မယ်...ဘယ်သူကရော ယောကျ်ားတစ်ယောက်ရဲ့ အကျောကို ခံမှာလဲ"

"ဒါဆို လက်ထပ်ပေါ့၊ ဒါမှ နှစ်ယောက်စလုံး အပြောအဆိုလွတ်မှာ၊ အခုအခြေအနေကို ကြင်ယာလည်း သိတာပဲ၊ ကိုယ်တို့ဘက်မှာ ရှင်းပြစရာ လက်ဆုပ်လက်ကိုင် ဘာမှမရှိဘူး၊ နောက်ဆုံး ပြောရရင် ယောကျ်ားဖြစ်တဲ့ ကိုယ့်ကို ဘာပြောပြော ဂရုမစိုက်ဘဲ နေလို့ရတယ်၊ မိန်းကလေးဘက်ကကြတော့ တစ်ဘဝစာလုံး နစ်နာသွားပြီ"

"ဒါကို စဉ်းစားမိရဲ့လား၊ ကိုယ့်မှာလည်း ညီမလေးရှိတယ်၊ တစ်ခုပဲ ပြောချင်တယ်၊ ဘာကိုမှ စိတ်လိုက်မာန်ပါ မဆုံး





ဖြတ်နဲ့၊ လူကြီးတွေစကားကို နားထောင်လိုက်ပါ"

လေပြေအေးလေးနှင့် သူ့ဘက်က ဆိုလာတော့ ကြင်ယာဘက်က အချိန်အကြာကြီး တွေဝေသွားသည်။ သူပြောတာတွေက မှန်နေသည်ဆိုတော့ ဘုရင့်မျက်နှာကို မျက်ခုံးလေးတွန့်ပြီး ကြည့်လိုက်သည်။

ဘုရင့်ပုံစံက ကြင်ယာနဲ့ လက်ထပ်ရမှာကို ဘာမှမခံစားရသလိုပါပဲလား။ သူ့ပုံစံကြည့်ရတာ အေးဆေးသက်သာရှိလိုက်တာ။ ကိုယ် မချစ်တဲ့သူနဲ့ လက်ထပ်ပြီး တစ်မိုးအောက်ထဲ အတူနေရမှာကို လုံးဝစိတ်မပူသည့် ပုံစံမျိုး။

"ရှင် မမမာန်ကို ဘယ်လိုလုပ်မှာလဲ"

"ဘာလုပ်စေချင်လို့လဲ"

ဒီလိုဆိုပြန်တော့လည်း ဘုရင့်အမေးစကားကို ကြင်ယာမဖြေတတ်။

"ခေါင်းအလေးခံပြီး သူများအကြောင်းတွေ လျှောက်တွေးမနေနဲ့ ကြင်ယာ၊ ကိုယ့်အကြောင်း ကိုယ်ပဲတွေး"

"ကိုယ့်အကြောင်း ကိုယ်တွေးဆိုရင်တော့ ရှင့်ကို ကြင်ယာ လက်ထပ်မယ်၊ ဒါပေမယ့် တကယ်လက်ထပ်တာ မဟုတ်ဘူးနော်၊ ဟန်ဆောင်လက်ထပ်မှာ၊ အဲဒါကလည်း လူကြီး



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေဆန္ဒကို လွန်ဆန်လို့မရတဲ့ အခြေအနေကြောင့်"

"ဘယ်လိုလဲ၊ ကြင်ယာပြောတာကို ရှင်နားလည်ပါတယ်နော်"

ကြင်ယာနှင့်ဘုရင် အကြည့်ချင်း ဆုံသွားသည်။ ပြောသည့်လူက လွယ်လွယ်လေး ပြောသွားသည်။ သူမပြောသည့်အတိုင်း မလိုက်နာနိုင်သည့် ဘုရင့်နှလုံးသားထဲက အချစ်ပုံရိပ်တွေကို သူမသိအောင် ဘယ်လိုပြောရမှန်းမသိ။

သူဖွင့်ပြောလိုက်မှ အခြေအနေတွေ ပိုဆိုးပြီး ဆူဆူညံညံ ပြဿနာတွေ ရှုပ်ထွေးကာ လက်ထပ်ပွဲ မကျင်းပဖြစ်လိုက်မှာကို တွေးပြီး ဘုရင့်ရင်ထဲက ချစ်စကားတွေကို မြိုသိပ်လိုက်သည်။

"နားလည်သလိုလိုပဲ"

"ရှင်နော်...လူကို ဘာအကြောင်းကြောင် လုပ်နေတာလဲ၊ ကြင်ယာ ပြောတဲ့စကား နားမထောင်နိုင်ရင် အခု ဒီမင်္ဂလာပွဲကို ကြင်ယာဘက်ကစပြီး ဖျက်တယ်"

"ဟိတ်...မဟုတ်တာတွေ လျှောက်မပြောရဘူးလေ"

"ဒါဆို ရှင် ကတိပေးပေါ့"

"ကောင်းပြီ၊ ကြင်ယာ ပြောတဲ့အတိုင်းပဲ၊ အိုကေနော်"

"အင်း"





ကြင်ယာတော် မျက်နှာလှလှလေး ကျေနပ်စွာ ပြုံးသွားတာကိုကြည့်ပြီး ဘုရင့်ရင်ထဲ ပြည့်သိပ်လာသော ချစ်ခြင်းမေတ္တာတွေကို ကြင်ယာမသိ။

ချစ်တယ် ကြင်ယာရယ်။

ကိုယ့်ရင်ထဲက စစ်မှန်တဲ့အချစ်ကို တစ်နေ့ ကြင်ယာကိုယ်တိုင် သိလာရင်။

ဘုရင်နှင့် ကြင်ယာတို့ မင်္ဂလာပွဲက အောင်မြင်စွာ ပြီးဆုံးသွားသည်။ အားလုံးက နေနဲ့လလို လိုက်ဖက်ညီသော ကြင်ယာတော်တို့စုံတွဲကို အားကျချီးမွမ်းသံတွေ အများကြီးထဲမှာ မမမာန်တော့ မပါ။

ဘုရင့်အတွက် မင်္ဂလာလက်ဖွဲ့ ပို့လိုက်ပေမယ့် လူကရောက်မလာ။ ကြင်ယာတော်တို့နှစ်ယောက်က ကိုယ့်အစီအစဉ်နဲ့ ကိုယ်မို့ ဘယ်မိဘနဲ့မှ မနေဘဲ ကိုယ့်အိမ်နှင့်ကိုယ် သီးသန့်နေကြသည်။ ဒါမှ သူတို့အကြောင်း တခြားဘယ်သူမှ မသိမှာမဟုတ်လား။

မင်္ဂလာဦးအိပ်ခန်းကြီးထဲမှာ ကြင်ယာနေပြီး ဘုရင်က သူ့ဘာသာ သီးသန့်တစ်ခန်းနေဖို့ အားလုံး ပြင်ဆင်ထားပြီးသားမို့ ကြင်ယာစိတ်ထဲ လွတ်လပ်ပေါ့ပါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဖြစ်ချင်တာ ဖြစ်ခွင့်ရတာကို ကျေနပ်စွာ မင်္ဂလာလက်ဖွဲ့တွေကို ပျော်ရွှင်စွာ ဖွင့်ဖောက်ပြီး တစ်ခုစီ ကြည့်နေချိန်မှာ ဘုရင်က ကြင်ယာတော်နား ရောက်လာ၏။

"ကြည့်စမ်း...ဘုရင်၊ ဒီမှာ ကျောက်စိမ်းနီးကြားလေး လှတယ်နော်"

"အင်း"

ဘုရင့်အသံက စိတ်ပါသလိုလို မပါသလိုလို အေးစက်စက်။ ကြင်ယာက ဘုရင့်မျက်နှာကို တစ်ချက်စွေစောင်းကြည့်ပြီး သူမလက်ထဲက လက်ဖွဲ့ထုပ်ကို ဆက်ဖောက်သည်။

"ဟင်"

ဒီတစ်ခါ ကြင်ယာလက်ထဲ ရောက်လာသည့် လက်ဖွဲ့က တစ်မျိုးထူးခြားနေ၍ ကြင်ယာ မျက်ခုံးလေးတွန့်သွားပြီး လက်ဖွဲ့သူအမည်ကို ကြည့်လိုက်၏။

မမမာန်ဆိုပါလား။

ထိုအမည်ကိုမြင်မှ ကြင်ယာလက်ထဲက လက်ဖွဲ့ကိုကြည့်ပြီး သဘောပေါက်သွားသည်။ မမမာန်လက်ဖွဲ့အဖြစ် ပေးပို့လိုက်သည့် ပစ္စည်းလေးက တခြားပစ္စည်းမဟုတ်။ အနီရဲရဲ အသည်းနှလုံးလေး တစ်စစီကွဲကြေနေသည့်ပုံ။ သဘောကတော့ ဘုရင်က





ကြင်ယာတော်နှင့် လက်ထပ်လိုက်တဲ့အတွက် မမမာန် နှလုံးသားတွေ တစ်စစီ ကွဲကြေနေသည်ပေါ့။ ဒီလိုလား။

"အဟွန်း"

ကြင်ယာ သဘောကျစွာ တစ်ချက်ရယ်လိုက်ပြီး သူ့လက်ထဲက ဗူးပြားလေးကို ဘုရင့်လက်ထဲ ထည့်ပေးလိုက်သည်။

"ရော့"

"ဘာလဲ"

"ရှင့်ရည်းစား မမမာန်ရဲ့ လက်ဖွဲ့"

ကြင်ယာ့စကားကြောင့် ဘုရင် မျက်ခုံးတွန့်သွားသည်။ မမမာန်ကို ကြင်ယာက ဘုရင့်ရည်းစားဟု ထင်နေသည်။ တကယ့်အဖြစ်မှန်က ကြင်ယာတော် ထင်သလိုမဟုတ်။ မမမာန်နှင့်ဘုရင်နဲ့ ဘာမှမဆိုင်။

မမမာန်ဘက်က ဘုရင့်အပေါ်မှာ တစ်ဖက်သတ် စိတ်ဝင်စားနေခဲ့တာ ဘုရင် သိသည်။ သိ၍လည်း ဘုရင်က သူ့ဘက်က မှန်အောင်နေခဲ့သည်။ ဒါကိုပဲ မမမာန်က ဘာအဓိပ္ပာယ်နှင့် ဒီလို လက်ဖွဲ့မျိုး ပို့ပေးလိုက်သည်မသိ။

သူ့လက်ထဲက ပတ္တမြားဖြင့် ရဲရဲတောက် စီခြယ်ထားသည့် အသည်းပုံလက်ဖွဲ့ကို ပြန်ပိတ်လိုက်ပြီး ဘေးကိုချထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားတာလဲ ဘုရင်၊ ရှင်ပါ ဒေါ်မမမာန်နဲ့ အတူရောပြီး အသည်းကွဲသွားပြီလား"

ဘုရင်က ဘာမှမပြော ငြိမ်နေတော့ ကြင်ယာက ဆက်ပြောသည်။

"ဒီလိုတွေ ဖြစ်လာမှာစိုးလို့ ကြင်ယာက ပြဿနာတွေ အစောကြီးထဲက ကြိုရှင်းထားပြီးသား ဘုရင်၊ ရှင်နဲ့ကြင်ယာ ဟန်ဆောင်လက်ထပ်ထားတာ ရှင့်ဒေါ်မမမာန်ကို ဖွင့်ပြောလိုက်"

"ပြီးတော့ ရှင့်ကို ကြင်ယာ ကွာရှင်းပေးမယ်၊ အချိန်နည်းနည်းစောင့်၊ ပြီးမှ ရှင်နဲ့ ဒေါ်မမမာန် လက်ထပ်၊ ဒါဆို ပြီးပြီမဟုတ်လား"

"မပြီးဘူး"

"ဟင်"

ကြင်ယာက သူမပြောသည့်စကားကို ဘုရင့်ဘက်က အလွယ်တကူ လက်ခံသဘောတူလိမ့်မည်ဟု ထင်ထားခဲ့သူဖြစ်ရာ အခုလို ဘုရင်ဘက်က တုံ့ပြန်လာတော့ အံ့သြသွားသည်။

"ရှင်ဘာပြောတာလဲ၊ ကြင်ယာပြောတာ သဘောမတူလို့လား"

"ဟုတ်တယ်"





"ရှင်က ဘာကို သဘောမတူတာလဲ ဘုရင်၊ အခု ရှင့်ကို ကြင်ယာ ပြောနေတဲ့စကားထဲမှာ ဘာတွေများ မကျေနပ်စရာပါလို့လဲ"

"အားလုံးပဲ"

"ဘယ်လို…ရှင်ပြောတာ ကြင်ယာ ဘာမှနားမလည်တော့ဘူး၊ ရှင်က ကြင်ယာ ပြောသမျှအားလုံး မကျေနပ်ဘူးဆိုတော့ ရှင်ကျေနပ်အောင် ကြင်ယာက ဘာလုပ်ပေးရမှာလဲ"

ကြင်ယာ့အမေးစကားကို ဘုရင်က ဘာမှမပြော။ သူ့ဘာသာ လက်ဖွဲ့ထုပ်တွေ ဆက်ဖောက်နေ၍ ကြင်ယာ့ရင်ထဲ ဖျင်းခနဲဖြစ်သွားကာ ဘုရင်လုပ်နေပုံကို ဒေါသဖြစ်လာ၏။

"ဒီမှာ ရှင့်ကို ကြင်ယာ မေးနေတာ မကြားဘူးလား"

"ကြားတယ်"

"ကြားရင် မေးတာဖြေလေ၊ ရှင်ကျေနပ်အောင် ကြင်ယာ ဘာလုပ်ပေးရမှာလဲ၊ ဒေါ်မမမာန်ကို ကြင်ယာကိုယ်တိုင် လိုက်ပြီး ရှင်းပြစေချင်လို့လား"

ပြောရင်း ကြင်ယာ့အသံက တုန်လာ၏။ ကြင်ယာဘက်က အဲဒီလောက်အထိတော့ အောက်ကျနောက်ကျ မခံဟု စိတ်ထဲက ကြိတ်ဆုံးဖြတ်ထားချိန်မှာ ဘုရင်က သူမကို လှည့်မကြည့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက မင်းကို အဲဒီလိုလုပ်ပေးပါလို့ ပြောနေလို့လဲ"

"ဒါဖြင့် ရှင်ဖြစ်ချင်တာ ဘာလဲ"

"ဘာမှကိုမဖြစ်ချင်တာ"

"ဟင်"

ဘုရင့်ဘေးတိုက်မျက်နှာကို ကြည့်ရင်း ကြင်ယာ့ရင်ထဲ နည်းနည်းတော့ ပေါ့သွားသည်။ ဘုရင်နဲ့ကြင်ယာဆိုတာ ဘယ်တုန်းက တည့်ဘူးလို့လဲ။ တစ်မိုးအောက်ထဲ နှစ်ယောက်အတူ ရှိနေခဲ့ကြရတာကိုက ကံတရားကြောင့်လို့ တွေးမိတော့ ကြင်ယာ့မျက်နှာမှာ အပြုံးတစ်ခု လက်ခနဲ ဖြစ်သွား၏။

"ဒါဆိုလည်း ပြီးရော၊ ကြင်ယာ့ဘက်ကတော့ အချိန်မရွေးဘဲ"

"ဘာကိုလဲ"

"အယ်"

ကိုယ့်ဘာသာ စကားမှားသွား၍ ခစ်ခနဲ ရယ်မိမလိုဖြစ်သွားပြီးမှ မျက်နှာကို ခပ်တင်းတင်းလေး ပြန်ပြင်လိုက်ကာ…

"ရှင်နဲ့ ကွာရှင်းဖို့ပြောတာ"

"ဘယ်သူက ကွာရှင်းမယ် ပြောနေလို့လဲ"

ဦး : ဦး : ၈၁၈ပ



"ရှင်နော်"

"တစ်ခုလပ်၊ တစ်လင်ကွာဆိုတဲ့ နာမည်ကို မင်းတော်တော်ကြိုက်တယ်ထင်တယ်"

"ဘာကိစ္စ ကြင်ယာက ကြိုက်ရမှာလဲရှင့်"

"ကိုယ်လည်း မကြိုက်ဘူး"

ဒါက ဘာစကားလဲ။

ခေတ်သစ်ရည်းစား စကားလား။

မဟုတ်သေးပါဘူး။ ထိုအတွေးကို ကြင်ယာ့ခေါင်းထဲက ချက်ချင်းမောင်းထုတ်ပစ်လိုက်သည်။

"ကြင်ယာ…သွားအိပ်တော့မယ်"

"နေဦး"

ပြောပြောဆိုဆို ဘုရင့်နားက ကြင်ယာ ထလိုက်တော့ သူက ကြင်ယာကိုလည်း တားသည်။

"ဘာပြောမလို့လဲ"

ဘုရင်က ညဝတ်စုံ ပန်းနုရောင်လေးနှင့် လှချင်တိုင်းလှနေသော ကြင်ယာ့မျက်နှာလေးကို ဘာမှမပြောဘဲ အကြာကြီး စူးစိုက်ကြည့်နေတော့ ကြင်ယာ့ပါးပြင်တွေ ဖြန်းခနဲ ပူနွေးသွားသည်။

ဦး : ဦး : ၈၁၈ပ

www.burmeseclassic.com

www.burmeseclassic.com



လူကိုခေါ်ပြီး ဘာစကားတစ်ခွန်းမှ မပြောဘဲ ကြည့်နေတော့ အနေရခက်ခက်နှင့် ဒေါသလည်း ဖြစ်လာ၏။

"ဘာမှပြောစရာမရှိရင် သွားတော့မယ်"

"ချစ်တယ်"

"အို"

ကြင်ယာ သူ့ကိုကျောခိုင်းပြီး လှည့်အထွက်မှာ တိုးတိတ်သော စကားတစ်ခွန်းက ကြင်ယာ့နောက်ပါးမှာ နူးညံ့သိမ်မွေ့စွာ လိုက်ပါလာ၍ ကြင်ယာ့ကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။

ချစ်တယ်…တဲ့။

ကြင်ယာ နားကြားမှားတာပဲ ဖြစ်ပါစေ။

နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ သူမအခန်းရှိရာသို့ ကြင်ယာ့ကိုယ်ကြင်ယာ ဘယ်လိုပုံစံနှင့် ပြန်ရောက်လာမှန်းမသိ။

ဘုရင်…ရှင် ကြင်ယာ့ကို။

အို…မဟုတ်ဘူး။

ဖြူဖွေးအုသော ခေါင်းအုံးလေးထက်သို့ အနီရင့်ရင့် မျက်နှာလေးကို ထိုးအပ်ကွယ်နစ်ပစ်ရတာ ဘယ်သူ့ကြောင့်လဲ။

ရှင့်ကို ကြင်ယာ မုန်းတယ် ဘုရင်။

◆ ◆ ◆



## အခန်း (၃၀)

"မင်းတို့ဥစ္စာက မဟုတ်သေးပါဘူး ဘုရင်ရာ၊ လက်ထပ်ပြီးမှ အတူမနေဘဲ တစ်ခန်းစီ ခွဲနေတယ်ဆိုတာ လုံးဝမဖြစ်သင့်တာ"

သူတို့အကြောင်း သိသွားသည့် မျိုးကျော်က ဘုရင့်ကို နားမလည်ပေမယ့် ဘုရင်က အပြုံးမပျက်။ ဒီကိစ္စ သူနဲ့ဘာမှမဆိုင်သလို ခပ်အေးအေး လုပ်နေတာကို ဝေယံက အသည်းယားနေ၏။

"အေးလေ…မင်းက အစထဲက ကြင်ယာတော်ကို ကြည့်ရတဲ့လူမှ မဟုတ်ဘဲ၊ ပြီးတော့ လက်ထပ်ခဲ့တယ်ဆိုတာကလည်း ဘယ်လိုမှ ငြင်းလို့မရတဲ့ အခြေအနေကြောင့်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရင်ထဲမှာ တကယ်ရှိနေတာ ဒေါ်မမမာန်ပဲ မဟုတ်လား ဘုရင်"

"သိပြီးတော့ မင်းက ဘာလုပ်မလို့လဲ"

ဝေယံမေးတာကို မဖြေဘဲ ဘုရင်က ပြန်မေးလိုက်တော့ ဝေယံက ခေါင်းတညိတ်ညိတ်နှင့်…

"လုံးဝသေချာတယ် မျိုးကျော်၊ ဘုရင့်ရင်ထဲမှာ ရှိနေတာက တစ်ယောက်၊ ဘုရင့်နားမှာ ရှိနေတာက တစ်ယောက်၊ ဒီလိုမဟုတ်လား"

"တော်စမ်းပါကွာ၊ မင်းတို့ သောက်စရာရှိတာ သောက်စမ်းပါ၊ နောက်တော့ ငါ့ရင်ထဲ တကယ်ရှိနေတာ ဘယ်သူဆိုတာ သူ့အလိုလို မင်းတို့သိလာလိမ့်မယ်"

"ကဲ…သောက်ကြ"

စကားများချင်နေသည့် လူတွေကို တခြားအကြောင်းပြော၍ စကားလမ်းကြောင်း လွှဲပစ်လိုက်သည်။ သူနဲ့ကြင်ယာတစ်ယောက်တစ်နေရာ ဖြစ်နေသည့်အကြောင်း ဝေယံနှင့် မျိုးကျော် ဘုရင့်အိမ်ကို လာရင်းက ဘယ်လိုရိပ်မိကြမှန်းမသိ။

နောက်ဆုံး ထိုနှစ်ယောက်ကို ဝန်ခံ၍ မဖြစ်တော့မှ ဝန်ခံ





လိုက်ရာက အခုစကားဝိုင်း ပေါ်ပေါက်ခြင်းဖြစ်သည်။

တစ်မိုးအောက်ထဲမှာ နှစ်ယောက်အတူ ရှိနေပေမယ့် အခုချိန်ထိ နှစ်ယောက်စလုံး ကိုယ့်အခန်းနှင့်ကိုယ် နေကြဆဲ။ ကြင်ယာက အိမ်ရှင်မတစ်ယောက်ရဲ့တာဝန် ကျေပွန်စွာတာဝန်ယူတော့ ဘုရင်ကလည်း သူမနှင့်အတူ ဘာပဲလုပ်လုပ် ဝိုင်းကူပေးသည်။ ပြင်ဆင်ပေးသည်။

ထမင်းအတူစားသည်။ ကော်ဖီအတူသောက်သည်။ အပြင်အတူသွားသည်။

ညဘက်ကြတော့ ကြင်ယာက သူမအခန်းထဲ စောစီးစွာဝင်သွားကာ အခန်းတံခါးပိတ်လိုက်၍ အပြင်မှာ ဘုရင်တစ်ယောက်တည်း ယောင်ချာချာ ကျန်ခဲ့သည်။

တခြား ဘာပြဿနာမှမရှိ။

အားလုံး ငြိမ်းချမ်းနေသည်။

သာယာနေသည်။ ဘုရင်စိတ်ထဲမှာ ချစ်သူနဲ့အတူ ရှိနေရတာကို ကျေနပ်သလို ကြည်နူးချမ်းမြေ့နေသည်။

ကြင်ယာကို ချစ်သည်။ မြတ်နိုးသည်ဆိုပေမယ့် သူမအချစ်ကို သူ့စိတ် သူ့ဆန္ဒ သူ့သဘောတစ်ခုတည်းနှင့် ရယူသိမ်းပိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုသူ မဟုတ်။ ကြင်ယာတော်ကိုယ်တိုင် သူ့ကိုချစ်လာသည့် အချိန်အထိ။ သူမထံမှ အချစ်ကို ချစ်ခြင်းဖြင့် နူးညံ့သိမ်မွေ့စွာ မြတ်မြတ်နိုးနိုး ထွေးပွေ့ရယူ ခံစားချင်သူဖြစ်သည်။

ဒါကြောင့်လည်း ကြင်ယာကို သူမသဘောအတိုင်း နေခွင့်ပြုထားခြင်းမှာ ကြင်ယာကို ချစ်၍ မြတ်နိုး၍ အလိုလိုက်ထားခြင်းဆိုတာ သူပဲသိသည်။

ဘုရင် အိမ်ကိုပြန်လာတော့ မိုးချုပ်နေပြီ။ ကြင်ယာက သူပြန်လာသည်အထိ စောင့်ပြီးမှ…

"မိုးချုပ်လှချည်လား"

"အင်း…သူငယ်ချင်းတွေနဲ့ တွေ့နေလို့"

"ဟင်…ရှင် အရက်တွေသောက်လာတယ်"

"နည်းနည်းပါ၊ သူတို့က ဖွတ်တိုက်တာနဲ့"

အရက်သောက်လာသော ဘုရင်ကိုကြည့်ပြီး ကြင်ယာ့မျက်နှာပေါ်က အပြုံးလေး ချက်ချင်းပျောက်သွားကာ နောက်ကိုလည်း ခြေလှမ်းလေးတွေ မသိမသာ ဆုတ်သွား၏။

"နောက်ကို အရက်မသောက်ပါနဲ့၊ အရက်သောက်တဲ့လူနဲ့ ကြင်ယာ အတူမနေနိုင်ဘူး"

"ဆောရီး"





မျက်နှာမှုန်မှုန်လေးနှင့် သူ့ကို ကျောခိုင်းသွားသည့် ကြင်ယာကို ကြည့်ပြီး ဘုရင် သက်ပြင်းချလိုက်သည်။

ဒီလိုပုံစံနဲ့ သူတို့ ဘယ်အချိန်အထိ ရှေ့ခရီးကို ဆက်ရမှာလဲ။

ချစ်တယ် ကြင်ယာရယ်။

မင်းသာ ကိုယ့်အနားမှာ ရှိနေရင် ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူ့မျက်နှာလေးကို မြင်ခွင့်ရနေရင်ကိုပဲ ကျေနပ်နေမယ့်သူပါဗျာ။

"တူ…တူ…တူ"

ရီဝေဝေနှင့် အိပ်ရာဆီ လျှောက်သွားရန် ခြေလှမ်းအပြင်မှာ အော်မြည်လာသည့် ဖုန်းသံကြောင့် ဘုရင် ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို"

"ဘုရင်လား…မမမာန်ပါ"

"မမမာန်"

ဘုရင် အံ့ဩသွားသည်။

ဘယ်လိုဖြစ်ပြီး ညကြီးအချိန်မတော် မမ ဖုန်းဆက်ရတာလဲ။

"ကိစ္စရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့၊ မျိုးကျော်နဲ့ မမ တွေ့လို့လေ၊ ဘုရင်နဲ့ ကြင်ယာတော်ကိစ္စက ဘယ်လိုလဲ"

"ဗျာ"

"မင်းတို့နှစ်ယောက် ဟန်ဆောင်လက်ထပ်ထားကြတာကို မျိုးကျော်က ပြောတယ်"

"ဟာ"

"မျိုးကျော်ပြောတာ ဟုတ်လား ဘုရင်"

"အာ···အဲဒါက"

"မျိုးကျော်ပြောတာ ဟုတ်တယ်ပေါ့"

ဘုရင် ဘာပြောရမှန်းမသိ ဖြစ်နေချိန်မှာ မမမာန်ထံမှ ရယ်သံခပ်သဲ့သဲ့ ကြားရသည်။

"ဒါပဲနော် ဘုရင် ဂွတ်နိုက်"

မမမာန်က ဖုန်းချသွားချိန်ထိ ဘုရင့်စိတ်ထဲ မျိုးကျော်ကို မကျေနပ်။ ဒီကောင်က ဘာကိစ္စ သူတို့အကြောင်း မမမာန်ကို သွားပြောရတာလဲ။ တကယ်ဆို သူတို့အိမ်တွင်းရေးကိစ္စ တခြားသူနဲ့ မဆိုင်။ မမမာန်ကိုလည်း ပြောစရာအကြောင်းမရှိ။ ဒါကို မျိုးကျော်က မမမာန်ကို သွားပြောသည်ဆိုတော့ ဘုရင့်စိတ်ထဲ အာရုံတော်တော်နောက်သွားသည်။





နှစ်ဘက်မိဘအစုံအလင်နဲ့ တရားဝင်လက်ထပ်ထားသူ နှစ်ယောက် အတူမနေတာကလွဲပြီး တစ်မိုးအောက်ထဲမှာ အမြဲရှိနေတာ ဟန်ဆောင်လက်ထပ်ထားတာ ဖြစ်နိုင်ပါ့မလား။

စိတ်မောလူမောနှင့် ဘုရင် အိပ်ပျော်သွားသည်မှာ မိုးစင်စင်လင်းသည့်အချိန်အထိ အိပ်ရာက မနိုး။ ကြင်ယာက မနက်စာ ပြင်ဆင်ပြီး ဘုရင့်အခန်းတံခါးကို သွားခေါက်ဖို့ စိတ်ကူးသေးသည်။

နောက်တော့ တစ်ယောက် လွတ်လပ်ခွင့်ကို တစ်ယောက် မထိပါးချင်တာနှင့် ကိုယ့်ဘာသာပဲ သောက်ပြီး ဘုရင့်အတွက် မနက်စာကို အုပ်ဆောင်းနှင့် အုပ်ထားလိုက်သည်။

ဈေးကို သွားစရာမလို။

ရေခဲသေတ္တာထဲမှာ အန်တီလေးက ကြင်ယာတော်အတွက် စားစရာ အစိုအခြောက် အသီးအနှံ သားငါးကအစ စနစ်တကျ ထားသွားသည်။ လိုချင်တာယူပြီး စားချင်တာ ချက်စားရုံဖြစ်သည်။

အိမ်ဖော်မထား၍ ကြင်ယာတစ်ယောက်တည်း ယောင်ချာချာနှင့် နေ့လည် ဘာချက်ရမလဲ စဉ်းစားသည်။ အချက်အပြုတ်ဝါသနာပါပေမယ့် တစ်ယောက်တည်း ဘာမှမချက်ချင်တာနှင့် ကားတစ်စီးနှင့် အပြင်ထွက်ခဲ့သည်။

ညက မမမာန် ဘုရင့်ဆီ ဖုန်းဆက်တာ ကြင်ယာ ကြား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုရင်ကိုယ်တိုင်လည်း အရက်တွေသောက်လာသည်ဆိုတော့ ကြင်ယာရှေ့မှာ မမမာန်အတွက် အသည်းကွဲကြောင်း ပြချင်တာလား။

မဟုတ်သေးပါဘူး။

ဘုရင် ပြောတုန်းက ကြင်ယာကို ချစ်တယ်တဲ့။ ဒါဆို မမမာန်ကရော။ ကြင်ယာ့ခေါင်းထဲမှာ ရှုပ်ထွေးသွားသလို ရင်ထဲမှာလည်း ခံစားချက်ပေါင်းစုံဖြင့် လှုပ်ခတ်သွားသည်။

ဘုရင့်ကို လက်ထပ်ထားပေမယ့် ကြင်ယာနဲ့သူ ဘာမှ မဆိုင်ကြတာ နှစ်ယောက်စလုံး သိနေကြပြီးသားမို့ ကြင်ယာ ခေါင်းကို ဆတ်ခနဲ ခါယမ်းလိုက်သည်။

ဘုရင့်ဘာသာ မမမာန်နဲ့မကလို့ ဘယ်သူနဲ့ပဲ ဖုန်းဆက်ဆက် ကြင်ယာတော်ဆိုတဲ့ သူမနဲ့မဆိုင်။ ခေါင်းလေးခံပြီး ဒါတွေကို တွေးနေလို့ ဘာလုပ်ရမှာလဲဟု စိတ်ကိုဆုံးဖြတ်လိုက်ပြီး ခပ်ပျော်ပျော်နေဖို့ ဆုံးဖြတ်လိုက်၏။

"တူ…တူ…တူ"

ကြင်ယာ့လက်ကိုင်ဖုန်း အသံမြည်လာ၍ ကြည့်လိုက်တော့ ဖုန်းက ဘုရင့်ဖုန်း။

"ဟဲလို"





"အခု ကြင်ယာ ဘယ်မှာလဲ"

"အပြင်မှာပေါ့"

"နေရာကိုပြော၊ ကိုယ်လာခဲ့မယ်"

"ဘာလုပ်ဖို့လဲ"

ကြင်ယာ မျက်ခုံးတွန့်ပြီး မေးလိုက်တော့ တစ်ဖက်က ခပ်သဲ့သဲ့ရယ်သံကို ကြားရသည်။

"ကြင်ယာ့မျက်နှာကို မြင်ချင်လို့"

"ဘာဆိုင်လို့လဲ"

ထိုစကားကို ပြောလိုက်ပေမယ့် ကြင်ယာ့ရင်ထဲ ရှိန်းခနဲ နွေးထွေးလှုပ်ခတ်သွားသည့် အဖြစ်ကိုတော့ ကြင်ယာလည်း မတတ်နိုင်။

"ကြင်ယာ့က ကိုယ့်ဇနီးလေ"

"ရှင့်မမမာန်ကို သွားပြော"

ဘာဖြစ်လို့ မမမာန်နာမည်ကို ထည့်ပြောမိမှန်း မသိ။

"ဟေး…ကိုယ်နဲ့မမက ဘာမှမဆိုင်ဘူးနော်၊ နောက်တစ်ခါ ကိုယ်နဲ့မဆိုင်တဲ့ လူနာမည်ကို ကိုယ်နဲ့ဆိုင်သလို ထည့်ပြောတာ ကိုယ်မကြိုက်ဘူး"

ဘုရင့်လေသံက ဆတ်ဆတ်ထိမခံတဲ့ အသံ။ မမမာန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမဆိုင်ဘူးဆိုတာ ကြင်ယာတော့ မယုံပါ။ ညကတောင် ဘုရင့်ဆီကို မမမာန် ဖုန်းဆက်တာ ကြင်ယာ ကြားခဲ့ရသေးသည်။

"ကဲ…ပြော၊ လူကို ဖုန်းဆက်ပြီး ဘာပြောမလို့လဲ"

"နောက်တစ်ခါ ကိုယ့်ကို တစ်ယောက်တည်း မထားခဲ့နဲ့၊ ပြီးတော့ ကိုယ်မပါဘဲနဲ့ ကြင်ယာတစ်ယောက်တည်း ဘယ်ကိုမှ မသွားနဲ့"

"ဟွန်း…အပိုတွေ"

"ကိုယ်တကယ်ပြောနေတာကွ"

"ကြင်ယာ ဖုန်းချလိုက်တော့မယ်"

"ဟိတ်…နေဦး"

ကြင်ယာက ဘုရင့်စကားကို နားမထောင်ဘဲ ဖုန်းကို ပိတ်ပစ်လိုက်သည်။ ကားကို ခြေဦးတည့်ရာ လျှောက်မောင်းနေပေမယ့် စိတ်ထဲမှာ ဟင်းလင်းပြင်လို ဖြစ်နေ၏။ အိမ်ကိုပြန်ဖို့ စိတ်မကူး။ တစ်နေ့လုံး အပြင်မှာနေပြီးမှ ညအိပ်ရုံအိမ်ပြန်မည်ဟု ဆုံးဖြတ်သည်။

ဒါမှ ဘုရင်နှင့် မျက်နှာချင်းမဆိုင်ရမှာ မဟုတ်လား။ သူငယ်ချင်းတွေအိမ်ကို သွားတော့ သူတို့က ကြင်ယာကို ယောက်ျားနှင့် စိတ်ဆိုးစိတ်ကောက်လာသည်ဟု ထင်နေ၏။





ကြင်ယာက ဘာဖြေရှင်းချက်မှ မထုတ်ဘဲ ပြုံးနေလိုက်သည်။ မိုးချုပ်မှ အိမ်ကိုပြန်ခဲ့ပေမယ့် ကြင်ယာ ဖုန်းကိုတော့ စက်ပိတ်ထား၍ ဘယ်သူမှ ဆက်သွယ်ခွင့်မရ။ အားလုံး ကြင်ယာကို စိတ်ပူနေကြမှာသိပေမယ့် တစ်ခါတလေ ဒီလိုနေရတာကို ကြိုက်သည်။

"ဟင်"

စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှာ မြင်လိုက်ရသည့် ဘုရင့်ကားကြောင့် ကြင်ယာ သူ့မကားလေးကို စက်ရှိန်လျှော့ပြီးအကြည့် ဒေါ်မမမာန်ပါလား။

ဘုရင်နှင့် ဒေါ်မမမာန်တို့နှစ်ယောက်က ရယ်မောမပျက်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားဆိုနေကြပုံက ကြင်ယာ့ရင်ကို အရှိန်ပြင်းပြင်း လာဆောင့်သည်။

ပြောတော့ဖြင့် ဒေါ်မမမာန်နှင့် သူက ဘာမှမဆိုင်ပါဘူးတဲ့။ ကြင်ယာ့ရင်ထဲ တင်းခနဲဖြစ်သွားကာ ကားအရှိန်ကို ထပ်အမြှင့် တစ်ဖက်မှ ပြေးဝင်လာသော စည်းကမ်းမဲ့ကားတစ်စီးကြောင့် ကားဘရိတ်ကို တအားဖိနင်းလိုက်ရ၏။

"ကျွီး"

"ကျွီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ကြင်ယာ"

ကားနှစ်စီးလုံး အရှိန်ပြင်းပြင်း ဘရိတ်အုပ်သံကြောင့် အားလုံးအကြည့်တွေက ကြင်ယာတော်တို့ရှိရာ စုပြုံရောက်လာ၍ ဒေါ်မမမာန်ရော ဘုရင်ပါ ကြင်ယာတော်ကို မြင်သွားကြသည်။

"ကြင်ယာ…ကြင်ယာတော်"

ဘုရင်က ကြင်ယာ့ကားရှိရာကို ပြေးလာ၏။ ကြင်ယာက ဒါကိုဂရုမစိုက်။ ဘုရင် ပြေးလာတာကို ကြည့်ပြီး ကားကို ထိုနေရာက ခပ်ကြမ်းကြမ်းပင် ကွေ့ပတ်မောင်းထွက်ခဲ့သည်။

"ကြင်ယာ…နေဦးလေ"

ဘုရင် တားပေမယ့် ကြင်ယာက လှည့်မကြည့်။ ဘုရင် ဒေါ်မမမာန်ကို နှုတ်မဆက်နိုင်ဘဲ ရပ်ထားသည့် သူ့ကားပေါ် ပြေးတက်ကာ ကြင်ယာကားနောက်က လိုက်ခဲ့သည်။ သူ့ကို ဒေါ်မမမာန်နှင့် ကြင်ယာ အထင်လွဲသွားတာကို သူနားလည်သည်။ အဖြစ်က ကြင်ယာ ထင်သလိုမဟုတ်။ ဖုန်းကို စက်ပိတ်ပြီး ဘာအဆက်အသွယ်မှ မလုပ်ဘဲ သူ့ကိုပစ်ထားသော ကြင်ယာကို နေရာအနှံ့လိုက်ရှာရင်း ဗိုက်ဆာတာနှင့် စားသောက်ဆိုင်တစ်ခုမှာ ဝင်အစား ဒေါ်မမမာန်နှင့် တွေ့ခြင်းဖြစ်သည်။

ဒေါ်မမမာန်က ဘုရင့်အပေါ်မှာ တစ်ဖက်သတ် မေတ္တာရှိ





နေတာကို ဘုရင် သိသည်။ သူကိုယ်တိုင်လည်း ကြင်ယာတော်ကို ကြည့်မရတုန်းက ဒေါ်မမမာန်အပေါ်မှာ ဘာလိုလိုဖြစ်ခဲ့တာ ဝန်ခံသည်။

အခုချိန်မှာတော့ ဘုရင်ချစ်တာက ကြင်ယာတော် တစ်ယောက်တည်း။ ကြင်ယာကိုပဲ ချစ်သည်။ မြတ်နိုးသည်။ မခွဲနိုင်၍ လက်ထပ်ထားသည်။ သိပ်ချစ်လွန်း၍ အလိုလိုက်ထားသည်။ ဒါကို မျိုးကျော်က ဒေါ်မမမာန်ကို သွားပြောသည့်အတွက် ဒေါ်မမမာန်က ဘုရင့်ကို သူ့ဆီပြန်လာစေချင်သည်။

ကြင်ယာကလည်း ဘုရင့်ကို အထင်လွဲသည်။ အိမ်ကို ပြန်ရောက်တော့ ကြင်ယာ့ကားကိုသာ တွေ့ရပြီး လူကိုမတွေ့ရ။ ဘုရင် သူ့ကားပေါ်က ဆင်းပြီး ခြေလှမ်းကျဲကြီးတွေနှင့် ကြင်ယာ ရှိမည့် အပေါ်ထပ်ကို ပြေးတက်ခဲ့သည်။

ကြင်ယာ့အိပ်ခန်းတံခါးရှေ့မှာ ရပ်ပြီး သူမအမည်ကို ခေါ်လိုက်၏။

"ကြင်ယာ"

ဘုရင် ခေါ်ပေမယ့် ကြင်ယာ့ထံမှ ဘာသံမှ မကြားရ။ အိပ်ခန်းတံခါးကို တွန်းကြည့်လိုက်တော့ အလွယ်တကူ ပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဘာလုပ်တာလဲ ကြင်ယာ"

"မြင်တဲ့အတိုင်းပဲ"

ကြင်ယာက ဘုရင်ကို လှည့်မကြည့်။

သူမအဝတ်တွေကို သေတ္တာတစ်လုံးထဲ စုထည့်နေ၍ ဘုရင် သူမနား ရောက်သွား၏။

"မင်း ဘယ်ကိုမှ မသွားရဘူး ကြင်ယာ"

"သွားတော့ ဘာဖြစ်လဲ၊ အစထဲက ရှင်နဲ့ကြင်ယာ ဘာမှ ဆိုင်တာမဟုတ်ဘူး၊ ရှင့်ဘာသာ ဒေါ်မမမာန်နဲ့ ပျော်သလိုနေခဲ့၊ ကြင်ယာ့ကို ဘာမှဆရာလုပ်စရာ မလိုဘူး"

"ကိုယ်နဲ့ ဒေါ်မမမာန် ဘာမှမဆိုင်ဘူးကွာ၊ ဘာကိစ္စ ကိုယ်က သူနဲ့ပျော်ရမှာလဲ"

"အို…ဆိုင်ဆိုင် မဆိုင်ဆိုင် အဲဒါတွေ ကြင်ယာ စိတ်မဝင်စားဘူး၊ ကြင်ယာ့ရှေ့က ရှင် ဖယ်"

"မဖယ်ဘူး၊ မင်းဟာ ကိုယ့်မိန်းမ၊ ကိုယ့်ဇနီး၊ ကိုယ် ခွင့်မပြုဘဲ ဘယ်မှမသွားရဘူး"

"ဟင်"

ဘုရင်ထံမှ ပိုင်စိုးပိုင်နင်းစကားတွေနှင့် ကြင်ယာကို ဗိုလ်ကျလာ၍ ဒေါ်မမမာန်နှင့် အပြင်မှာ ပျော်လာခဲ့ပြီးမှ ကြင်ယာကို





ရန်လုပ်တာကို ဒေါသဖြစ်သွား၏။

"ရှင် မဆိုင်တာတွေ မပြောနဲ့နော်၊ ကြင်ယာနဲ့ရှင် လက်ထပ်ထားတာ ဟန်ဆောင်ရုံပဲ"

"ကိုယ့်ဘက်ကတော့ ဘယ်တုန်းကမှ ဟန်မဆောင်ခဲ့ဘူး ကြင်ယာ၊ ကိုယ် မင်းကို လက်ထပ်ခဲ့တာ တကယ်ချစ်လို့၊ တကယ် မြတ်နိုးလို့ လက်ထပ်ခဲ့တာ"

"ကြင်ယာကို ကိုယ်ချစ်တယ်"

"သိပ်ချစ်တယ်၊ ကြင်ယာရယ်"

"ရှင်နော်…အို မဟုတ်ဘူး"

"ဟုတ်လိုက်ပါ ကြင်ယာရယ်"

"အို…အို"

ကြင်ယာထံမှ ဘာစကားမှ ဆိုခွင့်မရတော့။ သိပ်သည်းစွာ ပြုံဆင်းလာသည့် ဘုရင့်ထံမှ ချစ်အနမ်းများကို ရှောင်ဖယ်ရင်း ဘုရင့်ကိုယ်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်ပေမယ့် မရ။ ဘုရင့်ထံမှ ကြွေဆင်းလာသည့် ချစ်အနမ်းတွေက သူမမျက်ခွံပြေပြေလေးမှတစ်ဆင့် ပါးပြင်တွေဆီ ဖြတ်တိုက်ရင်း နှုတ်ခမ်းအစုံမှာ ပျားရည်မြစ်တစ်စင်း ဖြစ်ထွန်းသည်။ အနမ်းမြစ်ထဲ မေ့မေ့မူးမူး ကူးခတ်ရင်း မချစ်တတ်ခဲ့သော နှလုံးသားရင်ပြင်မှာ ရင်ခုန်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်သွားစေသူကို ဘယ်လို ပြစ်တင်စကားမှ မဆိုနိုင်ခင် ကြင်ယာ့ကိုယ်လေးကို သန်မာသော လက်အစုံက ကလေးပေါက်စလေးတစ်ယောက်လို ဆွဲယူချီမလိုက်လျှင် အသည်းထဲ အေးခနဲဖိုလှပ်သွားကာ မျက်ဝန်းအစုံကို မှေးမှိတ်ပစ်လိုက်ရ၏။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

ဝို:ဝို:၈၁၆ပ

BURMESE CLASSIC .com

www.burmeseclassic.com